
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နှိုက်ကိုင်းငင်

## မင်းလေးက ငါ့ရဲ့နှောင်ကြိုး

စာမူခွင့်ပြုချက်အမှတ် - ၅၅၇/၂၀၀၄ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၄၃/၂၀၀၄ (၆)

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၁၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC

win win san

ဇော်ဇေကျော်လှိုင်

# နှိုက်ကိုင်းငင်

## မင်းလေးကငါ့ရဲ့နှောင်ကြိုး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





## အခန်း (၁)

စောဖေကို ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ။

ဒေါ်ကျော့ကျော့စံ ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ညွှတ်ကွင်းထဲ လည်စင်းပြီး ဝင်လိမ့်မယ်လို့ လုံးဝမထင်နဲ့။

သိတာပေါ့။

စောဖေပဲ ... ။

နောကျေနေပြီ။

"ကိုစောဖေ ... ရှင့်ကို ကျွန်မတွေ့ချင်တယ် ... ရှင်က ကောင်မလေးတွေနဲ့နေတာ ဝါသနာပါတယ်ဆိုတော့ ... ကောင်းကင်ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ် ..."

ကောင်းကင်တဲ့ ...

ဒေါ်ကျော့ကျော့စံ ...

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက အရမ်းကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ။

စောဖေကို ထောင်ချောက်ဆင်လို့ ရမယ်မထင်နဲ့နော် ...

သတိထားနေရသည်။

ထောင်ချောက်ထဲကို မဝင်မိဖို့ပဲ။

မကျော့ကျော့စံ။

တစ်ချိန်က ...

အလွန်တရာ ချောမောလှပတဲ့ မိန်းမကြီးတစ်ယောက်ပဲ။

အခုတော့ ...

ကျဆုံးနေပါပြီ။

ကားအက်စီးဒင့်ဖြစ်ထားတဲ့အတွက် မျက်နှာအလှကို ဖျက်လောက်အောင် ဒဏ်ရာကြီးက ထင်ရှားစွာရှိနေခဲ့သည်။

သူဌေးကြီး တစ်ယောက်ရဲ့ ဒုတိယ မိန်းမဖြစ်ခဲ့သော မကျော့နှကျော့စံသည် ထိုသူဌေးကြီးရဲ့ စွန့်ပစ်ခြင်းကို ခံရပြီးတဲ့နောက် အခြေအနေနိမ့်ကျသွားခဲ့ရ၏။

တိုက်ခန်းတစ်ခန်းပဲ ကျန်ခဲ့၏။

ကျော့ကျော့စံအတွက် ကံဆိုးမိုးမှောင်တွေက ဆက်တိုက်ကျရောက်ခဲ့ရသည်။

ကားအက်စီးဒင့်ဖြစ်၏။

ဒဏ်ရာပြင်းထန်လွန်းသည်။



ယောကျ်ားက စွန့်ပစ်သွား၏။

ငွေကြေးထောက်ပံ့မည့်သူ တစ်ယောက်တလေမှ မရှိတော့။

စီးပွားရေးကလည်း ကျဆင်းနေသည်။

စောဖေကို ပြန်ဆက်သွယ်ခဲ့၏။

အတိတ်ကအကြောင်းတွေကို စောဖေ လုံးဝမေ့နိုင်ပေ။

ကျော့ကျော့စံနဲ့စောဖေ။

ငယ်ရည်းစားတွေ ...

ဘဝကို ရုန်းကန်နေရတဲ့ ဘဝတူ ချစ်သူတွေဖြစ်ကြသည်။

မြို့တက်လာတော့လည်း အတူတူပဲ။

စောဖေက ဘုန်းကြီးကျောင်း တစ်ကျောင်းမှာကပ်နေသည်။

ကျော့ကျော့စံက ရပ်ကွက်လေးမှာနေတဲ့ အဒေါ်ဆီမှာ ကပ်နေရ၏။

နှစ်ယောက်လုံးဘဝကို ရုန်းကန်လှုပ်ရှားနေသည်။

စောဖေ စပယ်ယာအလုပ်ရသည်။

ကျော့ကျော့စံက သူဌေးတစ်ယောက်ရဲ့ ကုမ္ပဏီမှာ သန့်ရှင်းရေး ကောင်မလေးအဖြစ် ဝင်လုပ်ရ၏။

"နင်က အရမ်းချောတယ်စံ ... သန့်ရှင်းရေးအလုပ်နဲ့ ဘယ်တော့မှ မတန်ဘူး ... ကိုယ်ကြိုးစားမယ် စံ ကိုချမ်းချမ်းသာ

www.burmeseclassic.com



သာ ထားနိုင်အောင် ကြိုးစားမယ် ... ”

“ဟင် ... ရှင်က စပယ်ယာ ဘာလုပ်လို့ရမှာလဲ ... ”

“စံ ... ”

“ဟင် ... ”

“လူဆိုတာ အကွက်ကြောင်းတစ်ကွက် မိသွားရင် ထော ပြီ... ”

“စံချမ်းသာချင်တယ် ... ”

“စံက အရမ်းချောတော့ စံအလုပ်က အရမ်းနိမ့်ကျနေရ တယ်ကွာ ... ”

“စံရယ် ... မင်းအတွက်ကိုယ်စိတ်မကောင်းပါဘူး ... မင်း ဘဝအတွက် ကိုယ်ကြိုးစားပြရမယ် ... ”

“ကိုစောဖေ ... ”

“ဟင် ... ”

“ရှင် ... စပယ်ယာအလုပ်နဲ့တော့ ဘယ်တော့မှ နလံထူမှာ မဟုတ်တော့ဘူးထင်တယ် ... ”

“ကိုယ်ဘာလုပ်ရမလဲ စံ ... ”

“ရှင်ယောက်ျားပဲ စဉ်းစားပေါ့[illegible]ခြားငွေရလွယ်တဲ့ ကိစ္စ တွေအများကြီးရှိတာပဲ ... ”

စောဖေစဉ်းစားသည်။

ကျော့ကျော့စံ သန့်ရှင်းရေးလုပ်နေရတာတွေကို စောဖေ မကြည့်ရက်။

အလုပ်လုပ်ရမယ် ...



ဘာလုပ်ရမလဲ။

ငွေရတဲ့အလုပ်ဆိုလျှင် ဘာမဆိုလုပ်ဖို့ စောဖေစဉ်း စားထားမိသည်။

“စောဖေ ... ”

“ဟင် ... ”

“ကျွန်မအကြံတစ်ခုပေးမယ် ... ”

“ပေး ... ”

“ကျွန်မသူဌေးရဲ့ မီးခံသေတ္တာထဲမှာ ငွေတွေအများကြီးရှိ တယ် ... ”

“အဲဒါ ... ”

“ရှင်ဖေါက်ပေါ့ ... အောင်မြင်ရင်တော့ ထောပြီပဲ ... ရှင် အရင်ဆုံးရှောင်တိမ်းသွား ... ကျွန်မကအေးဆေးမှ လိုက် မယ် ... ”

“ဟင် ... ”

စောဖေကြောက်မိသည်။

ထိုပြစ်မှုမျိုးကို တစ်ကြိမ်တစ်ခါမှ ကျူးလွန်ခဲ့ဖူးခြင်း မရှိခဲ့ပေ။

သူများပစ္စည်းကို စောဖေ စိတ်ကူးနှင့်တောင်မပြစ်မှား ခဲ့ဖူးပေ။

မကောင်းမှု ဒုစရိုက်တွေ ဘာမှမလုပ်ခဲ့။

“ကိုစောဖေ ... ”

“ဟင် ... ”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်သတ္တိမရှိဘူးလား ... "

"ကိုယ် ... "

"ရှင်ယောက်ျားပဲ ... "

သူ့ကို စံက အထင်သေးတဲ့မျက်ဝန်းတွေနှင့် ကြည့်တာ လက်မခံနိုင်ပေ။

"ကျွန်မချမ်းသာချင်တယ် ... ဘယ်နည်းနဲ့မဆို ချမ်းသာအောင် လုပ်ချင်တယ် ... ရှင်သတ္တိမရှိဘူးလား ... စံကို ချမ်းချမ်းသာသာ ထားချင်တယ်ဆို ... "

စံ့မျက်ဝန်းလေးတွေထဲက မျှော်လင့်တောင့်တချက်တွေကို သူလုံးဝဖျက်ဆီးပစ်နိုင်ခြင်းမရှိတော့ပေ ... ။

"ကျွန်မကို ချစ်တယ်ဆို ပိုက်ဆံတွေရလာရင်လက်ထပ်မယ် ချမ်းချမ်းသာသာနေမယ် ... "

စောဖေ ...

မကောင်းမှုဒုစရိုက်တွေ မလုပ်ဘူးပေးမဲ့ သော့ပိစ္စာဖြစ်သည်။

အထူးသဖြင့် ...

မီးခံသေတ္တာကို ဖွင့်တတ်သည်။

ကျွမ်းကျင်၏။

စောဖေ ငယ်စဉ်တည်းက သော့ပိစ္စာတစ်ယောက်ဆီက သင်ယူလေ့ကျင့်ထားခဲ့တာပဲ ဖြစ်သည်။

ဒါကို ...

စံကသိနေသည်။



"ကျွန်မ ရှိတာပဲ ... ပစ္စည်းတွေ ဘယ်မှာထားတယ် ... အစောင့် ဘယ်မှာရှိတယ်ဆိုတာတွေ အကုန်သိတယ် ... ကျွန်မလက်ထောက်ချမှာပေါ့ ... "

စံပြောသည်။

စောဖေ တွေဝေနေဆဲပင်။

"ကိုစောဖေ ... "

"ဟာင် ... "

"ကျွန်မကို ချစ်တယ်ဆို ... "

စောဖေရင်ခွင်ထဲသို့ ကျော့ကျော့စံမှီခိုတွယ်ဝင်လာသည်။

တောက်ပတဲ့ မျက်ဝန်းတွေနှင့် မော့ကြည့်နေခဲ့၏။

"စံကို အစောင့်က ချစ်နေတယ် ... လက်ထပ်ခွင့်တောင်းနေတယ်ကိုစောဖေ ... "

"ဘာ ... "

စောဖေ စိတ်ပူသွားသည်။

ကျော့ကျော့စံတို့ သူကလွဲပြီး ဘယ်သူမှချစ်တာကို လက်မခံနိုင်ပေ။

"ကျွန်မက ကိုစောဖေကိုပဲ ချစ်တာပါ ... ဒါပေမဲ့ ကျွန်မ ဒီဘဝမှာမနေချင်ဘူး ... "

စံကိုလည်း အပြစ်မတင်ချင်ပါဘူး။

ရုပ်ရည်ချောမောတဲ့ ရုံ့အနေနှင့် ငွေကြေးချမ်းသာစွာနဲ့နေချင်မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ယောက်ျားတစ်ယောက် မဟုတ်ဘူးလား... ဒီလောက်တောင် မစွမ်းဆောင်နိုင်တော့ဘူးလား ... "

စံကပြောတော့ သူ့စိတ်ထဲမှာ မခံချင်စိတ်တွေဖြစ်ရသည်။

ချစ်သူကို ချမ်းသာစွာထားလို၏။

"ကိုယ်လုပ်မယ် ... "

"လွယ်လွယ်လေးပါ ... ရှင်ဝင်လာလို့ရအောင် အစောင့်ကို ကျွန်မသိပ်ထားပေးမယ် ... လူရှင်းမဲ့အချိန်တွေကို ကျွန်မပြောမယ်လေ ... "

"စံ စီစဉ်လိုက်ပါ ကိုယ်ကြိုးစားပြီး စွမ်းဆောင်မယ် ... "

"ကိုစောဖေ ... "

"ပြောလေစံ ... "

"ရှင်ကြိုးစားပါ ... ဒါမှကျွန်မတို့ချမ်းချမ်းသာသာနေရမှာ ... ကျွန်မတို့ သူဌေးရဲ့မီးခံသေတ္တာထဲမှာ ငွေတွေသိန်းပေါင်းများစွာ ထားတာ ... "

"ဟုတ်လား ... "

"ဟုတ်တယ် ... ရှင်ကြိုးစားနော် ... ငွေတွေယူပြီး ရှင်လစ်တော့ ... ကျွန်မ နောက်မှအေးအေးဆေးဆေး ဆက်သွယ်မယ် ... ကိုစောဖေ ... "

ထွက်ပြေးတိမ်းရှောင်ရမဲ့ နေရာတွေအစီအစဉ်တွေကို ပြောပြသည်။

ကျော့ကျော့စံက အကွက်ချ၏။



ညွှန်ကြားသည်။

စောဖေ ...

နာခံသည်။

ချစ်သူကို ချမ်းချမ်းသာသာထားဖို့ ဘာမဆိုလုပ်ရမှာပဲ။

လုပ်ငန်းစသည်။

ကျော့ကျော့စံအစီအစဉ်နှင့် ကံကောင်းစွာအားလုံးအဆင်ပြေ၏။

ချောချောမောမောပါပဲ ...

ငွေတွေက အများကြီးပဲ။

သိန်းနှစ်ရာတောင်။

တစ်လလောက်ကြာမှ ကျော့ကျော့စံနှင့်ဆက်သွယ်မိသည်။

သက်ဆိုင်ရာက အစွမ်းကုန်လိုက်နေ၏။

ကျော့ကျော့စံက စိမ်တတ်သဖြင့် လွတ်နေခဲ့သည်။

"စံ ... "

"ဟင် ... "

"ကိုယ်တို့ချမ်းသာပြီ ... "

"ကိုစောဖေ ... "

"ပြော ... "

"လုပ်သာလုပ်ရတယ် ... စံ ထောင်ကျမှာတွေးပြီး အရမ်းကြောက်တာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



စံက သူ့ရင်ခွင်ထဲမှီတွယ်သည်။

အားငယ်စိုးရွံ့တဲ့ မျက်ဝန်းတွေနှင့် မော့ကြည့်နေ၏။

"စံ ဘာမှမကြောက်နဲ့ ... ကိုယ်တစ်ယောက်လုံးရှိပါတယ် တကယ်လို့ ဖမ်းမိသွားရင်တောင် အပြစ်ဒဏ်တွေအားလုံး ကိုယ်တစ်ယောက်တည်းခံမယ် ... စံ့အပေါ် အပြစ်တစ်စုံ တစ်ရာမကျစေရဘူး ... "

"ကိုယ့်ကိုလည်း ကျွန်မ စိတ်ပူလိုက်တာ ... "

"ကိုယ်က ယောကျ်ားပါ ... "

စံကို အားပေးမိသည်။

ငွေတွေကို လျှို့ဝှက်စွာဖြင့် သုံးစွဲဖို့စီစဉ်ကြ၏။

စံက စီမံခန့်ခွဲသည်။

နှစ်လလောက်အကြာတွင် မြို့ထဲမှာ သူအဖမ်းခံရ၏။

ကိစ္စမရှိ။

စံနှင့် ပတ်သက်ပြီး ဘာမှမပေါ်။

အပြစ်ဒဏ်တွေအားလုံးကို သူတစ်ယောက်တည်း ခံယူခဲ့သည်။

ယူသွားတဲ့ငွေတွေနှင့် ပတ်သက်ပြီး သူလုံးဝမဖော်ခဲ့။

ထောင်ဒဏ်ငါးနှစ်ကျသွားသည်။

"စံ ကိုယ့်ကို လာမတွေ့နဲ့ ... မင်းလျှို့ဝှက်စွာပဲနေ ... ကိုယ် အပြစ်ဒဏ်တွေကိုခံမယ် ... "



စံ ...

နေခဲ့သည်။

သူ ...

ထောင်ကလွတ်လာတော့ စံက အိမ်ထောင်ကျနေသည်။

ဘယ်ရောက်နေမှန်းပင်မသိ။

ခြေရာပျောက်သွားသည်။

ကျော့ကျော့စံ ... မင်းလူလည်ကျတာပဲ။

စောဖေ ဒေါသဖြစ်ရသည်။

ကျော့ကျော့စံကို ရှာ၏။

မတွေ့ ...

ဒီမိန်းမက မိန်းမလည်မပဲ။

ငွေတွေနှင့် အကောင်းဆုံးဘဝတစ်ခုကို ဖန်တီးပြီး နေထိုင်မှာသေချာသည်။

"ကျော့ကျော့စံကို မုဆယ်မှာ ယောကျ်ားတစ်ယောက်နဲ့ တွေ့တယ် ... "

သတင်းတစ်ခုကြောင့် သူမုဆယ်ကို လိုက်သွားပြီး စုံစမ်းသည်။

မတွေ့ပေ။

ခြေရာပျောက်နေသည်။

ကွတ်ခိုင်မှာ ရောက်နေသည်ဟုသတင်းကြားတော့ ကွတ်ခိုင်ကိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တော့လည်း သချိုင်းမှာ။

ကွတ်ခိုင်က ခရစ်ယာန်သချိုင်းထဲမှာပဲ ဖြစ်သည်။

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ကျော့ကျော့စံက ခင်ပွန်းဖြစ်သူ ဈာပနအတွက် ဆုတောင်းဂါရဝပြုနေ၏။

စောဖေ မနှောင့်ယှက်ချင်။

အသာလှမ်းနေလိုက်သည်။

"ဦးကက်နက်ရဲ့ ဓနီးကျော့ကျော့စံလေ … အရမ်းချောတာပဲနော် … ကျက်သရေရှိတဲ့ မိန်းမပဲ … "

ပတ်ဝန်းကျင်က ချီးမွမ်းစကားသံတွေကို ကြားလိုက်ရသည်။

ကျော့ကျော့စံ …

မင်းက အရမ်းဟန်ဆောင်ကောင်းတဲ့ မိန်းမတစ်ယောက်ပဲ …

ဝိရိတယ် …

ချောမောလှပတဲ့ မင်းရုပ်ရည်က မင်းရဲ့ ယုတ်မာကောက်ကျစ်မှုတွေအပေါ် ကောင်းကောင်းဖုံးဖိပေးထားနိုင်တာပဲ။

ဘယ်သူကမင်းကို ယုတ်မာကောက်ကျစ်တဲ့ မိန်းမတစ်ယောက်လို့ထင်မှာလဲ …။

"ဦးကက်နက်ကျန်ခဲ့တဲ့ စည်းစိမ်ဥစ္စာတွေ ဒေါ်ကျော့ကျော့စံ ပဲရမှာပဲလေ … "

"ကံကောင်းလိုက်တာ… ဦးကက်နက်က ဒေါ်ကျော့ကျော့စံ



ကို အရမ်းချစ်တာပဲ … ဒေါ်ကျော့ကျော့စံကလည်း ဦးကက်နက်ကိုချစ်တယ် … အိမ်ရှင်မကောင်းပီသစွာ ပြုစုယုယတယ် … "

စောဖေ လက်မခံချင်ပေ။

မယုံပါဘူး။

ကျော့ကျော့စံအကြောင်း သူကောင်းကောင်းသိနေခဲ့တာပဲ။

ကောက်ကျစ်တဲ့ မိန်းမ။

ယုတ်မာတဲ့ မိန်းမ။

မင်း …

ဟန်ဆောင်နေတာ …

ဦးကက်နက်ဆိုတဲ့ လူကိုတောင် မင်း လုပ်ကြံသတ်ပစ်လိုက်တာလား …

အိမ်ရှင်မကောင်းတဲ့။

အတ္တကြီးတဲ့ မိန်းမ …

လောဘရမ္မက်ကြီးလွန်းတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်နေသည်။

စောဖေအသိဆုံးပဲ။

ခံလိုက်ရပြီ။

ထောင်ထဲမှာ ငါးနှစ်လောက်နေရပြီး ပြန်ထွက်လာတော့ နေစရာမရှိ။

စားစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးအိမ်တိုင်။

စုတ်ပြတ်သတ်ပြီး အငတ်ငတ်အပြတ်ပြတ်ဘဝနှင့် ရင်ဆိုင်နေရသည်။

ကျော့ကျော့စံကြောင့် ...

ရက်စက်တဲ့မိန်းမ ...

တစ်ကိုယ်ကောင်းဆန်ပြီး အကြင်နာတရားကင်းမဲ့တဲ့ မိန်းမ ...

ကျော့ကျော့စံကို စောဖေ မြေလှန်ပြီး ရှာဖွေနေမိသည်။

သတင်းစုံစမ်းနေခဲ့၏။

တွေ့ရင်တော့လား ...

တေးထားမိသည်။

အခု ...

တွေ့ပြီ။

မင်းဘယ်ပြေးမလဲ ကျော့ကျော့စံ။

မြန်မာပြည်က ကျဉ်းကျဉ်းလေးပဲ။

မင်းကိုတွေ့ပြီ။

စောဖေအကြောင်း ကောင်းကောင်း သိရတော့မယ်။

နာရေးကိစ္စဖြစ်နေ၍ သည်းခံနေလိုက်သည်။

ကျော့ကျော့စံနေတဲ့လိပ်စာကို အသုဘကားတွေနှင့်ကပ်လိုက်သွား၍ သူ့အသေအချာသိလိုက်ပြီဖြစ်၏။



ချမ်းသာနေလိုက်တာ။

ခြံကျယ် ဝန်းကျယ်ကြီးနှင့် နေရသည်။

မင်းကအကြံအဖန်အတော်လေးကောင်းတဲ့ မိန်းမတစ်ယောက်ပဲ။

တေးထားလိုက်သည်။

တွေ့မယ်။

စောဖေ အကြောင်းသိရမယ်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

သူက ...

တိတ်ဆိတ်နေသည်။

ညှို့နက်နက်။

ရှမ်းသာကြွယ်ဝတဲ့ လူတွေနေတဲ့ ရပ်ကွက်ဖြစ်၍ လူသူကင်းရှင်းနေသည်။

စောဖေတို့အကြိုက်ပဲ။

ကျောကျော့စ် ...

မင်း ...

စောဖေကို ကျောလို့မရဘူးနော် ...

ကြီးမားတဲ့ သံတံခါးကြီးက အထဲဝင်ဖို့ရှေ့မှာပိတ်ကာစီးထားသည်။

စောဖေ ရယ်လိုက်၏။



အလွှယ်လေး ...

စောဖေက သော့ဝိဇ္ဇာ။

ငယ်ငယ်လေးတည်းက သော့တွေနှင့် ပတ်သက်ပြီး ကိုင်တွယ်ပုံကို လေ့လာထားပြီးသားပဲ။

ကျွမ်းကျင်သည်။

ကျောကျော့စ်ကို သူခွေးဖြစ်အောင်သူ လုပ်ပေးခဲ့တာပဲ။

သော့ကိုဖွင့်လိုက်သည်။

တံခါးပွင့်သွား၏။

အစောင့်က အိပ်နေသည်။

တော်တော် ဝီရိယရှိတဲ့အစောင့်။

အနားကပ်ကြည့်တော့ အရက်နံ့က ထောင်းခနဲထွက်နေသည်။

အသုဘက ရက်လည်သွားပြီ။

တိုက်ကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသလိုပင်။

စောဖေအတွက် အေးဆေးပဲ။

ဒီတိုက်ကြီးထဲမှာ ကျောကျော့စ်တစ်ယောက်တည်းနေသည်တဲ့။

တံခါးမကြီးပွင့်သွားသည်။

တိုက်ကြီးထဲမှာ ဘယ်သူမရှိ။

စောဖေ ပညာအစွမ်းကို တမင်ပြလိုက်တာပဲ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

မနက်ပိုင်းလာတွေ့လျှင် ကျော့ကျော့စံ အကောက်ကြံနိုင်၏။

တိုက်ကြီးထဲဝင်လာခဲ့မိသည်။

ကျော့ကျော့စံ ဘယ်အခန်းမှာလဲ။

အိမ်က အလုပ်သမားတွေက အနောက်အခန်းတွေမှာ အိပ်ကြသည်၊

ကျော့ကျော့စံက အပေါ်ထပ်မှာ။

စောဖေ စုံစမ်းထားပြီးသားပဲ။

မင်း ...

ချမ်းသာလိုက်တာ ...

ဘဝတူအနှစ်နာခံခဲ့တဲ့ ငါ့ကိုတော့ ဥပေက္ခာပြုထားရက်တယ်။

ငယ်ချစ်တွေ ...။

အတူနေလာခဲ့တဲ့ သူတွေ။

ဆင်းရဲဖော်ဆင်းရဲဘက်။

ငတ်ဖော်ငတ်ဘက်တွေပဲ။

ကျော့ကျော့စံက တစ်ကိုယ်ကောင်းဆန်စွာ ကိုယ်လွတ်ရုန်းသွားသည်။

ရှိသမျှငွေကြေးတွေကို တစ်ယောက်တည်း ဘတ်သွားခဲ့၏။

ရမလား ...



စောဖေ ရိုးသားခဲ့သည်။

ကျော့ကျော့စံကို ချစ်ခဲ့မိ၏။

အနှစ်နာခံခဲ့သည်။

ထောင်ထဲကို တစ်ကိုယ်တော်ဝင်နေလိုက်ရ၏။

အပြစ်ဟူသမျှ စောဖေတစ်ယောက်တည်း လည်စင်းခံလိုက်ရသည်။

မင်းကတော့ ကောင်းစားနေတယ်။

ငါ့မှာတော့ ...

ဒုက္ခတွေ ပင်လယ်ဝေလို့ ...

အပေါ်ထပ်ကို တက်ခဲ့သည်။

အိစက်နေတဲ့ ကော်ဇောကြီးတွေက မယ်ရက်စရာပဲ။

မင်းက စည်းစိမ်တွေ အပြည့်ခံစားနေရတာပဲ စံ။

တွေးမိတိုင်း ဒေါသဖြစ်မိသည်။

ကျွန်းလှေကားကြီးတွေအတိုင်း တစ်ထစ်ချင်းတက်လာခဲ့၏။

ကျော့ကျော့စံမှာ ခင်ပွန်းဆိုတာ မရှိတော့။

အကာအကွယ်မဲ့နေပြီ။

စောဖေတို့ စိတ်ကြိုက်ပဲ။

အခန်းတစ်ခုရှေ့မှာ ရပ်လိုက်သည်။

ကျော့ကျော့စံ အခန်းပဲ။

သော့ကိုဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွီ ... "

အသံတော့ နည်းနည်းမြည်သွားသည်။

ကျော့ကျော့စံမအိပ်သေးပေ။

တစ်ယောက်တည်း အခွေထိုင်ကြည့်နေသည်။

တံခါးဖွင့်သံကြောင့် သူမဆတ်ခနဲလှည့်ကြည့်သည်။

"ဟင် ... ကိုစောဖေ ... "

"မင်းမှတ်မိသားပဲ ... "

"ရှင် ... ရှင် ... "

"ကျော့ကျော့စံ ... "

"ရှင် ... "

"မင်းကို ငါလိုက်ရှာနေလိမ့်မယ်လို့ မင်းမထင်ထားမိဘူးလား စံ ... "

ကျော့ကျော့စံ မျက်ဝန်းတွေက တုန့်လှုပ်ချောက်ချားမနေဘဲ ရီဝေစိုစွတ်လာသည်။

စောဖေကိုစိုက်ကြည့်၏။

"အတော်ပဲ ... ကျွန်မအားငယ်နေတဲ့ အချိန်မှာ ရှင်ရောက်လာတာနဲ့ အတော်ပါပဲ ကိုစောဖေရယ် ... "

သူ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ပြီး ငိုတော့သည်။

"အဟင့် ... အဟင့် ... အဟင့် ... "

စောဖေ အံ့သြသွားသည်။

ဘာလုပ်ရမှန်း မသိဖြစ်သွား၏။

"ကိုစောဖေရယ် ... ရှင်ထောင်ထဲက မလွတ်သေးဘူးလို့ ထင်နေတာ ... ရှင့်ကိုကျွန်မ အရမ်းသတိရတာပဲ ... "



စောဖေကြောင်သွားသည်။

ကျော့ကျော့စံကို ဘာပြောရမှန်း မသိအောင်ပင် ဖြစ်သွားသည်။

"ကျွန်မကို ရှင်မုန်းနေလားဟင် ... "

"မင်း ... မင်း ... "

"ထိုင်ပါဦး ကိုစောဖေ ... "

စောဖေ ထိုင်သည်။

ကျော့ကျော့စံ ...

မင်း ...

လုပစိုပြေနေဆဲပဲ။

ပါးလျှာနေတဲ့ ညဝတ်အကျႌနှင့် လွှမ်းခြုံထားတဲ့ ခန္ဓာကိုယ် ...

အမယ်လေး ...

စောဖေ တံတွေးသီးသွားသည်။

အမုန်းတွေ ဘယ်ရောက်ကုန်ပြီလဲ ...

ဆယ်ကျော်သက်တုန်းကလို ရင်တွေတဒိန်းဒိန်း ခုန်လာသည်။

ကျော့ကျော့စံက သူ့ကို ဒုက္ခပေးသွားခဲ့တာပဲ။

"ကိုစောဖေ ... "

"ဟင် ... "

"စံ ... ရှင့်ကိုပြောစရာတွေ အများကြီးရှိတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



သူ ...

နားထောင်ဖို့သက်သက် ...

ကျော့ကျော့စံနှင့် ပတ်သက်တာတွေ အားလုံး မေ့ကုန်သည်။

အသိတွေမဲ့နေရ၏။

ကျော့ကျော့စံကိုသာ ငေးကြောင်စွာ ကြည့်မိနေသည်။

"ရှင် ... ထောင်ကျသွားတော့ ကျွန်မစီးပွားရေးလုပ်တာ လူလိမ်ခံရတယ် ... "

ထိုစကားကစသည်။

ကျော့ကျော့စံ မျက်ဝန်းတွေထဲတွင် မျက်ရည်တွေ ပြည့်နေ၏။

"ကိုစောဖေ မယုံရင်လည်း မတတ်နိုင်ဘူး ... ကျွန်မလူလိမ်ခံရပြီး အားလုံးချွတ်ခြုံကျသွားတယ် ... အရမ်းဆင်းရဲဒုက္ခရောက်နေတုန်း ကွတ်ခိုင်ကို ရောက်လာပြီး ကိုကက်နက်နဲ့တွေ့တာပဲ ... "

စောဖေ စုံစမ်းထားတာကတခြား။

ဒေါ်ကျော့ကျော့စံက ကွတ်ခိုင်မှာ စတိုးဆိုင် လာဖွင့်တာတဲ့။

စီးပွားဖြစ်တယ်။

ရောင်းကောင်းလို့ စီးပွားဘွေတက်ပြီး သူဌေးအပျိုကြီးအဖြစ် နာမည်ကြီးနေတာတဲ့။



"သူဌေးမ အပျိုကြီးနဲ့ သူဌေးကြီး ဦးကက်နက်တို့ နေနဲ့လရွှေနဲ့မြလို လိုက်ဖက်တယ် ... "

တစ်မြို့လုံးက ပြောတဲ့စကားတွေ။

ကျော့ကျော့စံပြောတာတွေနှင့် လုံးဝဆန့်ကျင်ဘက်တွေဖြစ်နေသည်။

"ဒီမြို့ကြီးနဲ့ တိုက်ကြီးက စံ ... တစ်ယောက်တည်းပိုင်တာမဟုတ်ပါဘူး ... ကိုစောဖေ ... ကိုကက်နက်ရဲ့သားကြီး သမီးကြီးတွေက ဘယ်လိုစီစဉ်မလဲမသိသေးဘူး ... လောလောဆယ် သူတို့ ... အဖေသေခါစမို့ ငြိမ်နေကြတာပါ ... "

ကျော့ကျော့စံကိုပဲ စောဖေ သနားရတော့မလို ဖြစ်သွားရသည်။

"ကိုစောဖေရယ် ... ရှင်ရောက်လာတာ ကျွန်မအရမ်း ဝမ်းသာတာပဲ ... နောင်းဘက်လာလည်းရတာပဲဟာ ... ဘာလို့ခိုးကြောင်ခိုးဝှက်လာရတာလဲ ... "

စောဖေထင်ထားတာနှင့် ကျော့ကျော့စံရဲ့ တုံ့ပြန်မှုတွေက ဆန့်ကျင်ဘက်တွေ ဖြစ်နေသည်။

ပေါ်ရွှေနေ၏။

အားကိုးတကြီးဖြစ်နေသည်။

"ရှင်ရောက်လာတာ ကျွန်မအရမ်းဝမ်းသာတာပဲ ... အားကိုးတိုင်ပင်လို့ရတာပေါ့ ... "

စောဖေဘာမှ မပြောနိုင်တော့။

ကျော့ကျော့မြိုင်က သူ့လက်မောင်းတွေကို ဖက်

www.burmeseclassic.com

www.burmeseclassic.com



တွယ်ထားသည်။

"ငွေတွေကလည်း ဘဏ်မှာပဲ ထားတာလေ ... ကျွန်မထုတ်လို့မရဘူးဖြစ်နေတယ် ... ကိုကက်နက်သားသမီးတွေ နာမည်နဲ့ပဲ ဖြစ်နေတယ် ... ခုကွပါပဲရှင် ... "

ကိုယ်ကတောင် ပြန်ပေးရမယ့်အပေါက် ...

ဒီလောက်ချမ်းသာတဲ့ စည်းစိမ်ဥစ္စာတွေက ကျော့ကျော့စံနှင့် လုံးဝမသက်ဆိုင်တော့သလိုပဲ ပြောနေခဲ့သည်။

စောဖေ ...

မင်းဘာလုပ်မလဲ ...

အရင်ကလို ...

မကောင်းမှု ခုစရိုက်တွေနဲ့ အသက်မွေးဝမ်းကျောင်းမှုပြီး ငွေကြေးထောက်ပံ့ပေးကမ်းရတော့မလို ဖြစ်နေသည်။

"ကိုစောဖေ ... "

"ဟင် ... "

"စံကို ပစ်မထားပါနဲ့နော် ... "

စံ ...

စောဖေကိုတွေ့လျှင် တုန်လှုပ်ချောက်ချားပြီး သူ့အမှားတွေအတွက် တောင်းပန်လိမ့်မည်ဟု ထင်မိသည်။

အခုတော့ ...

ငုတ်တုတ်မေ့နေမိသည်။

ကျော့ရှင်းသော ခန္ဓာကိုယ်ကို ဆန့်လိုက်ပြီး အိပ်ချင်ဟန်ပြုလိုက်၏။



"အိပ်ချင်နေပြီ ... "

"စံ ... "

"ဟင် ... "

"ကိုယ်ဒီမှာ ညအိပ်မယ် ... ပြောစရာရှိတာတွေ မနက်မှ ပြောကြတာပေါ့ ... "

"မဖြစ်ဘူး ကိုစောဖေ ... ကျွန်မက အခုမှ မုဆိုးမ ပူပူနွေးနွေးလေးရှိသေးတယ် ... လူမြင်ရင်မကောင်းပါဘူး ... နောက်လည်း အမြဲတမ်းတွေ့ကြရဦးမှာပဲ ... မနက်မှ လာနော် ကိုစောဖေ ... "

ဟုတ်သားပဲဟု စောဖေစိတ်ထဲမှ တွေးပစ်လိုက်မိသည်။

စံက ယောကျ်ားသေတာ မကြာသေးပေ။

ပတ်ဝန်းကျင်က ရှိသေးတယ်။

"စံ ယောကျ်ားတစ်ယောက်နဲ့ ... ရှုပ်တယ်လို့ ထင်သွားရင် ကိုကက်နက်ဆီက ရမယ့်ငွေကြေးတွေ လက်လွှတ်ဆုံးရှုံးရမယ်ထင်တယ် ... "

ကျော့ကျော့စံ ပြောတာတွေ ဟုတ်သားပဲဟု တွေးမိလိုက်သည်။

ဒီလိုတော့ အဖြစ်မခံနိုင်ပေ။

ပြန်တာပဲကောင်းမယ်။

"ကိုစောဖေ ... "

"ဟင် ... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုကက်နက်နဲ့ ပတ်သက်တာတွေ ရှင်းပြီးရင်... ကျွန်မနဲ့ ကိုစောဖေ တစ်နေရာကို သွားနေကြရအောင်နော် ... "

စောဖေရင်ခွင်ထဲသို့ တိုးဝင် ဖက်တွယ်လာတော့သည်။

လောကကြီးတစ်ခုလုံးကို မေ့သွား၏။

ကျော့ကျော့စံကိုကောင်းကောင်းပညာမြှော်ဖို့မောင်းတင်လာတာတွေ မေ့လျော့သွားသည်။

"ကိုစောဖေရယ် ... ငယ်ကချစ်အနှစ်တစ်ရာတဲ့ ... ကျွန်မရင်ထဲမှာ ကိုစောဖေကို ဘယ်တော့မှ မမေ့ပါဘူး ... ချစ်မြဲချစ်လျက်ပါပဲ ... "

ကျော့ကျော့စံကို မထိရက်မတို့ရက်။

ပေးဆပ်ဖို့ တစ်ခုပဲ စောဖေအသိတွေထဲ နှိုးဆွလို့ဆော်လာခဲ့သည်။

"ကိုယ်ပြန်မယ် ... "

"နောက်တစ်ပတ်လောက်မှ လာနော် ... ပတ်ဝန်းကျင်က ရှိသေးတယ်မဟုတ်လား ... "

"ကိုယ်နားလည်ပါတယ် ... "

"ကိုစောဖေ ... "

"ဟင် ... "

"သတိထားသွားနော် ... အသက်က စကားပြောလာပြီ ဘာမဆို သတိဝိရိယနဲ့နေပါ ... "

"စိလည်း စိတ်ချမ်းသာအောင်နေပါ ... "



ကျော့ကျော့စံကို ယုံမိသည်။

စောဖေ ပြန်ထွက်လာခဲ့မိ၏။

တည်းခိုသော အိမ်ရောက်ပြီး မကြာခင် ရဲတွေရောက်လာသည်။

မူးယစ်ဆေးရောင်းဝယ်မှုတဲ့ ... ။

"ဗျာ ... ခင်ဗျားတို့မှားနေပြီ ... ကျုပ် ဘာမှမလုပ်ဘူး ... ကျုပ်အသိမိတ်ဆွေ တစ်ယောက်ကို တွေ့ဖို့လာတာ ... "

"ကျွန်တော်တို့ သတင်းအသေအချာရပြီးသားပါ ... ခင်ဗျားကိုရှာပါရစေ ... "

သက်ဆိုင်ရာက သူ့တစ်ကိုယ်လုံးအနှံ့ရှာတော့သည်။

"ဒီမှာတွေ့ပြီ ... "

"ဗျာ ... "

"ခင်ဗျားအိတ်ထဲမှာ ရှိနေတာပဲ ... ရဲစခန်းကို ခင်ဗျားလိုက်ခဲ့ပါ ... "

"ကျုပ် ... ကျုပ်ဘာမှမသိဘူး ... ဒါမျိုးတွေလည်း ကျုပ်ဘယ်တော့မှ မလုပ်ဘူး ... ခင်ဗျားမှားနေပြီထင်တယ် ... "

"သက်သေနဲ့အတူ လက်ရဖမ်းမိနေပြီပဲ ကိုစောဖေ ... "

"ဗျာ ... "

သက်ဆိုင်ရာက သူ့နာမည်ပင် သိထားကြပြီ ဖြစ်သည်။ ကျော့ကျော့စံရဲ့လက်ချက်ဆိုတာ စောဖေ သိလိုက်၏။

ထောင်ချောက်ထဲကို ဝင်မိတာပဲ။

"ကျုပ် ... ကျုပ်ဘာမှ မလုပ်ဘူး ... ဒါထောင်ချောက်ဆင်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ... "

ကျော့ကျော့စံနှင့် ပတ်သက်တဲ့ အကြောင်းတွေ ပြောမယ်လုပ်ပြီးမှ မပြောဖြစ်တော့ဘဲ စိတ်ကိုထိန်းချုပ်လိုက်သည်။

မပြောတော့ဘူး ...

တော်ကြာ ...

ကျော့ကျော့စံ ပြောတာမဟုတ်လျှင် နာမည်ပျက်နေဦးမည်။ စောဖေ မပြောရက်။

ဘယ်သူ ထောင်ချောက်ဆင်တာလဲ။

"ခင်ဗျားက ထောင်ထွက်တစ်ယောက်ပဲ ... ဒီမြို့ကိုဘာအကြောင်းနဲ့ ရောက်လာတာလဲ ... "

စစ်ဆေးသည်။ စောဖေ ဖွင့်မပြောနဲ့။

ပြောလျှင်လည်း ကျော့ကျော့စံက ငြင်းဆန်မှာ သေချာသလောက်ဖြစ်သည်။

သက်သေအထောက်အထားမရှိ။

သူ့ကို မသိပါဘူးဟုပင် ဘူးခံတော့မှာ သေချာသည်။

ဒေါသတွေ ဖြစ်နေရ၏။

စောဖေ ခံလိုက်ရပြန်ပြီ။

"ခင်ဗျားကိစ္စ စစ်ဆေးဖို့တော့ စခန်းကိုလိုက်ခဲ့ပါ ... ဥပဒေက ခင်ဗျားပြစ်မှုမကျူးလွန်ဘဲ အပြစ်မပေးပါဘူး ... လိမ်လည်လှည့်ဖျားဖို့တော့ မကြိုးစားနဲ့နော် ... "

စောဖေ ဘာပြောရတော့မလဲ ...

တစ်စုံတစ်ယောက်က သူ့အိတ်ထဲကို ထည့်လိုက်



တာတော့ အမှန်ပဲဖြစ်သည်။

ဘယ်သူလဲ ...

ကျော့ကျော့စံလား ...

"ကျုပ် ညသည်ပါ မိတ်ဆွေတစ်ယောက်ကိုလာရှာတာပါ ဒါကတော့ ကျုပ် သက်သက်ထောင်ချောက်အဆင်ခံရတာပါ ... "

ရဲစခန်းကို ရောက်သွားသည်။

ကျော့ကျော့စံက သူဌေးကြီး တစ်ယောက်ရဲ့ နေးဖြစ်နေ၏။

သူပြောလျှင်လည်း ယုံမှာမဟုတ်။

ကျော့ကျော့စံက မိန်းမလည်မ တစ်ယောက်ဖြစ်သည်။ အကွက်များလွန်း၏။

စောဖေကို အယုံသွင်းခဲ့သည်။

ကျော့ကျော့စံကို ပညာပေးဖို့ သွားကာမှစောဖေပဲ ပညာအပေးခံလိုက်ရပြန်၏။

သိမယ် ...

တစ်နေ့တော့ ...

စောဖေအကြောင်း မင်းကောင်းကောင်းသိရမှာပဲ။

စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

စောဖေ ပြဿနာတွေ ရှင်းနေရတဲ့ အချိန်တွင် ကျော့ကျော့စံ လစ်သွားသည်။

အိမ်ပါရောင်းသွား၏။

ခြေရာဖျောက်သွားသည်။

သူ ...

ဘဝပျက်သွားသည်။

စိတ်တွေလေပြီး ထင်ရာစိုင်းနေမိသည်။

ကျော့ကျော့စံကို စိတ်နာမိသည်။

ရှာ၏။

မတွေ့ ...

မိန်းမလည်မပဲဟာ ...



နောက်ဆုံးတော့ ...

စောဖေတစ်ယောက် စိတ်နာနာနှင့် ကောင်မလေးတွေနဲ့ ထည်လဲ တွဲပစ်သည်။

ပျော်သလိုနေမိ၏။

မခံချင်စိတ်တွေ ...

ဒေါသတွေကို ကောင်မချောချောလေးတွေနှင့်... အစားထိုးဖြေဖျောက်ပစ်သည်။

စိတ်တော့ အဖြေသား။

ပျော်စရာကောင်းသည်။

စောဖေ ...

နောကျေနေပြီ။

လူ့လောကကြီးအကြောင်း ... စောဖေ ကောင်းကောင်းသိသွားရသည်။

အမြဲတမ်း ...

သတိရှိနေခဲ့သည်။

ကျော့ကျော့စံဆိုတဲ့ မိန်းမတစ်ယောက်က ပညာပေးသွားတာလေ။

မင်းကိုတော့ ... ငါ ဘယ်လိုမှ မေ့ပစ်လို့မရနိုင်ဘူး ကျော့ကျော့စံ ...

ငါ့ရဲ့ အချစ်ဦး ...

အကြင်နာတရား ကင်းမဲ့စွာနဲ့ငါ့အပေါ် ရက်စက်တဲ့ မိန်းမ ...

www.burmeseclassic.com

www.burmeseclassic.com



ကျော့ကျော့စံကြောင့် စောဖေ ဒုက္ခဆင်းရဲခြင်း မျိုးစုံခံစားခဲ့ရသည်။

မင်းကတော့ ချမ်းသာနေတာယ်။

စည်းစိမ်ဥစ္စာတွေ အပြည့်နဲ့ လောကစည်းစိမ်ကို ခံစားနေတယ်။

စောဖေ မမေ့နိုင်ဘူး။

ရှာရမယ်။

မတွေ့တွေ့အောင်ရှာရမယ်။

သတင်းတွေ စုံစမ်းသည်။

ကြားရတဲ့ သတင်းတစ်ခုကတော့ ကားအက်ဆီးဒင် ဖြစ်သည်။

သူဌေးကြီး တစ်ယောက်ရဲ့ ဒုတိယမယားအဖြစ်မှ စွန့်ပစ်ခြင်းခံရ၏။

နောက်ဆုံး …

စီးပွားကျသည်။

နိမ့်ကျနေ၏။

မကြာခင်ကမှ …

စောဖေကို ဆက်သွယ်သည်။

ကျော့ကျော့စံရှိနေတဲ့ နေရာကို အတိအကျ မြေပုံ ပါခဲ့ပြီး လာခဲ့ရန်ခေါ်၏။

"ရှင်က ကောင်မချောလေးတွေနဲ့ နေရတာ ပျော်တယ်ဆို တော့ ကျွန်မက ကောင်းကင်ဆိုတဲ့ ကောင်မလေးနဲ့ မိတ်



ဆက်ပေးချင်လို့ပါ … "

ဒီမိန်းမ …

အကွက်များတယ် …

ဘယ်က ကောင်မလေးလဲ …

စောဖေ …

သတိထားမှ …

ကျော့ကျော့စံ အကြောင်းကို စောဖေ တို့ကနော ကျေနေပြီ။

သွားတွေ့ရမယ်။

မတွေ့လို့ မဖြစ်ဘူး။

ရှာနေတာ ကြာပြီပဲ။

မင်းကိုရှာနေတာ။

အတွကြီးတဲ့ မိန်းမ။

တစ်ကိုယ်ကောင်း ဆန်တဲ့မိန်းမတစ်ယောက်ပဲ ဖြစ် သည်။

စောဖေအခံရဆုံးပဲ။

ကျောကော့နေအောင် ခံစားရတာပဲဖြစ်သည်။

သွားတွေ့ဖို့ပြင်၏။

"ခင်ဗျား နာမည်ကိုစောဖေလား … "

"စောဖေ … "

"မမက အခေါ်လွှတ်လိုက်တာပါ … "

"ကျော့ကျော့စံကလား … "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... "

"မင်းက ... "

"တပည့်ပါ ... "

"ကျော့ကျော့စံ ဘာတွေလုပ်နေလဲ ... "

"ထိုင်နေတယ် ... "

"ဘာ ... "

"လောလောဆယ် ဘာမှမလုပ်သေးဘူးလို့ ပြောတာပါ ... "

သူ ...

လိုက်သွားခဲ့သည်။

အားပါး ...

တကယ့်ကို ချောင်ကျတဲ့နေရာပဲ။

ဒီမိန်းမ ဒီလိုနေရာမျိုးမှာ နေမည်ဟုပင် မထင်မိ။

နိမ့်ကျသွားလိုက်တာ။

"မရောက်သေးဘူးလား ... "

"ရောက်တော့မှာပါ ... "

"ဒီမှာ ... "

"ဗျာ ... "

"မင်းနာမည်က ဘယ်သူလဲ ... "

"မြသောင်း ... "

"မင်း ... ငါ့ကို ချောက်ချမယ် မကြံနဲ့နော် ... ငါ့အရင်က စောဖေ မဟုတ်ဘူး ... "

"မမက ကျနေပါပြီ ... "



ဘာကြံဦးမလို့လဲ ...

စောဖေ သတိတော့ ထားမှ။

"မြသောင်း ... "

"ဗျာ ... "

"ကောင်းကင်ဆိုတာက ... "

"ဆရာဟိုရောက်တော့ သိမှာပါ ... "

သူ ...

လိုက်လာခဲ့သည်။

ခြံကြီးထဲမှ အိမ်အိုကြီးတစ်လုံးဆီသို့ သူရောက်လာခဲ့သည်။

စောဖေကို ကြိုနေသူက ကျော့ကျော့စံ။

"ကိုစောဖေ လာပြီလား ... "

"ကျော့ကျော့စံ ... "

သခါရဲတာရေးပဲ။

အလွန်လှပချောမောသော ကျော့ကျော့စံသည် မျက်နှာပေါ်မှာ အမာရွတ်တွေနှင့် အရုပ်ဆိုး အကျည်းတန်နေတော့သည်။

"ထိုင်ပါဦး ... ကိုစောဖေ ... "

သူ ...

ထိုင်သည်။

ရင်ထဲမှာ ...

နှစ်ပေါင်းများစွာ ထိန်းချုပ်ထားခဲ့ရသော ...ဒါသ

www.burmeseclassic.com

တွေ ဘယ်ရောက်ကုန်မှန်း မသိတော့။

ကျော့ကျော့စံ ကျရှုံးနေသည်။

ဆင်းရဲနွမ်းပါးနေ၏။

အိမ်စုတ်ကြီးထဲမှာ ဖြစ်သလိုနေရတဲ့ ပုံပင်။

"ကိုစောဖေ ... "

"မင်း ... "

"ကျွန်မအကြောင်းတွေကို ပြောပြနေလို့တော့ အပိုပဲဖြစ်နေမယ် ကိုစောဖေ ... "

ကိုစောဖေ ...

ကျော့ကျော့စံ မှားပါတယ် ...

အတွေ့ကြုံကြီးခဲ့တယ် ...

တစ်ကိုယ်ကောင်းဆန်ခဲ့တယ် ...

ဘဝမှာ အကောင်းတွေရော အဆိုးတွေရော ကျင်လည်ခဲ့ရတာ အများကြီးပဲ။

"ကျွန်မ လူလိမ်ခံရတယ် ... ယောကျ်ားက စွန့်ပစ်တယ်... ရှင့် ဝဋ်တွေလည်တာလေ ... "

ကိုယ်သတိထားမှ ...

စောဖေခံရပေါင်းများပြီ။

မင်း ...

ဘာကြံဦးမလဲ ...

"ကိုစောဖေ ... "

"ပြော ... "



"ကျွန်မတောင်းပန်ပါတယ် ... "

စံ ...

ရုပ်ရည်က မလှပေမဲ့ ...

ကိုယ်ခန္ဓာကတော့ ကျော့ရှင်း တောင့်တင်းနေဆဲပင်ဖြစ်သည်။

စောဖေ ...

မင်းဖိတ်ကို ထိန်းထမ်း။

စံဆိုတဲ့ မိန်းမ တစ်ကိုယ်လုံးမှာ ကလိမ်ကကျစ်ဉာဏ်တွေပဲရှိတာ။

"ကျွန်မကို ခွင့်လွှတ်တယ် မဟုတ်လားဟင် ... "

"မင်း ... ငါ့ကိုခေါ်တာ ဘာကိစ္စရှိလို့လဲ ခေါ်တာလဲ ... "

နှစ်ပေါင်းများစွာ ပျောက်နေသော မိန်းမတစ်ယောက်ဖြစ်သည်။

သူပင် ခြေရာခံ၍ မရ။

သတင်းလောက်ပဲ ကြားရသည်။

ဘယ်မှာရှိမှန်းပင် မသိ။

အခုမှ ...

ပေါ်လာသည်။

မင်းဒုက္ခရောက်နေလို့ ငါ့ကိုသတိရတာမဟုတ်လားကျော့ကျော့စံ ...

အကွက်များတဲ့မိန်းမ ...

အကြံကြီးပဲ ...

www.burmeseclassic.com



မျက်နှာပေါ်မှာတော့ လှပချောမွေ့မှုတွေ ပျောက်ဆုံးနေရသည်။

"ရှင် ... ကျွန်မကို မယုံကြည်ဘူးဆိုတာ သိပါတယ် ..."

ကိုစောဖေကို စံကတော့ ခြင်းထဲကကြက်ပဲ သဘောထားသည်။

စံကိုရန်မရှာဘူးဆိုတာ သိနေ၏။

ရှင့်လို ထောင်ထွက်တစ်ယောက်ကို စံလက်မထပ်ချင်ပါဘူး။

ပြီးတော့ ...

စံက ချမ်းသာချင်တယ် ...

စည်းစိမ်ဥစ္စာတွေနဲ့နေချင်တယ်။

ဂုဏ်ဒြပ်တွေနဲ့ နာမည်ဂုဏ်သတင်းကြီးမြင့်စွာ နေချင်တယ်။

ဒါပေမဲ့ ...

ဖြစ်မလာဘူး ...

ကိုစောဖေကို ထောင်ထဲပို့ပြီး ဘတ်ထားတဲ့ငွေတွေနှင့် ကွတ်ခိုင်မှာ စီးပွားရေးဘမ်းပြလုပ်သည်။

ကိုကက်နက်နှင့်တွေ့ပြီ။

သူဌေးကတော်အဖြစ် ဂုဏ်ဒြပ်ကြီးမြင့်စွာ နေရသည်။

ကိုစောဖေ ရောက်လာ၏။

ထောင်ထဲပြန်ပို့ပေးလိုက်သည်။



ကျော့ကျော့စံဘဝက တင့်တယ်နေပြီးမှ ကိုစောဖေလိုထောင်ထွက်တစ်ယောက်ကြောင့် ဂုဏ်သိက္ခာမမဲ့လို။

ရှင်းပစ်လိုက်သည်။

ကံဆိုးချင်တော့ ကိုကက်နက်ဆုံးပြီး ဦးကျော်မောင်နှင့် တွေ့ဆုံတဲ့ အချိန်တွင် စံ့ကံဆိုးသွား၏။

ကိုကျော်မောင်ရဲ့ ဒုတိယမယား။

စိတ်လွတ်ကိုယ်လွတ်နှင့် အသုံးအဖြုန်းကြီးနေမိသည်။

ကိုကျော်မောင်က ကျင်သမား။

ကြေးကြီးသူ။

မိမိစုဆောင်းထားသမျှ ငွေကြေးတွေကို ဖြုန်းပစ်သည်။

စံ ဝဋ်လည်ခဲ့ရ၏။

နောက်ဆုံး ...

ဘာမှမရှိတော့။

ကားအက်စီးဒင့်ဖြစ်ပြီး မျက်နှာမှာ ဒဏ်ရာရခဲ့သည်။

ယောက်ျားက စွန့်ပစ်သွား၏။

မိမိမှာဘာမှမရှိတော့။

ဒီခြံနှင့် အိမ်ကိုပင် အနိုင်နိုင်ချန်ထားရတော့သည်။

"ကိုစောဖေ ..."

"ပြော ..."

"အလုပ်ကိစ္စတစ်ခုတိုင်ပင်ချင်လို့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါကအရင်က မင်းထားရာနေ စေရာသွားမယ့် စောဝေ မဟုတ်ဘူးနော် ... "

"စံ သိပါတယ် ... "

ကျွန်မ ...

ရှင့်ကို မြူဆွယ်လို့မရနိုင်တော့ဘူး ...

ရုပ်ရည်မှ မရှိတော့တာဘဲ။

ကျဆုံးနေပြီ။

ဘဝကို ပြန်လည်ထူထောင်ဖို့ အတွက် နည်းမျိုးစုံ ကျွန်မကျင့်သုံးရမှာပဲ။

ရှင့်ကို လိုအပ်တယ်။

သေခ္ခာစိစစ်ရှာ။

ဖေါက်ထွင်းတဲ့နေရာမှာ ရှင့်ကိုမှီတဲ့ သူတစ်ယောက်မှ မရှိသေးဘူး။

ကျွမ်းကျင်သည်။

ကျွန်မမှာ ရုပ်ရည်ရူပကာမရှိတော့ဘူးဆိုတော့ တခြားနည်းလမ်းကိုပဲ အသုံးပြုရမှာပဲ ကိုစောဝေ ...

"ကျွန်မရှင့်ကို ရှင်းရှင်းပဲ ပြောတော့မယ် ... "

"ပြော ... "

"ကျွန်မမှာ ပွဲပေါက်တစ်ခု တွေ့ထားတယ် ... "

ထင်သားပဲ။

မင်း ...

ငါ့ကိုတွေ့တာ မရိုးသားနိုင်ဘူး ...



ကျော့ကျော့စံရဲ့ မျက်နှာပေါ်က ဒဏ်ရာတွေက ကြောက်စရာကောင်းလောက်အောင် အမာရွတ်ကြီးတွေထင်နေသည်။

မမှတ်သေးဘူး ...

လောဘရမ္မက်တွေကြီးနေဆဲပင် ဖြစ်နေသည်။

"ရှင် ... စိတ်ဝင်စားရဲ့လား ... "

"ပြောပါ ... "

"ရှင့်အတွက်လည်း အကျိုးအမြတ်ရှိမှာပါ ... "

"ပြောပါဦး ... "

ကျော့ကျော့စံ ...

မင်းကြောင့် ငါ့ဘဝတွေပျက်ခဲ့ရတယ်။

ထောင်ထွက်ဘဝခံယူခဲ့ရတယ်။

မင်းကို ငါမယုံတော့ဘူး။

"ကျွန်မခင်ဖွန်းဟောင်းရဲ့ သမီးကြီးအိမ်မှာ ရှင်ဒရိုင်ဘာလုပ်ရမယ် ... "

သဘောပေါက်ပြီ။

"ကောင်းကင်ဆိုတာက ... "

"အဲဒီအိမ်မှာ အိမ်ဖော်မလေးလုပ်မှာ ... "

"မင်းက ... "

"ကိုကက်နက်ရဲ့ သမီးကြီးအယ်လင်က အကူအညီတောင်းတာ ကျွန်မ ကူညီတာ ... "

ကူညီတာတဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



အကြံပက်စက်သည်။

"သူတို့က အချမ်းချမ်းသာတာပဲ ... အယ်လင်ရဲ့ ယောက်ျား ကဒုက္ခိတ ... "

"ဟင် ... "

"အောက်ပိုင်းသေနေတယ် ... အယ်လင်ကလည်း ... အိမ်ထောင်မှုကို ထိန်းသိမ်းနိုင်တဲ့ မိန်းမတစ်ယောက်လုံးဝ မဟုတ်ဘူး ... "

"မင်းသွားနေပါလား ... "

"ကျွန်မက နောက်အိမ်ထောင်ပြုလိုက်တော့ သူတို့နဲ့ စိမ်းသွားတယ် ... လင်ပါသမီးအိမ်မှာ မနေချင်ပါဘူး ... "

"မင်းက နောက်ကွယ်ကနေ ထိန်းချုပ်မှာမဟုတ်လား ... ကျော့ကျော့စံ ... "

"အဟက် ... "

ဒီမိန်းမအကြောင်းတွေကို စောဖေ ကသိထားပြီး သားဖြစ်သည်။

နောက်ကွယ်ကနေ ကြိုးကိုင်မှာ ...

"ရှင်လည်း ... ငွေမရှိလို့ ဒုက္ခရောက်နေတာ မဟုတ်လား ကိုစောဖေ ... "

ငါက မင်းကိုပဲ သတ်ပစ်ချင်နေတာဟု စိတ်ထဲက ပြောမိသည်။

ကျော့ကျော့စံကို ဘယ်လိုလုပ်ပြီး ထောင်ထဲပို့ရမလဲဆိုတာ စဉ်းစားနေမိသည်။



ကြံစည်ရမယ် ...

မင်းကိုအလွတ်မပေးနိုင်ဘူး ...

မိန်းမလည်မ ...

ရတဲ့ အကျိုးအမြတ်တွေကျတော့ တစ်ယောက်တည်းခံစားပြီး ဘဝတူတွေကျတော့ ထောင်ထဲပို့ချင်တဲ့ မိန်းမတစ်ယောက်ဖြစ်သည်။

"ကျော့ကျော့စံ ... "

"ပြော ... "

"ဒီတစ်ခါတော့ တို့ကိုထောင်ထဲပို့လို့မဖြစ်ဘူးနော် ... မင်းပါလိုက်ရမှာ ... မင်းအကျင့်စရိုက်တွေကို ငါသိထားပြီးပြီ လွယ်မယ်မထင်နဲ့ ... "

"ရှင် စိတ်ဝင်စားတယ်ပေါ့ ... "

"စဉ်းစားဦးမယ် ... မင်းကိုငါလုံးဝမယုံဘူး ... "

"ကျွန်မ နောင်တရနေပါပြီ ... ရှင့်အတွက် ကြိုက်သလို အကျိုးအမြတ်ယူပါ ... "

စောဖေ စဉ်းစားရဦးမယ် ...

ဒီမိန်းမက ယုံရတာမဟုတ် ...

"ကောင်းကင်ရေ ... "

ကျော့ကျော့စံ ခေါ်လိုက်သဖြင့် ကောင်မလေးတစ်ယောက်ထွက်လာသည်။

စောဖေ ငေါင်သွား၏။

ကြက်သေသေသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အားပါး ...

ချောလိုက်တာ ...

လှလိုက်တာ ...

အေးချမ်းပြီး ကြွေ့ရွသိကျွာကြီးမားလွန်းတဲ့ မိန်းကလေး ...

မင်း ... မင်း ...

ကျော့ကျော့စံလို မိန်းမတစ်ယောက်ရဲ့ လက်ထဲ ဘာ်လို့ ရောက်နေရတာလဲ ... ။

"ထိုင်ဦး ကောင်းကင် ..."

ကောင်မလေးက စောဖေရှေ့မှာ ကြိုကြို့လေးထိုင်နေသည်။

ခေါင်းလေးကို ငုံ့ထား၏။

"ကိုစောဖေ ..."

"ဟင် ..."

"သူက ကောင်းကင်ပြာတဲ့ ..."

"ကောင်းကင်ပြာ ..."

"အင်း ..."

"ရှင်နဲ့အတူ လက်တွဲလုပ်မယ့် မိန်းကလေးပဲ ..."

ကောင်းကင်ပြာ ...

မင်း ...

ဘယ်လို မိန်းကလေးလဲ ...

ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ...



မကောင်းမှု ဒုစရိုက်တစ်ခုကို ကျူးလွန်မယ့် မိန်းကလေးက ဘာလို့များ ဒီလောက်ထိ နူးညံ့အိစက်နေရတာလဲ ... ။

"ကောင်းကင်ပြာကို ရှင်လိုသလို အသုံးချနိုင်ပါတယ် ... ပွင့်ပွင့်လင်းလင်း ပြောထားမယ်နော် ... ရှင့်လက်ခုပ်ထဲကရေပဲ ..."

ကောင်းကင်ပြာက တုတ်တုတ်မလှုပ် ... ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာထိုင်နေဆဲပင်ဖြစ်သည်။

စောဖေ စိတ်ဝင်စားသွား၏။

ရင်တွေခုန်သွားသည်။

ဒီကောင်မလေးကို ခေါ်ပြီးကမ္ဘာကြီးရဲ့ အပြင်ဘက်ကို ပြေးထွက်သွားချင်မိလာရ၏။

"နောက်မှ အသေးစိတ်ထပ်ပြီး တိုင်ပင်တာပေါ့ ကိုစောဖေ ... ရှင်စိတ်ဝင်စားပါတယ်နော် ..."

အလိုမကျသလိုကြီးနှင့် ကျော့ကျော့စံ အနားမှ ထွက်ခွာလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ကောင်းကင်ပြာက ရှင့်ကို လက်ထောက်ချလိမ့်မယ် ... ရှင်က လှုပ်ရှားရမယ် ... "

"ပြဿနာတက်ရင်ရော ... "

"မတက်နိုင်ဘူး ... အယ်လင်က မိသားစုအပေါ် အာရုံစိုက်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူး ... ငွေတွေပျောက်လည်း ဟော်တော်နဲ့ သိနိုင်မှာ မဟုတ်ဘူး ... ကျွန်မတို့လစ်ထွက်သွားနိုင်တဲ့ အခြေအနေနှင့် အချိန်ရမှာ သေချာတယ် ... "

"စောဖေကိုတော့ အရင်တစ်ခါလို ဆက်ပြီး ထောင်ထဲပို့မယ်လို့တော့ မကြံနဲ့နော် ... "

"ကျွန်မသဘောပေါက်ပါတယ် ... ဓာတ်တူသားချင်းတွေဟာ သ်ကိုးသောင်း ပျက်မယ်ဆိုတာလေ ... "



"မင်းကိုလည်း ဒီတစ်ခါတော့ ငါကဆွဲထည့်မှာ ... "

"စိတ်ချပါ ကျွန်မတို့လစ်နိုင်အောင် အစီအစဉ်တွေကျွန်မချထားပါမယ် ... သုံးယောက်လုံး အကျိုးရှိစေရမှာပါ ... "

စောဖေစိတ်ဝင်စားမဲ့ဘာက ကောင်းကင်ပြာပဲ ...

ဒီမိန်းကလေး ဘာကြောင့်ငြိမ်သက်နေရတာလဲ ...

ကျော့ကျော့စံကို အကြောင်းတစ်ခုခုနဲ့ ကြောက်၍ တုန်လှုပ်နေပုံပင်။

သနားလိုက်တာ ...

တကယ့်ကို ...

နှစ်သက်မြတ်နိုးစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်သည်။

"ကိုစောဖေ ... "

"ဟင် ... "

"ကောင်းကင်ပြာကိုလည်း ... ရှင်စိတ်ဝင်စားတယ် မဟုတ်လား ... "

မင်းဟာ ဒီလောက် အကုသိုလ်တွေ ဖိစီးနေတာတောင် အသိတရားမရှိသေးပါလား ... ။

စောဖေကို ကောင်းကင်ပြာနှင့် မှားနေသည်။

ကျော့ကျော့စံကြောင့် မိန်းမတွေအပေါ် စောဖေစိတ်နာခဲ့မိ၏။

တွဲသည်။

အပျော်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ...

အလေးအနက်မရှိတော့။

"ရှင် ... အခုတစ်လော ကောင်မလေး ချောချောလေးတွေနဲ့ အတွဲများနေတယ်လို့ ကြားပါတယ်နော် ... "

"ကျော့ကျော့စံ ... "

"အရင်ကလို စံလို့ပဲခေါ်ပါလား ကိုစောဖေ ... "

"တကယ်တော့ မင်းကိုငါ စိတ်နာနေတာပဲ ကျော့ကျော့စံ ... ငါ့သတ်ပစ်ချင်လောက်အောင်ကို မင်းကိုမုန်းတာ ... "

"ကျွန်မသိပါတယ် ... ဒါကြောင့် ရှင့်ကိုကျွန်မအနူးအညွတ်တောင်းပန်နေတာပေါ့ ... "

ကိုစောဖေ ...

ရှင့်လောက်တော့ ကျော့ကျော့စံတို့က အပျော့လေးပဲ။

ခြင်းထဲက ကြက်လေး။

ရှင့်ကို အချိန်မရွေး ရိုက်သတ်လို့တောင်ရတယ် ... ကျော့ကျော့စံပဲဟာ ...

မိန်းမချောလေးတွေနဲ့ ပတ်သက်လာရင် ရှင်က အညံ့ခံတတ်သူပါ။

ပျော့တယ်။

စွဲလမ်းနှစ်သက်တတ်တယ်။

"ကိုစောဖေ ... "

"ဘာလဲ ... "



"မနက်ဖြန်လုပ်ငန်းစမယ် ... "

"စီစဉ်ပြီးပြီလား ... "

"အင်း ... "

"လွယ်လှချည်လား ... "

"ကျွန်မပြောဆိုထားပြီးပြီ ... "

"နေပါဦး ကျော့ကျော့စံ ... "

"ပြော ... "

"ကောင်းကင်ပြာလို မိန်းမချောလေးတစ်ယောက်ကို အယ်လင်က သူ့ခင်ပွန်းအနားမှာထားမလား ... "

"ထားတယ် ... တမင် ... ချောချောကောင်မလေးတစ်ယောက်ကိုမှာတာ ... "

"ထူးဆန်းလှချည်လား ... "

"အယ်လင်က ယောကျ်ားတာဝန် ဝတ္တရားတွေကိုမကျေပွန်ဘူး ... သွားချင်ရာသွားနေတာ ... ယောကျ်ားကို နှစ်သိမ့် ပေးထားတာလေ ... "

ဒီလိုမိသားစု အသိုင်းအဝိုင်းတွေနှင့် ကျော့ကျော့စံလာတွေ့ရသည်။

"အယ်လင်ယောကျ်ား ဝတ္တုထင်က စိတ်ကြမ်းကိုယ်ကြမ်းနဲ့ဒေါသအရမ်းကြီးနေတယ် ... ရောဂါဝေဒနာကြောင့် သူ့ကိုယ်သူအားမလိုအားမရဖြစ်ပြီး ဒေါသတွေပေါက်ကွဲနေတတ်တယ်တဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏထင်စိတ်တွေ ပျော့ညံ့လာအောင် မိန်းမချော လေးတစ်ယောက်ကို အနားမှာ ထားပေးလိုက်ဖို့ ကျော့ကျော့စံ ကပဲ အကြံပေးလိုက်သည်။

"ဒုက္ခိတပဲ အယ်လင် ... ဘာမှပြဿနာမဖြစ်နိုင်ပါဘူး ... ညည်းလည်း တာဝန်ပေါ့တာပေါ့ ... "

"အယ်လင်က ယောက်ျားကို ကွာရှင်းပစ်ချင်တာမမ ... သူ့ငွေတွေရော ... လုပ်ငန်းတွေရော သူ့နာမည်နဲ့ အားလုံး ဖြစ်နေတော့ ခက်နေတယ် ... "

အယ်လင်က မိဘအမွေတွေရော ယောက်ျားပစ္စည်း တွေပါ သုံးဖြုန်းပစ်နေသော မိန်းမတစ်ယောက်သာဖြစ်သည်။

ဝဏ္ဏထင်က ထိန်းချုပ်ထား၏။

တပည့်ကျော်လူယုံတွေနှင့် ယနေ့တိုင် စီမံကွပ်ကဲ အုပ်ချုပ်နေသည်။

အယ်လင်ထင်တိုင်း ကြံလို့မရ။

ဒုက္ခိတယောက်ျားကို ပစ်ပြီးသွားချင်တိုင်းသွားနိုင်ဖို့ အကွက်ဖန်သည်။

"မမ စီစဉ်ပေးမယ် ... ကောင်မလေး ချောချောလေး တစ်ယောက် အယ်လင့်ယောက်ျားကို ပြုစုဖို့ ပို့လိုက်ရင် ... "

"အရေးကြီးတာက အယ်လင်လွတ်လွတ်လပ်လပ်နေရရင် ပြီးရော ... ကိုကိုကအရမ်းဒေါသကြီးနေတယ် ... သူကအမြဲ တမ်း အလုပ်တွေနဲ့ တက်ကြွနေတတ်တာ မဟုတ်လား ... "

"အယ်လင် အေးအေးသာနေ ... မမစီစဉ်မယ် ... "



အယ်လင်က ကျော့ကျော့စံလက်ထဲသို့ အားလုံး ဝကွက်အပ်လိုက်သည်။

"ကိုစောဖေ ... "

"ဟာင် ... "

"မပိုင်ဘူးလား ... "

"ကောင်းပါတယ် ... "

"ဒီတစ်ခါ ရှင့်အတွက် အကျိုးအမြတ်အများကြီး ဖြစ်စေရ ပါမယ်လို့ ကတိပေးပါတယ် ... "

"မင်းအရင်တစ်ခါလို ကလိမ်ကကျစ် ... လုပ်ရင်တော့ မင်း လည်း ထောင်နန်းစံရမှာနော် ... "

အရင်က ...

ကျော့ကျော့စံကို ယုံပြီး သူတစ်ယောက်တည်း အပြစ်တွေအားလုံးခံခဲ့သည်။

"ငါက မင်းထင်သလောက် ပျော့ညံ့တဲ့စောဖေ မဟုတ် တော့ဘူးနော် ... "

"သိပါတယ် ... "

"ငါဘာတာဝန် ယူရမလဲဆိုတာ မင်းပြောပါ ... "

"ဝဏ္ဏထင်က အရမ်းထောတယ် ... ရှေ့တိုးတွေ စိန်တုံးတွေ စုဆောင်းထားတယ်လို့ စံ ... သတင်းအတိအကျရထား တယ်..."

"အဲဒီတော့ ... "

"ကောင်းကင်ဖြာက ရှင့်ကို သတင်းအချက်အလက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိမ့်မယ် ... ရှင်ဘာဆက်လုပ်ရမလဲဆိုတာ သဘော ပေါက်လောက်ပြီပေါ့ ... ”

စောဖေကတော့ ငွေကြေးတွေရော ကောင်းကင် ပြာဆိုတဲ့ ကောင်မလေးကိုရော ရယူပိုင်ဆိုင်ချင်တဲ့ ဆန္ဒတွေ ပြင်း ပြနေမိသည်။

ကျော့ကျော့စံက ငယ်ကချစ်တဲ့ အချစ် ...

ကောင်းကင်ပြာက ကြီးမှချစ်တာ။

ပို့ပြီး လေးနက်သလိုပင်။

ကြီးမှ ဝက်သက်ပေါက်ချင်နေပြီ။

“ရှိလာမယ့် ပစ္စည်းဥစ္စာငွေကြေးအကျိုးအမြတ်တွေ အပြင် ကောင်းကင်ပြာက ရှင့်အတွက်ကျွန်မရဲ့ မေတ္တာလက် ဆောင်ပါ ... ”

“ကောင်းကင်ပြာကရော ငါ့ကိုကြိုက်ပါ့မလား ... ချစ်ပါ့ မလား ... ”

စောဖေစိတ်တွေ လှုပ်ရှားပြီး တုန်ယင်စွာမေးမိ သည်။

“မပူပါနဲ့ ကျွန်မအမိန့်ကို လုံးဝမလွန်ဆန်နိုင်တဲ့ မိန်းကလေး တစ်ယောက်ပါ ... ”

“မင်းရဲ့ ထောင်ချောက်ထဲက ပင့်ကူလေးတစ်ကောင်ပေါ့ ဟုတ်လား ... ကျော့ကျော့စံ ... ”

“အင်း ... ”

“ကောင်းပြီလေ ... မင်းအစီအစဉ်ဆွဲပါ ... ”



“မနက်ဖြန်နော် ... ”

“အိုကေ ... ”

“ဟင်း ... ဟင်း ... ဟင်း ... ကောင်းကင်ပြာကိုတွေ့တော့ ကျွန်မငယ်စဉ်ဘဝက ရှင်နှစ်သက်မြတ်နိုးခဲ့တာတွေကို သတိရလိုက်တာ ... ”

သူ ...

ပခုံးကို တွန့်ပစ်လိုက်မိသည်။

မင်းနဲ့ ပတ်သက်လာရင် စောဖေတို့က နောက်ကျ နေပြီ။

ခံရပေါင်းများလို့လေ။

“ဟင်း ... ဟင်း ... ဟင်း ... ရယ်ရတယ်နော် ... ကျွန်မ ဝင့်လည်တာပါ ... ရှင့်လိုယောကျ်ားတစ်ယောက်အပေါ် ကျေးဇူးကန်းမိတယ် ... အတိတ်တွေက အတိတ်မှာပဲ ကျန် ခဲ့ပါပြီလေ ... ”

“အပိုတွေပြောမနေစမ်းပါနဲ့ ကျော့ကျော့စံ ... မင်းနဲ့ငါအ လုပ်တာဝန်တွေပဲ ပြောချင်တယ် ... ”

“ဟင်း ... ဟင်း ... ဟင်း ... ”

ကျော့ကျော့စံရဲ့ ရယ်မောသံကြီးကို နားကြားမြင်း ထပ်စွာဖြင့် ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ကောင်းကင် ..."

"ရှင် ..."

"ကျုပ်ကို တစ်ချက်လောက်မော့ကြည့်စမ်းပါ ..."

သူမ ...

ကြောက်ရွံ့နေမိသည်။

ခါးသည်းနာကြည်းဖွယ် ဘဝတွေကို ကြမ်းတမ်းစွာ ဖြတ်သန်းရတော့မည်။

ဒေါ်ကျော့ကျော့စံ။

ယုတ်မာကောက်ကျစ်လွန်းတဲ့ မိန်းမကြီးတစ်ယောက်ပဲ ဖြစ်နေသည်။

လာပြန်ပြီ တစ်ယောက် ...



ကိုစောဖေတဲ့ ...

ကောင်းကင် ကြောက်လိုက်တာ ...

ဒီလူကြီးကလည်း ကောင်းကင်ကို ဒုက္ခပေးဖို့ ရောက်လာတာပဲ။

မော့မကြည့်ရဲ ...

မဖြစ်ဘူး ...

ဒေါ်ကျော့ကျော့စံကိုကြောက်တယ် ...

အဖေ့အတွက်ပါ ...

ဆေးကုဖို့အတွက် ငွေတွေအများကြီး ယူလိုက်ရသည်။

ထို့အပြင် ...

သူမကို စော်ကားဖို့ကြံစည်တဲ့ လူတစ်ယောက်ကို သူမ ဘာမှမလုပ်ရဘဲနှင့် သေဆုံးသွားခဲ့ရသည်။

အဖေနေမကောင်းတဲ့အချိန်တွင် သူမတို့ပိုင်ဆိုင်တဲ့ အိမ်ကြီးကို ရောင်းလိုက်ရ၏။

ဒေါ်ကျော့ကျော့စံက ဝယ်သည်။

"သမီးတို့သားအဖ ဒီမှာဆက်နေလေ ... အန်တီကလည်း တစ်ယောက်တည်းပဲဟာ ..."

ကောင်းကင်အားကိုးမိသည်။

အဖေနေမကောင်းလို့ ဘာမှ မလုပ်တတ်အောင် တတ်ဖြစ်ရ၏။

အိမ်ရောင်းတော့လည်း အကြွေးတွေကများနေလို့

www.burmeseclassic.com

www.burmeseclassic.com



ကုန်သွားသည်။

နေစရာဘယ်မှာရှာရမလဲ ...

မရှာတတ် ...

ဒေါ်ကျော့ကျော့စံက နေဆိုတော့ သူမ ဝမ်းသာသွားမိသည်။

ကျေးဇူးတွေ တင်သွားရ၏။

အဖေနှင့်နေသည်။

ဆေးဆက်ကုဖို့အတွက် ဒေါ်ကျော့ကျော့စံက ငွေထုတ်ပေး၏။

ကောင်းကင်က လက်မှတ်ထိုးထားရသည်။

ငွေတွေမများ။

အတိုးနှင့်နှစ်နေသည်။

"ညည်းလေးကို ကျုပ်ကူညီထားတာပဲ ကျေးဇူးတင် ... မယုံကြည်ရရင် အတိုးနဲ့တောင် ချေးကြတာမဟုတ်ဘူး ..."

အဖေဆုံးသွားသည်။

ကောင်းကင်ဘယ်လိုဆပ်ရမှန်း မသိအောင်ဖြစ်ရ၏။

"ညည်းလေး ကျုပ်အိမ်မှာပဲဆက်နေ ... ကျုပ်ဝေယျာဝစ္စတွေလုပ်ပေး ... ကျုပ်ထမင်းကျွေးထားမယ် ... "

"ကျွန်မ ... အလုပ်ထွက်လုပ်မယ် ... အကြွေးတွေကျေဖို့ အတွက်ပါအန်တီစံ ... "

"ဒီမှာပဲ ခဏနေစမ်းပါ ... အကြွေးကနောက်မှဆပ် ... လောလောဆယ်လခပေးထားမယ် ... "





သူမ ...

ဒေါ်ကျော့ကျော့စံကို ကျေးဇူးတွေ အထူးတင်ခဲ့မိသည်။

အိမ်မှုကိစ္စတွေ လုပ်ပေးခဲ့၏။

တစ်နေ့ ...

"ကောင်းကင် ... "

"ရှင် ... "

"ဒီညှိသည်ကို ကောင်းကောင်းဧည့်ခံလိုက်ပါနော် ... အန်တီစံ့ မိတ်ဆွေ ... ညည်းလေးအလိုက်အထိုက် ကြည့်ဧည့်ခံထားနော် ... "

"ဟုတ် ... "

အိမ်ကြီးထဲမှာ နှစ်ယောက်တည်း ...

ဒေါ်ကျော့ကျော့စံက အကြောင်းပြပြီး အပြင်ထွက်သွားသည်။

ဧည့်သည်ကို ဧည့်ခံရ၏။

မကြာခင် ...

ဧည့်သည်က အကြောင်းပြလာသည်။

ကောင်းကင်အပေါ် ထိကပါး ရိကပါးနှင့် စော်ကားချင်တဲ့ အမူအယာတွေ ပြလာ၏။

"ကျွန်မ မိန်းမကောင်းနော် ... ရှင်ဘာတွေ လာပြောနေတာလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



“မင်းကြီးကျယ့်မနေစမ်းပါနဲ့ ... ကျော့ကျော့စံဆီမှာ နေဟဲ့ မိန်းကလေးကများ ... ”

“ရှင် ... ”

“ငါနဲ့ငွေကြေးအပေးအယူလုပ်ပြီးမှ မင်းဆီလာခဲ့တာ ... ”

သူမအား စော်ကားဖို့ကြံသည်။

လက်မခံဘဲ ထွက်ပြေးခဲ့၏။

လမ်းမှာ ...

ဒေါ်ကျော့ကျော့စံနှင့်တွေ့သည်။

“ညည်းပြန်လိုက်ခဲ့ ... ကျုပ်ပိုက်ဆံအကြွေးတွေ မဆပ်ဝဲ ထွက်ပြေးဖို့ ကြိုးစားမလို့လား ... ညည်းထောင်ထဲရောက်သွားချင်လို့လား ... ”

သူမ ...

ပြန်လိုက်ခဲ့ရသည်။

“ကျွန်မကိုယ်ကျင့်တရားပျက်ပြားတဲ့ အလုပ်တွေကိုမလုပ်နိုင်ဘူး ... ကျွန်မကို ထောင်ထဲပို့ချင်ပို့ပါ ... ”

ပြောခဲ့သည်။

“ကောင်းပါပြီ ... ညည်းမလုပ်ချင်တာ မလုပ်ခိုင်းပါဘူး ... ”

အိမ်ပြန်ရောက်လာသည်။

ဒေါ်ကျော့ကျော့စံရဲ့ အကြောင်းတွေကို ကောင်းကောင်းသိလိုက်ရ၏။

ရိုးသားတဲ့ မိန်းမတစ်ယောက်တော့ လုံးဝမဖြစ်နိုင်ပေ။



ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ မိန်းမကြီးတစ်ယောက်။

ယုတ်မာကောက်ကျစ်တဲ့ မိန်းမကြီးတစ်ယောက်ပဲ။

ကောင်းကင်ကြောက်နေမိသည်။

ထွက်ပြေးဖို့ပဲ ကြံစည်နေမိ၏။

“ညည်းကျုပ်လက်ထဲကနေ လွတ်ဖို့ဘယ်တော့မှ မကြိုးစားနဲ့နော် ... ကောင်းကင်ပြာ ... ကျုပ်မှာ အသိုင်းအဝိုင်းတွေအများကြီးပဲ ... ”

သူမ ...

ထောင့်ထဲဝင်လိုက်ချင်တော့တယ် ...

ကြောက်လည်း ကြောက်နေမိသည်။

ဘယ်မှ ...

မသွားတတ် ... မလာတတ် ...

မမျှော်လင့်ဘဲ ...

ဒေါ်ကျော့ကျော့စံရဲ့ ထောင်ချောက်ထဲ ပြန်ဝင်ခဲ့သည်။

သူမ အိပ်ပျော်နေစဉ် သူမနှင့်ပြဿနာဖြစ်ခဲ့သော ...ကြီးက သူမအနားမှာ သေဆုံးနေတော့၏။

ကြောက်လန့်တကြားနှင့်ထမိသည်။

“ကောင်းကင်ဘာဖြစ်တာလဲ ... ညည်းအခန်းက လှုပ်ရှားသံတွေကြားလို့ ... ”

ဒေါ်ကျော့ကျော့စံ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ညည်း ... ညည်း ကိုဘကျော့်ကို သတ်လိုက်တယ် ဟုတ်လား ..."

"မဟုတ်ဘူး ... မဟုတ်ဘူး ... ကျွန်မလုံးဝမသတ်ဘူး ... ကျွန်မဒီလူကြီး ရောက်နေတာတောင်မသိဘူး ..."

"ညည်း ... အခန်းထဲမှာ တွေ့တာပဲ ... ညက တောင် အကောင်းကြီး ... ကျုပ်ဖုန်းဆက်လိုက်တော့မယ် ..."

"ကျွန်မ ... ကျွန်မ ..."

ကောင်းကင်ဘာပြောရမလဲ ...

ကြောက်စိတ်တွေကြောင့် အသားတွေပင်တဆတ် ဆတ်တုန်နေသည်။

ရင်မဆိုင်ရဲပေ။

အားကိုးရာမဲ့စွာဖြင့် ဒေါ်ကျော့ကျော့စံထားရာနေ စေရာသွားရမဲ့ ဘဝအခြေအနေကို ရောက်သွားရသည်။

"ညည်းမလုပ်စေချင်တဲ့ အလုပ်ကို မခိုင်းပါဘူး ... ဒါပေမဲ့ ကျုပ်အကျိုးစီးပွားအတွက် တစ်ကြိမ်ပဲ ကူညီပါ ..."

တစ်ကြိမ်ပဲတဲ့ ...

"ကျုပ်ခိုင်းစေတဲ့ ကိစ္စအောင်မြင်ရင် ညည်းအကြွေးပူလို့ လက်မှတ်ထိုးထားတဲ့ စာချုပ်ကို ပြန်ပေးမယ် ... ညည်းကို လွတ်လပ်ခွင့်ပေးမယ် ... အရင်းအနှီးလုပ်စားဖို့လည်း ပေး မယ် ..."

သူမ ...

ဒေါ်ကျော့ကျော့စံ လက်ကနေဘယ်နည်းနဲ့မဆို



လွတ်မြောက်အောင် ကြိုးစားချင်မိသည်။

ဟန်ဆောင်ကောင်းသလောက် ကြောက်စရာ ကောင်းသည့် မိန်းမကြီးတစ်ယောက်ဖြစ်၏။

အစီအစဉ်တွေကို ပြောပြသည်။

အိမ်ဖော်လုပ်ရမှာ ...

သူမငြင်းဆန်နိုင်တဲ့ အင်အားမရှိ ...

"ကိုစောဖေကို ညည်းသတင်းပေးရုံပဲလေ ... တခြားဘာမှ လုပ်စရာမလိုဘူး ... အဲဒီအိမ်မှာ ဒုက္ခိတတစ်ယောက်ပဲရှိ တာ ... အယ်လင်ကသွားချင်ရာသွား နေချင်ရာနေတာ..."

ဒေါ်ကျော့ကျော့စံက မိန်းမလည်မကြီး တစ် ယောက်ဖြစ်သည်။

သူကိုယ်တိုင်က ကြိုးကိုင်ပြီး မကောင်းမှုတွေ လုပ် စေခဲ့၏။

အပြစ်လွတ်အောင်တော့ ကြိုတင်ရှောင်ရှားနိုင်ရန် နောက်ကွယ်မှနေသည်။

"ကိုစောဖေက လူပျိုကြီး ... ညည်းအားကိုးနိုင်တယ် ... စိတ်သဘောထားနူးညံ့ပြီး သိပ်ချစ်တတ်တယ် ..."

သူမ ...

ကြောက်နေမိသည်။

သတ္တိတော့မွေးရမှာပဲ။

"အန်တီစံ ကတိတည်ပါနော် ... ကျွန်မကိုလွတ်ပေးပါ ... ကျွန်မကောင်းရောင်းကောင်းဝယ်လုပ်စားပြီး အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးနေချင်ပါတယ် ... ”

“ကျုပ်ကတိတည်မယ် ... ညည်းဆန္ဒမပါတဲ့ အလုပ်တွေကို ကျုပ်မခိုင်းတော့ပါဘူး ... ”

စိတ်ထဲမှာ တုန်လှုပ်ချောက်ချားမှုတွေပဲ ပြည့်နှက်နေသည်။

လက်မခံ၍လည်း မရတော့။

ပြေးစရာမြေမရှိ။

ထောင်ထဲမှာ သွားနေရမည့် အရေးကိုတွေးပြီး ကြောက်နေမိသည်။

ရင်မဆိုင်ရဲပေ။

“ညည်းတို့သားအဖကို ကျုပ်စောင့်ရှောက်ကြည့်ရှုကျွေးမွေးခဲ့တာပဲ ... ဒီကျေးဇူးတော့ ပြန်ဆပ်သင့်တယ် ... ”

သူမဘယ်လိုမှ ငြင်းဆန်နိုင်စွမ်းမရှိတော့အောင် ဖြစ်ရသည်။

လက်ခံလိုက်ရ၏။

ဒီမိန်းမကြီးကို ပေးဆပ်မယ် ...

ပြီးရင် ...

ကျွန်မအေးအေးဆေးဆေးနေထိုင်ဖို့ စဉ်းစားနေမိသည်။

“တစ်စုံတစ်ခုပြဿနာဖြစ်လာရင် ညည်းမပါစေရဘူး ... ကျုပ်နဲ့ ကိုစောဖေပဲခံမယ် ... စိတ်ချ ကိုစောဖေကညည်းကိုထောင်ထဲ ဘယ်တော့မှ ထည့်မှာမဟုတ်ဘူး ... ”



ကိုစောဖေဆိုတဲ့ လူကြီးကတော့ သနားကြင်နာတတ်တဲ့ လူကြီးတစ်ယောက်ဖြစ်သည်ဟု ထင်မိသည်။

“ကောင်းကင်ပြာ ... ”

“ရှင် ... ”

“ကြောက်နေလား ... ”

“ဟုတ် ... ”

“ကျုပ်ကို မော့ကြည့်စမ်းပါ ကောင်းကင်ပြာ ... ”

“ဟင် ... ”

သူမ ...

အားယူပြီး မော့ကြည့်မိသည်။

ကိုစောဖေ ...

တောင့်တင်းသန်မာတဲ့ လူကြီးတစ်ယောက် ...

ဒီလူကြီးရဲ့ မျက်ဝန်းတွေထဲမှာ ယုတ်မာကောက်ကျစ်မှုတွေမရှိ။

ရိုးသားဖြူစင်နေသည်။

ဒေါ်ကျော့ကျော့စံက ပြောတော့ ဖေါက်ထွင်းဝိဇ္ဇာကြီးတဲ့ ...

“ကိုစောဖေက အရမ်းတော်တယ် ... ပီရိတယ် ... လျှင်မြန်ဖျတ်လတ်တယ် ... ညည်းဘာမှမကြောက်နဲ့ ... ”

ကိုစောဖေဆိုတဲ့ လူကြီးကို သူမ အားကိုးတကြီး မော့ကြည့်မိသည်။

မကောင်းမှုဒုစရိုက်တွေ ကျူးလွန်ဖို့ စိတ်ကူးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တောင် စဉ်းစားမရနဲ့ ...

"အမေတို့ဆင်းရဲတာက ဆင်းရဲတာပဲ သမီး ... သူများပစ္စည်းကို စိတ်ကူးနဲ့တောင် ရယူဖို့ မပြစ်မှားရဘူးနော် ... ဝဋ်ကြွေးကြောက်တယ် ... နောင်ဘဝသူများပြောခံရမှာ ... "

အမေကဆုံးမခဲ့သည်။

ငါးပါးသီလကို အမေက အမြဲတမ်းဆောက်တည်ထားပြီး သူမကိုလည်း သွန်သင်ဆုံးမနေတတ်ခဲ့၏။

အခုတော့ ...

ကံကြမ္မာက ဖန်တီးနေပြီ။

သူများပစ္စည်းဥစ္စာတွေကို ခိုးယူမည့်အကြံအစည်မှာ သူမပါဝင်ရတော့မည့်အခြေအနေဖြစ်နေသည်။

"ကျွန်မဒီအလုပ်တွေကို စက်ဆုပ်အရွံရှာဆုံးပါပဲ ... ကိုစောဖေ ... "

သူမထက် အသက်ကြီးပေမယ့် ကိုစောဖေဟုခေါ်လိုက်သည်။

ကိုစောဖေကိုတော့ သူမ အပိုင်ကပ်ထားရမည်ဟု အသိရှိနေ၏။

အားကိုးရာမှမရှိတာ။

"မင်းကို ကျော့ကျော့စံက ဘာတွေအကျပ်ကိုင်ထားလဲ"

"ကျွန်မကို ... "

"အင်း ... "

သူမ ...



ပြောပြလိုက်သည်။

"တောက် ... တော်တော်ယုတ်မာကောက်ကျစ်တဲ့ မိန်းမပဲ ... မင်းလို နုနုညံ့ညံ့သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ကိုမှကွာ ... "

စောဖေမခံနိုင်။

ဒေါသထွက်နေမိသည်။

ကျော့ကျော့စံ ...

မင်းတော်တော်ယုတ်မာတာပဲ။

"မင်းလူမသတ်ဘူးဆိုတာ ငါယုံတယ် ... ဒါပေမဲ့ မင်းဘက်က အမှန်တရားကို ထုတ်ဖော်ဖို့ကို ငါ အကူအညီမပေးနိုင်ဘူး ... "

စောဖေမှာလည်း ကျော့ကျော့စံ သာသိတဲ့ ပြစ်မှုတွေကျူးလွန်ထားတာရှိသည်။

သက်ဆိုင်ရာနဲ့ ရင်မဆိုင်ရဲပေ။

လျှို့ဝှက်စွာ နေရတဲ့ဘဝ ...

သူ ...

ထောင်ထဲသို့ ထပ်မဝင်ချင် ...

ကျော့ကျော့စံ ...

မင်းမကောင်းမှု အကုသိုလ်တွေ အတော်လေးများနေပြီပဲ ...

လောဘရမ္မက်ကြီး သလောက် ကျော့ကျော့စံရဲ့ဆန္ဒက မပြည့်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



သာမန်နှင့်လည်း မကျေနပ်နိုင်တဲ့ မိန်းမတစ်ယောက်ဖြစ်သည်။

လည်လွှန်လွှန်း၏။

ဂျင်ပေါက်ထုံးလို့ပဲ ပြောရမလား ...

ကျော့ကျော့စံကို ပညာပေးဖို့မှာ ဘယ်လိုမှအကွက်မဝင်ခဲ့ပေ။

သူ့ထောင်ချောက်ထဲပဲ ပြန်ပြန်ဝင်သွားရတာကများသည်။

"မင်းဘာမှ အားမငယ်နဲ့ ကောင်းကင် ... ကိုစောဖေက ညီမယ် ... မင်းလူသတ်မှုအတွက် ကျော့ကျော့စံကို ကိုယ်အကြပ်ကိုင်ပြမယ် ... ဒီတစ်ခါတော့ အမှုတွဲထဲမှာတော့ ကျော့ကျော့စံကို ခွဲဝေထည့်ရမယ် ... "

"ဟို ... ဟို ... ကျွန်မကြောက်တယ် ... ဒေါ်ကျော့ကျော့စံက အရမ်းကြောက်စရာကောင်းတဲ့ မိန်းမကြီးတစ်ယောက်ပဲ ... "

သူ ...

ကျော့ကျော့စံ စေခိုင်းတဲ့ အမှုကို ကျူးလွန်မည်

ဘာလို့လည်းဆိုတော့ ...

ငွေလိုနေသည်။

ကောင်းကင်ပြာလေးနဲ့အတူနေဖို့ ...

တကယ့်ကို ...



ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။

စောဖေ ချစ်သွားပြီ။

ဒီတစ်ခါတော့ ...

ကျော့ကျော့စံက သူ့အကြိုက်တွေကို သိတယ်လို့ပြောရမလား ...

ကောင်းကင်ပြာလို ချစ်စရာကောင်မလေးကိုမှ တာဆက်ပေးခဲ့သည်။

"ကျွန်မ ... ကျွန်မက ဒီလိုမကောင်းမှုဒုစရိုက်တွေကို လုပ်ဖို့ စိတ်ကူးနဲ့တောင် မပြစ်မှားချင်ပါဘူး ကိုစောဖေ ... "

"ကျုပ်လည်း မကောင်းမှုဒုစရိုက်တွေကို မလုပ်ချင်ခဲ့ဘူးဒါပေမဲ့ ... "

စောဖေဆက်မပြောချင်တော့ဘဲ စကားတွေကိုရပ်လိုက်မိသည်။

ကျော့ကျော့စံကို ချစ်လို့ဟု ပြောရမှာ ကောင်းကင်ရှေ့မှာ မပြောချင်ပေ။

"ကောင်းကင်ပြာ ... "

"ရှင် ... "

"မလွဲမရှောင်သာပဲ ကိုယ်တို့ ... ကြံစည်ကြရတော့မှာပဲကောင်းကင်ပြာ ... "

စောဖေစိတ်ကူးက ငွေတွေရလျှင် ကောင်းကင်ပြာနဲ့ အေးဆေးစွာနေမည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေကလိုအပ်နေသည်။

အခုမှ ...

ပိုပြီး လိုအပ်နေသည်။

ကောင်းကင်ပြာလေးအတွက်ပဲ ...

ငွေ ...

ဘယ်က ရရ ...

မင်းနဲ့ကျူပ်အေးချမ်းတဲ့ ဘဝလေးကို တည်ဆောက်ချင်တယ် ...

စာဖေစိတ်ကူးတွေ ယဉ်နေမိသည်။

## အခန်း (၆)

အယ်လင့် အကြည့်တွေက ကောင်းကင်ပြာ ဆိုတဲ့ ကောင်မလေးဆီ စူးစိုက်စွာဖြင့် ရောက်နေမိသည်။

ကိုကို့အနားမှာ နေမယ့်ကောင်မလေး ...

မေမေစံ စီစဉ်ပေးတာ ...

ချောတာပဲ ...

ကြန့်ရှိပုံပဲ။

ကိုကိုက ဒုက္ခိတ ...

မထင်မှတ်ဘဲ ...

လေဖြတ်သွားပြီး အောင်ပိုင်းတွေ မလှုပ်ရှားနိုင်ဘဲ ဖြစ်သွားရသည်။

ကိုကိုကအလုပ်ကိုတက်ကြွစွာ လုပ်ကိုင်လှုပ်ရှားနေတတ်သူ။

www.burmeseclassic.com

www.burmeseclassic.com



အအေးခန်းထဲမှာ အနေများပြီး အညောင်းထိုင်တာ များ၍ ဖြစ်မည်။

ခြောက်ပိုင်းမလှုပ်ရှားနိုင်တော့ ...

ဒေါသဖြစ်နေသည်။

သူ့ကိုယ်သူအားမလိုအားမရဖြစ်ပြီး ရန်လိုနေတတ်၏။

အယ်လင် ... စိတ်ညစ်တယ်။

အိမ်မှုကိစ္စတွေလည်း လုံးဝစိတ်မဝင်စားနိုင်ဘူး။

မျော်ပါး သုံးဖြုန်းနေတာကိုပဲ အယ်လင် ဂါသနာပါတယ် ...

ကိုကို့ကို ပြုစုဖို့ လူတစ်ယောက်လိုတယ် ...

အဲဒါ ...

ချောမောလှပတဲ့ မိန်းကလေးပဲ ...

"ဘယ်လိုလဲ ... အယ်လင် ဒီကောင်မလေးကို သဘောကျရဲ့လား ..."

"ကျပါတယ် ... မေမေစံက အရွေးကောင်းသားပဲ ..."

"သူ့နာမည်က ကောင်းကင်ပြာတဲ့ ... ဒါက ကားဒရိုင်ဘာကိုစောဖေကဲ့ ..."

"လခတွေဘာတွေကိုတော့ မေမေစံပြောထားပြီးသားနော်..."

"ပြောထားပြီးသားပါ ..."



အယ်လင်တို့အဖေ ဦးကက်နက်နှင့်လက်ထပ်စဉ်က မိမိချမ်းသာခဲ့သည်။

ဂုဏ်ဒြပ်တွေရှိခဲ့၏။

ဦးကက်နက်မှာ သမီးတစ်ယောက်ရှိပေမဲ့ ရန်ကုန်မှာ အိမ်ထောင်ကျနေသည်။

ချမ်းသာ၏။

ဘာမှအနှောင့်အယှက်မရှိခဲ့။

လူပျိုကြီး အပျိုကြီးအဖြစ် လက်ထပ်ခဲ့ကြသည်။

ဦးကက်နက်ဆုံးတော့ ကျော့ကျော့စံ ဘဝအဖတ်ဆည်လို့မရအောင် ပျက်စီးခဲ့၏။

နှောက်အိမ်ထောင်ပြုသည်။

ကားအက်စီးဒင့်ဖြစ်၏။

ဘဝအတွက် အကောင်းဆုံးတွေမရှိခဲ့။

ကျော့ကျော့စံပဲဟာ ...

ဘဝကို ပြန်လည်ထူထောင်ဖို့အတွက် အစွမ်းကုန်ကြိုးစားခဲ့သည်။

ကျော့ကျော့စံ ဘဝကမိုပြုံးနစ်နေပြီဖြစ်၏။

စောဖေဆိုသူ လူတစ်ယောက်ကတောင် စိတ်မဝင်စားတော့။

လင်ပါသမီး အယ်လင်က အားကိုးတကြီး အကူအညီတောင်းသည်။

အယ်လင်လည်း ပေါ့ပျက်ပျက်မိန်းမပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ အလေးအနက်ထားတဲ့ မိန်းမတစ်ယောက် မဟုတ်ပေ။

ကျော့ကျော့စံနဲ့ ပြန်တွေ့ကြတာ မကြာသေးပေ။

“မမေစံ ... စီးပွားရေးတွေလုပ်တာ အရှုံးပေါ်တယ် ... အလိမ်ခံရတယ် ... ရှိသမျှစည်းစိမ်တွေ ပြုတ်ပြုတ်ပြန်းတာပဲ ...”

အယ်လင့်ကို ပြောလိုက်သည်။

“အယ်လင် ...”

“ရှင် ...”

“မမေစံ သူတို့ကို ထားခဲ့မယ် ...”

“ဟုတ်ကဲ့ ...”

“မမေစံလည်း မကြာခဏလာကြည့်ပါ့မယ်နော် ... အယ်လင်...”

“ဟုတ်ကဲ့ ...”

ဒေါ်ကျော့ကျော့စံ ပြန်လာခဲ့သည်။

အယ်လင်ကတော့ ဒရိုင်ဘာကိုစောဖေအား ခြံထဲမှာရှိတဲ့ အလုပ်သမားတန်းလျားမှာ နေရာချထားပေးလိုက်၏။

“အကြောင်းကိစ္စမရှိဘဲ အိမ်ထဲကို လုံးဝမဝင်ရဘူး ... ကိုကို့ကိစ္စတွေအတွက် ရှင်ကားမောင်းပို့ပေးရမယ် ... ကျွန်မကတော့ ကိုယ်တိုင်ပဲ မောင်းတာ ...”

“ဟုတ်ကဲ့ ...”

“ကိုစောဖေ ...”



“အမိန့်ရှိပါ မမလေး ...”

“အခုက မစပ်စုဖို့ပါပဲ ...”

စောဖေတင်းသွားသည်။

အလုပ်သမားတွေအပေါ် အထင်သေးပြီး အပေါ်စီးက ဆက်ဆံချင်ပုံပင်။

စောဖေက ဘယ်သူ့အောက်ကျမှ ခံချင်တဲ့ ကောင်မဟုတ်ဘူး ...

“ရှင် ... သွားလို့ရပြီ ...”

သူ ...

ကောင်းကင်ကို စိတ်မချ။

ဒီကောင်မလေးက အားငယ်ကြောက်ရွံ့တတ်တဲ့ မိန်းကလေးတစ်ယောက် ...

ထိုလူ ...

ဒုက္ခတ ...

ဘာသဘောနဲ့ ကောင်မလေးချောချောနဲ့ ထားရတာလဲ ...

ကျော့ကျော့စံ အကြံပေးတာပဲ နေမှာ။

အယ်လင်ဆိုတဲ့ မိန်းမကတော့ တကယ့်ကိုပေါ့ပျက်ပျက်မိန်းမ ...

အိမ်ရှင်မ ပုံစံမပေါ် ...

“ရှင်သွားတော့လေ ...”

“ကောင်းကင်အတွက် ...”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မပူပါနဲ့ ... ကောင်းကင်က ကိုကို့အခန်းနားမှာထားရမယ် ... "

သူ ...

စိတ်မချ။

ဒါပေမဲ့ ...

မတတ်နိုင်။

ကောင်းကင်တ မျက်နှာငယ်လေးနှင့် ကျန်ရစ်ခဲ့တော့သည်။

စောဖေ ...

မင်းဘာဖြစ်နေတာလဲ ...

အချစ် ...

ဟုတ်တယ်။

ကောင်းကင်ကို စောဖေချစ်မိပြီ။

မတန်မရာမှန်းတာမဟုတ်ပေမဲ့ စောဖေကတော့ မှန်းနေမိသည်။

ကျော့ကျော့စံနဲ့ အယ်လင်က ကောင်းကင်ကို အသုံးချပြီး ဘာတွေကြံစည်ဦးမလဲ ...

မလွယ်ဘူး။

စောဖေတို့နော် ...

ကောင်းကင်ပြာ တစ်ခုခုဖြစ်လို့ကတော့ နာပြီသာမှတ် ...

စောဖေထွက်လာခဲ့သည်။



ကောင်းကင်တစ်ယောက်တည်း သိမ်ငယ်စွာ ကျန်ခဲ့၏။

"ကောင်းကင် ... "

"ရှင် ... "

"မင်းအလုပ်က ငါ့ယောက်ျားကို ပြုစုဖို့ပဲ ... "

"ဟုတ်ကဲ့ ... "

"ကိုကိုက အရမ်းဒေါသကြီးနေတယ် ... အရင်ကတော့ဒီလိုမဟုတ်ဘူး ... အခုဒုက္ခိတဖြစ်တော့ သူ့ကိုယ်သူ အားမလိုအားမရဖြစ်ပြီး ဒေါသတွေပေါက်ကွဲနေတာ ... "

မမအယ်လင့်စကားနှင့်ပင် ဦးဝဏ္ဏထင်ကိုတွေ့ရန် ကောင်းကင်လန့်နေမိသည်။

"အဓိက ကိုဝဏ္ဏထင်ရဲ့ ယုံကြည်အားကိုးမှုကို အရယူဖို့ပဲ ဒါမှပစ္စည်းတွေဘယ်မှာထားလည်းဆိုတာ သိရမယ် ... ညည်းအမြန်ဆုံး ဝင်ငွေကျွတ်ချင်ရင် ပစ္စည်းတွေထားတဲ့နေရာကို အမြန်ဆုံးသိအောင် ကြိုးစားစမ်း ကောင်းကင်ပြာ ..."

ဒေါ်ကျော့ကျော့စံရဲ့ မှာတမ်းစကားတွေကို ကြားယောင်လာမိသည်။

"ကောင်းကင် ... "

"ရှင် ... "

"မမက အရှင်းဆုံးပြောရရင် အိမ်ထောင်မှုတွေကို စိတ်မဝင်စားဖူး ... ပျော်ပျော်ပဲနေချင်တယ် ... ယောက်ျားက လုံးဝစီးပွားရေးသမား ... မမနဲ့လုံးဝ ဆန့်ကျင်ဘက်ပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကို သေသေချာချာကြည့်မိနေသည်။

မိန်းမချောလေးပဲ။

ကိုကိုများ စိတ်ဝင်စားသွားရင် ...

နေပါစေ ...

အယ်လင်ဘက်က စည်းစိမ်ဥစ္စာတစ်ဝက်ယူပြီး ကွာရှင်းဖို့အခွင့်သင့်ပဲ။

ဒါကြောင့်လည်း ...

ကိုကို့ကို အပြစ်ရှာတာ။

ဟွန်း ...

အယ်လင့်ကို အထင်သေးတဲ့လူ ...

မေမေစ်ဟာ ဘယ်လိုမိန်းမမျိုးလည်းဆိုတာ မိမိသိပြီးသားပဲ။

တမင်အကူအညီတောင်းတာ။

ကောင်မလေးချောချောတွေ မေမေစ့်ဆီမှာ ရှိတာသိထားသည်။

ကောင်းကင်ပြာက ကိုကို အထင်ကြီးနှစ်သက်သွားနိုင်တဲ့ မိန်းကလေးပဲ။

အယ်လင်သဘောကျနေမိသည်။

အိမ်ထောင်သက်တမ်းတစ်လျှောက်လုံးမှာ အယ်လင်ပဲ အပြစ်များနေခဲ့ရ၏။

မကောင်းသတင်းတွေ ပျံ့နှံ့နေသည်။

ရှင့်အလှည့်ပဲ ကိုဝေ့ထ ...



"မမယောက်ျားကို စိတ်နှလုံးတွေ နူးညံ့လာအောင် သည်းခံပြီး ပြုစုပေးပါ ... အစားအသောက်အနေအထိုင်ကအစ ... လေ့ကျင့်ခန်းလုပ်ဖို့တွေရော ညီမလေးပဲ တာဝန်ယူပေးပါ..."

"ဟုတ်ကဲ့ ... "

"မမနဲ့လည်း ကိုကိုက အကျောမတည့်ဘူး ... သူ့မျက်စိထဲမှာ မမက တကယ့်ကို ကန့်လန့်ဖြစ်နေတယ် ... အရှင်းဆုံးပြောရရင်တော့ မမလည်း အိမ်ထောင်သည်ဘဝမှာ မပျော်ဘူး မမအပျိုစင်ဘဝတည်းက လွတ်လွတ်လပ်လပ် နေလာခဲ့တာ မဟုတ်လား ... "

ဘယ်လိုမိန်းမလဲ ...

ဒီလောက် ...

စည်းစိမ်ဥစ္စာချမ်းသာတွေနဲ့ ပြည့်စုံပြီး အိမ်ထောင်ရေးကို ဘာကြောင့်စိတ်ပျက်တာလဲ ...

ကံကောင်းလိုက်တာ ...

ကောင်းကင်သာဆိုရင် ... အိမ်ရှင်မ ပီသစွာနဲ့ ယောက်ျားကို ပြုစုမှာပဲ။

မမအယ်လင်လို မပူမပင်နေချင်တဲ့ ဆန္ဒတွေပြင်းပြနေသည်။

"ကောင်းကင် ... "

"ရှင် ... "

"မပကတော့ ညီမလေးကိုပဲ အပ်ရတော့မှာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



မမအယ်လင် ဘာကို ဆိုလိုနေလည်း ဆိုတာ ကောင်းကင်သိသည်။

ဒေါ်ကျော့ကျော့စံကလည်း ဘယ်လိုအဓိပ္ပါယ်နှင့် လွှတ်လိုက်တာလည်းဆိုတာ ကောင်းကင်သဘောပေါက်၏။

သူမ ...

ကိုယ်ကျင့်တရားကို အတတ်နိုင်ဆုံး ထိန်းသိမ်းရမည်။

အမေသွန်သင်ပေးတဲ့ ငါးပါးသီလ ...

ကံငါးပါး ...

ကောင်းကင်ငိုချင်လာမိသည်။

ဦးဝဏ္ဏထင်ဆိုတဲ့ လူကြီးနဲ့ ဘယ်လိုရင်ဆိုင်ရမလဲ။

"ညည်းကိုလွှတ်လပ်ခွင့်ပေးမယ် ... အရင်းအနှီးတွေလည်း ပေးမယ် ... ကျုပ် ... ညည်းကိုလုံးဝမနှောင့်ယှက်ပါဘူး ကောင်းကင် ... "

ဒေါ်ကျော့ကျော့စံရဲ့ စကားတွေကို ပြန့်လည်ကြားယောင်နေမိသည်။

ကျွန်မ ...

ဘာလို့ ကံဆိုးလွန်းနေရတာလဲ ...

မိဘမဲ့ဘဝ ...

ယုတ်မာကောက်ကျစ်တဲ့ မိန်းမကြီးတစ်ယောက်ရဲ့ ထောင်ချောက်ထဲ တိုးဝင်ခဲ့မိသည်။

စိတ်ကောင်းနှလုံးကောင်းနှင့် ကူညီခဲ့သည်ဟု ထင်



မှတ်ခဲ့မိ၏။

"မကျော့ကျော့စံရဲ့ ကျေးဇူးကို သမီးဘယ်တော့မှမမေ့နဲ့နော် ... ကျေးဇူးဆပ်ဖို့ပဲ စဉ်းစားထား ... "

အဖေက ပြောခဲ့သည်။

အကြွေးတွေများ၍ အိမ်ရောင်းရပြီး ဒုက္ခရောက်နေတဲ့ အချိန်တွင် ကူညီခဲ့၏။

အဖေကတော့ ဘာမှမသိ။

သေဆုံးခါနီးအထိဒေါ်ကျော့ကျော့စံရဲ့ ကျေးဇူးကို ဆပ်ဖို့ မှာနေသည်။

"ကောင်းကင် ... "

"ရှင် ... "

"လာ ... မင်းနေရမယ့် အခန်းကိုလိုက်ပြမယ် ... မင်းပစ္စည်းတွေ မ,ခဲ့ ... "

"ဟုတ် ... "

"ဒီအိမ်မှာ ထမင်းဟင်းချက်တဲ့ ဒေါ်ရွှေနဲ့ မငွေဆိုတာရှိတယ် ကောင်းကင်က သူတို့ထက် အဆင့်မြင့်တယ်နော် ... "

မမွဲအယ်လင်က သူမအား ရှိုသာစွာ ပြောဆိုဆက်ဆံနေတာပင် ကောင်းကင်ထိတ်လန့်တုန်လှုပ်နေမိသည်။

ဒေါ်ကျော့ကျော့စံ အတိုင်းပဲ။

"ဒေါ်ရွှေနဲ့မငွေက မမနဲ့မသင့်မြတ်ဘူး ... သူတို့က ကိုကိုလူတွေ ... "

ဘုရားရေ ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘယ်လိုရင်ဆိုင်ရမလဲ ...

မမအယ်လင်ဘယ်လိုအကြံနဲ့ စီမံရတာလဲ ...

"မမ ... "

"ပြော ... "

"ကျွန်မကိုရော မမခင်ပွန်းက လက်ခံပါ့မလား ... "

"မမပြောထားပြီးပြီ ... ကောင်မလေးတစ်ယောက်ငှားမယ်လို့ သူလက်ခံတယ် ... သူ့ကိုပြုစုဖို့ လူမှမရှိတာ ... "

ကောင်မလေးတစ်ယောက် ငှားမည် ဟုတော့ ကိုကို့ကို ပြောထားသည်။

မိဘမဲ့လေး ...

ဒုက္ခရောက်နေလို့ ကယ်တင်ထားတဲ့ သဘောပါပဲ ဟု ပြောထားသည်။

"မကြောက်ပါနဲ့ ... မမက မိဘမဲ့ မိန်းကလေးဖြစ်နေလို့ ကယ်တင်ထားတဲ့ သဘောပါ ကိုကိုလို့ ပြောထားတယ်..."

"မမ ... "

"ပြော ... "

"ဒီလောက်ပြည့်စုံနေတဲ့ အိမ်ထောင်တစ်ခုကို အပျော်တွေ ကင်းမဲ့အောင် ဘာလို့လုပ်ချင်ရတာလဲ ... "

"ကောင်းကင်မသိပါဘူး ... အရှင်းဆုံးပြောရရင် ကိုကို့နဲ့ မမက လူကြီးတွေသဘောတူလို့ လက်ထပ်တာ ... မမက ပျော်ပျော်နေတယ် ... ကိုကိုက မမကို ပုံစံသွင်းချင်တယ် လုံးဝဆန့်ကျင်ဘက်ပဲ ... "



တစ်သက်လုံး ...

ချမ်းချမ်းသာသာ လွတ်လွတ်လပ်လပ် နေလာခဲ့တဲ့ ဘဝ ...

ယောကျ်ားယူပြီးမှ အချုပ်အချယ်တွေနဲ့ အိမ်ရှင်မ ဆိုတဲ့ ပုံစံခွက်ကြီးထဲကို ထည့်ဖို့ကိုကိုက ကြိုးစားသည်။

အိမ်ထဲမှာပဲ ဘဝကို အဆုံးသတ်စေချင်တဲ့ သဘော။

အယ်လင်က လက်မခံ။

ကိုကို့ ပုံစံခွက်နှင့် ဘယ်လိုနည်းနှင့်မှ အံဝင်ခွင်ကျ မှုမရှိခဲ့ပေ။

မိဘအမွေအနှစ်တွေကို ထိုင်ဖြုန်းသည်။

ကိုကိုက ပထမတော့တားဆီး၏။

ပြောဆိုသည်။

နောက်တော့ ...

ဘာမှမပြောတော့ ...

"မမတို့အကြောင်းနဲ့ မမတို့ပါပဲကောင်းကင် ... အလကား နေရင်း ဒေါသဖြစ်နေတဲ့ ဒုက္ခိတယောကျ်ားတစ်ယောက်ကို ပြုစုဖို့ စိတ်ပျက်တယ် ... "

ကောင်းကင်တို့အဖေနဲ့ အမေတို့အိမ်ထောင်ရေးနဲ့တော့ တခြားစီပဲ။

အမေက အဖေ့အပေါ် ဇနီးကောင်းပီသစွာ နေထိုင်ဖို့ အမြဲတမ်း ကြိုးပမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာနေပြီး မိသားစုတာဝန်ကို ထမ်းဆောင်နေခဲ့၏။

မိသားစု ပျော်ရွှင်ရေးကိုပဲ အမေအာရုံစိုက်ဦးစားပေးခဲ့သည်။

ချမ်းသာသောအမေသည် အဖေနှင့် လက်ထပ်မှဆင်းရဲပြီး လောကဒဏ်ကို အဖေနှင့်အတူ ကြံ့ကြံ့ခံ ရင်ဆိုင် ဖြေရှင်းခဲ့၏။

"ကောင်းကင်နေရမယ့် အခန်းကို မမလိုက်ပြမယ် ... ဒီတစ်နေ့တော့ ဓာင်းကောင်းအနားယူလိုက်ဦး ... မနက်ဖြန်မှ ကိုကိုနဲ့တွေ့ဖို့ ခေါ်သွားမယ် ... "

"ဟုတ်ကဲ့ ... "

တိုက်ကြီးထဲမှာ တခြားသူတွေကိုလည်း မတွေ့ပေ။

အိမ်က အလုပ်သမားတွေတစ်ယောက်တလေမှ ထွက်မလာကြ။

ဘာကြောက်စရာရှိလဲ။

ခြံထဲမှာ ...

ကိုဇောဖေရှိတာပဲ။

သူမနေရမဲ့အခန်းကို မမအယ်လင်က ဦးဆောင်ခေါ်သွားသည်။

အပေါ်ထပ်မှာဖြစ်၏။

မွေးပွကော်ဇောကြီးတွေ ခင်းထားသော လှေကားထစ်တွေအတိုင်း အပေါ်ထပ်သို့လှမ်းတက်နေရတာပင် စိတ်ချောက်ချားစွာ တုန်ယင်လှိုက်ခါနေရသည်။



ကျွန်မ ...

ရင်ဆိုင်နိုင်ပါ့မလား ...

အမေ ...

ကျွန်မ ကြီးမားတဲ့ အကူသိုလ်စွဲကြီးထဲ ယက်သက်လိုက်ရတော့မယ် ...

ကြောက်လိုက်တာ ...

"သမီး ... သူများအသက်ကို သတ်ရင် သူများလင်သား... မယားကို ပြစ်မှားရင် သူများဥစ္စာခိုးရင် သူတစ်ပါးအကျိုးပျက်စီးအောင်လိမ်ညာပြောရင် ... မူးယစ်ထုံထိုင်းစေတဲ့ အရက်သေစာသောက်စားရင် ... အဝီစိငရဲကို ဓောက်ထိုးကျမှာနော် ... "

ရဲကြီးရှစ်ထပ်အကြောင်းကို ကောင်းကင် ငယ်စဉ်ကအမေသွန်သင်ဆုံးမခဲ့သော အိပ်ရာဝင်ပုံပြင်ဖြစ်ခဲ့ရသည်။

www.burmeseclassic.com



အခန်း (၇)

ဦးဝဏ္ဏထင် ...

ကောင်းကင်ထင်ထားတာထက်ပင် ပိုမို ခန့်ညား ချောမောသော ယောကျ်ားဖြစ်သည်။

အတော်လေးစိတ်ဓါတ်ကျနေတဲ့ ပုံပင် ... ။

အိပ်ရာပေါ်မှာ လဲလျောင်းနေသည်။

အသက်အရွယ် သိပ်မကြီးရင့်သေးပေ။

"ကိုကို ... "

မမအယ်လင်က ဆွမပေးသည်။

ဦးဝဏ္ဏထင် ထလာ၏။

အကြည့်တွေက တင်းမာခက်ထန်နေသည်။

အလိုမကျသလို မကျေမနပ်ဖြစ်နေသော မျက်ဝန်း အကြည့်တွေက ထင်ရှားနေ၏။



"ဒါကောင်းကင်ပြောတဲ့ ... အယ်လင်ပြောတဲ့ မိဘမဲ့မိန်းက လေးတစ်ယောက်ဆိုတာလေ ... "

ဦးဝဏ္ဏထင်ရဲ့ အကြည့်တွေက စူးကနဲကျရောက် လာသည်။

"အယ်လင် ... "

"ကိုကို ... "

"မင်းဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ ... "

ဝဏ္ဏထင်သိသည်။

အယ်လင့်အကြံတွေကို ...

ဒီလောက် ချောမောလှပနေတဲ့ မိန်းကလေးတစ် ယောက်ကို သူ့အနားဘာလို့ထားဖို့ စီစဉ်ရတာလဲ ...

"ကိုကိုစိတ်ကို ထိန်းစမ်းပါ ... အယ်လင်က စေတနာနဲ့စီစဉ် တာ ... အလုပ်သမားငှားတာ သွက်သွက်လက်လက် ဖျတ် ဖျတ်လတ်လတ် ငှားရမှာပေါ့ ... ကောင်းကင်က အရမ်း ဒုက္ခရောက်နေတဲ့ ကောင်မလေးတစ်ယောက် ... မေမေမစံ တို့ရပ်ကွက်ထဲကပဲ ... "

ရှင်က မြွေမြွေချင်း ခြေမြင်တာပေါ့လေ ...

ဟွန်း ...

အမြဲတမ်း ...

မာန်မာနတွေနဲ့ မောက်မာချင်တဲ့လူ ...

ကျွန်မပဲ အမှားလုပ်ပြီး ရှင်ကတော့ ဘယ်တော့မှ အမှားမလုပ်ဘူးလို့ ထင်နေတဲ့လူ ...

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခိတဘဝရောက်နေတာတောင် မမှတ်ချင်သေးတဲ့လူ ...

"ဒီကောင်မလေးက စိတ်ရှည်တယ် ... ဘဝနာတယ် ... သနားစရာကောင်းလို့ ကယ်တင်တာပါ ... "

ဝဏ္ဏထင်ကတော့ အယ်လင်စိတ်ခါတ်ကို မကြိုက်နှစ်သက်ပေ။

လူကြီးတွေ သဘောကျဖို့ လက်ထပ်ခဲ့ရပေမဲ့ အိမ်ထောင်ရေးအဆင်မပြေခဲ့။

ငွေတွေသုံးဖြုန်းသည်။

သူ ...

မိန်းမကို ပိုက်ဆံမအပ်တော့ ...

ထိန်းသိမ်းထားသည်။

အိမ်ရှင်မ တာဝန်တွေကို မထမ်းဆောင်လိုသော မိန်းမတစ်ယောက်ဖြစ်၏။

သူက တာဝန်ကျေသူ ...

အလုပ်ကြိုးစားသူ ...

ဘဝမှာ ...

အကျိုးမဲ့သော အလုပ်တွေကို သူ ဘယ်တော့မှ မလုပ်ခဲ့ပေ။

အမြဲတမ်း ...

သွက်လက်ထက်မြက်စွာ လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့သည်။



စီးပွားရှာ၏။

အောင်မြင်ခဲ့သည်။

အိမ်ထောင်ရေးကတော့ လုံးဝအဆင်မပြေဘဲ ဖြစ်နေ၏။

စိတ်သောကတွေရောက်ရသည်။

လုံးဝအဆင်မပြေ။

အယ်လင်က ပျော်သလိုနေသည်။

ယောကျ်ားအပေါ် ဘာတာဝန်မှ မကျေတဲ့ မိန်းမတစ်ယောက်။

သူ ...

မထင်မှတ်ဘဲ ...

လေဖြတ်သွားရသည်။

အိပ်ရေးတွေပျက် အအေးခန်းထဲမှာ နေလွန်း၍ ဖြစ်၏။

အခု ...

လုပ်ငန်းတွေကို တပည့်ကျော်တွေနဲ့ လွှဲအပ်ထားရသည်။

စိတ်က အားမလိုအားမရဖြစ်ပြီး ဒေါသတွေဖြစ်ရ၏။

မကျေမနပ်ဖြစ်ရသည်။

ယောကျ်ားတစ်ယောက် အိပ်ရာထဲ လဲနေတာတောင် အယ်လင်ကမပြုစု။

အပျော်အပါးကို မလျှော့။

www.burmeseclassic.com

www.burmeseclassic.com



သူ ...

မပြောချင်တော့ ...

ဥပေက္ခာပြုထားခဲ့သည်။

လောလောဆယ်တော့ ...

သူ့မှာပြုစုဖို့ မိန်းကလေးတစ်ယောက် လိုအပ်နေသည်။

ဒေါ်ရွှေနှင့် မငွေက ချက်ပြုတ်သန့်ရှင်းရေးတွေလည်း လုပ်ရသေး၏။

သူ့ကိုလည်း ပြုစုဖို့ မဖြစ်ပေ။

တပည့်ကျော် တစ်ယောက်ကို အနားမှာ ပြုစုဖို့ ခေါ်ထားရသည်။

မိန်းမယူသွား၏။

"ဒီကောင်မလေးလည်း ဒုက္ခရောက်နေတယ် ... ကိုကို့မှာလည်း အနီးကပ်ပြုစုပေးဖို့ ... တစ်ယောက်လိုအပ်တာပဲဟာ..."

"ဒီကောင်မလေးက ငါ့တာဝန်တွေကို ဘာလုပ်ပေးနိုင်မှာလဲ ... ငါလိုအပ်တာက အလုပ်လုပ်နိုင်မယ့်သူ ... ဒီမိန်းကလေးကို ငါအလုကြည့်နေရမှာလား ..."

ဒီမိန်းကလေးကို မလိုအပ်ဘူး ...

ဘာလုပ်ပေးနိုင်မှာလဲ ...

အလုပ်နဲ့မလိုက်ဖက်တဲ့ မိန်းကလေး ...

အယ်လင်ခေါ်လာတာဆိုတော့ သူပိုပြီးအထင်သေးမိသည်။



အသုံးကျမဲ့ ကောင်မလေးတစ်ယောက် ဟုတ်မယ်မထင်မိပေ။

အရမ်းလှတဲ့ ကောင်မလေးတစ်ယောက်။

ငယ်ရွယ်နုပျိုနေသည်။

အယ်လင် ...

ဘာသဘောနဲ့ ခေါ်လာတာလဲ ...

သူ့ကို ထောင်ချောက်ဆင်တာလား ...

စီးပွားရေးလုပ်ငန်းတွေက လွဲပြီးဘာတစ်ခုမှ စိတ်မဝင်စားချင်တဲ့ ယောက်ျား ...

မိန်းမတွေနဲ့ ကင်းအောင်ပိုနေချင်တယ် ...

အယ်လင့်လို မိန်းမတစ်ယောက်ကို လက်ထပ်ရတာပင် သူ့ဘဝအတွက် ကံဆိုးမိုးမှောင်ကျနေသည်။

ဘဝအတွက် ဘာမှမရေရာခဲ့။

စိတ်သောကတွေပဲ ရောက်ရသည်။

မိန်းမတွေကို စိတ်ကုန်၏။

အထင်မကြီးမိပြပေ။

"ကိုကို ..."

"ဘာလဲ ..."

"လောလောဆယ်တော့ ကောင်းကင်ကို လက်ခံပါ ... နိုတိုးရာမဲ့နေတယ် ... ကိုကိုလက်မခံလည်း ကျွန်မကတော့ ဒီမှာထားရမှာပဲ ..."

အယ်လင်လည်း အိမ်ထောင်ရေးကို စိတ်ကုန်နေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားနှင့် ကွာရှင်းလိုလျှင် သူမအိမ်ပေါ်က လက်ကြည့်ဆင်းသွားဖို့ပဲ အခြေအနေဖြစ်နေ၏။

ကိုကိုက အပြစ်မရှိ။

အယ်လင်ပဲ အပြစ်ရှိတာ။

ဒုက္ခိတဆိုတော့ ပိုဆိုးသည်။

ကောင်းကင်ကို မိမိ ကိုကို့အနားပို့တာ အကြောင်းရှိ၏။

ပြဿနာဖြစ်သွားလျှင် အယ်လင့် ဘက်က ပိုင်ပြီဖြစ်သည်။

"ကိုကိုလက်ခံပါ... ကိုကိုဆေးသောက်ဖို့ အချိန်တွေ ကိုကို့ဝေယျာဝစ္စတွေ ..."

"တော်စမ်း ... အယ်လင် ... ငါ့ကိစ္စကို မင်းဘယ်တုန်းက စိတ်ဝင်စားခဲ့လို့လဲ ... မလိုဘူး ... ဒီမိန်းကလေးကို ငါ့အနားမှာ မထားနိုင်ဘူး ..."

ကောင်းကင်ငိုချင်သွားသည်။

ရှင် ...

ကျွန်မကို အထင်သေးတာမဟုတ်လား ...

မမအယ်လင်ခေါ်လာတဲ့ မိန်းကလေးဆိုပြီး အထင်သေးတာပဲ ...

ကျွန်မသိပါတယ် ...

ကိုဝဏ္ဏထင်မှာလည်း အပြစ်မရှိပါဘူး ...

ကျွန်မရောက်လာတာလဲ ရိုးသားမှုမှ မရှိတာဘဲ။



ရှင့်ကို ဒုက္ခပေးဖို့ ...

အကောက်ကြံဖို့ ...

သူမဘဝကိုသူမ ဝမ်းနည်းကြေကွဲလာပြီး မျက်ရည်တွေကျလာသည်။

"အဟင့် ... ဟင့် ... အဟင့် ..."

"အဟင့် ..."

သူမ ...

ဟန်မဆောင်နိုင်တော့ ...

မိဘမဲ့ရတဲ့ ဘဝမှာ လူတွေရဲ့အထင်သေးမှုလည်း ခံခဲ့ရသည်။

ကျွန်မ ...

ဒေါ်ကျော့ကျော့စံနှင့် မမအယ်လင်တို့ရဲ့ ထောင်ချောက်ထဲ ရောက်နေရသည်။

"အဟင့် ... ဟင့် ..."

"ကောင်းကင် ... ဘာမှစိတ်အားမငယ်ပါနဲ့ ... မငိုနဲ့နော်... မင်းကို မမဒီမှာပဲ ထားမယ် ... ကိုကိုက စိတ်ဆိုးတာ မင်းအကြောင်းတွေ သိပ်မသိသေးလို့ပါ ..."

"ကျွန်မ ... ကျွန်မ ..."

"လာ ... လာ ... ညီမလေးအပြင်သွားမယ် ... နောက်မှ ကိုကိုနဲ့ အယ်လင်ညှိနှိုင်းတော့မယ် ... ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်ချင်းစာပါ ... ကိုကို ..."

ဝဏ္ဏထင် စိတ်ထဲမှာ ကောင်မလေးကို တွေဝေစွာ ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ငိုနေ၏။

မင်း …

ဘယ်လိုမိန်းကလေးလဲ …

ရိုးသားဖြူစင်တဲ့ မိန်းကလေးလား …

ငါကတော့ …

ဒေါ်ကျော့ကျော့စံကို မယုံကြည်သလို ဖြစ်နေတယ်…

အယ်လင်က ပိုဆိုးတယ် …

ငါ့ကို ထောင်ချောက်ဆင်ချင်နေတဲ့ မိန်းမ …

မယုံရဘူး …

မင်း …

တကယ်ပဲ ရိုးသားတာလား …

ဒုက္ခရောက်နေတာလား …

"ကောင်းကင် … "

"ရှင် … "

"လာ … "

အယ်လင်ခေါ်လာသည်။

ကိုကို့ မျက်ဝန်းတွေထဲမှာ တွေဝေမှုတွေ ထင်ဟပ်သွားရ၏။

ရှင် …

မခံနိုင်ပါဘူး …

ကောင်းကင်က ရှင့်ကိုဘယ်လောက်အထိဆွဲဆောင်နိုင်မလဲဆိုတာ ကျွန်မစောင့်ကြည့်မယ် …



အခန်းထဲပြန်ရောက်လာသည်။

"မမ … "

"ဟင် … "

"ကိုဝဏ္ဏထင်က ကျွန်မကို လက်ခံမှာ မဟုတ်ဘူး … "

"လက်ခံမှာပါ … မင်း … အိုက်တင်အရမ်းကောင်းတာပဲ ကောင်းကင် … "

"ရှင် … "

"မင်း ငိုလိုက်တာ သူ နည်းနည်းတော့တွေဝေသွားတယ် …"

"ကျွန်မ အိုက်တင်လုပ်တာ မဟုတ်ပါဘူး … တကယ့်ကို ဝမ်းနည်းကြေကွဲသွားရတာပါ မမ … "

"ကောင်းကင် … "

"ရှင် … "

"မင်းဟာ တကယ့်ကို ရိုးသားဖြူစင်တာပဲ … ကိုကိုအထင်ကြီးတဲ့ မိန်းကလေးဖြစ်မှာပါ … "

"ရှင် … "

"ကဲ … ခဏအနားယူတော့ … ဒီမှာပဲနေပါ … မမလခပေးမှာပေါ့ … "

ကောင်းကင်ကို လက်သပ်မွေးထားဖို့ အယ်လင် စိတ်ကူးရသွားသည်။

ရှင်ကကျွန်မကို အထင်သေးပြီး ဥပေက္ခာပြုဖို့ ကြိုးစားနေတာပဲ မဟုတ်လား …

အရှင်က …

www.burmeseclassic.com

www.burmeseclassic.com



အယ်လင်ပျော်သလိုနေခဲ့မိသည်။

ယောက်ျားကို ဂရုမစိုက်ခဲ့။

မိဘအမွေအနှစ်တွေနှင့် သုံးဖြုန်းပြီး ထင်တိုင်းကြဲခဲ့သည်။

အခု ...

ကုန်ပြီ။

ယောက်ျားက ငွေတွေကို ထိန်းချုပ်ထား၍ ခက်နေသည်။

အကြံကြီးကြံမိ၏။

မေမေစ်နှင့် ဆက်သွယ်ပြီး အကြံအဖန်လုပ်ရတော့တာပဲဖြစ်သည်။

ကောင်းကင် ...

တကယ်ပဲ ရိုးသားသည်။

မိဘမဲ့လေ ...

မေမေရဲ့လို မိန်းမတစ်ယောက်လက်ထဲ ရောက်တာ ညည်းကံဆိုးတာပဲ။

ကျုပ်လက်ထဲရောက်တော့ ပိုပြီး ကံဆိုးမိုးမှောင်ကျပြီသာမှတ်။

"ကောင်းကင် ... "

"ရှင် ... "

"ကိုကို့ကို စိတ်ရှည်ရှည်ထားပြီး ညီမလေးပြုစုပေးပါနော် မမကိုအထင်လွဲနေတယ် ... မမကိုအထင်လွဲနေတယ် ...



အရင်ကတော့ မမနေချင်သလို နေခဲ့တာ မှန်ပါတယ် ... တာဝန်မကျေခဲ့ဘူး ... "

"ကိုဝဏ္ဏထင်ကို ကျွန်မကြောက်တယ်မမ ... "

"ဘာမှ ကြောက်စရာမရှိပါဘူး ... မမတစ်ယောက်လုံးရှိတာပဲ ... ရိုးသားတဲ့ ညီမလေးကို ကိုကိုလက်ခံမှာပါ ... "

ကောင်းကင်ကလည်း ဒီနေရာက ထွက်ပြေးချင်သောက်အောင် စိတ်ညစ်နေမိသည်။

ကိုဝဏ္ဏထင်ကို ဒုက္ခပေးဖို့ ရောက်လာတာပဲ။

ကျွန်မ ...

ဒီအလုပ်တွေကို စွန့်လွှတ်လိုက်ရင် ကောင်းမလားဟု တွေးနေမိသည်။

"ညည်းထောင်ထဲသွားရမယ် ... အဲဒါမှပိုပြီး ဘဝပျက်မှာပဲ ကောင်းကင် ... အခုကိစ္စမှာ ညည်းဝင်ကူညီလိုက်တာက အကျိုးရှိဦးမယ် ... "

ကြောက်တယ် ...

ကျွန်မထောင်ထဲကို သွားရမှာအရမ်းကြောက်၍ ကုန်လုပ်မိတယ် ...

ဒေါ်ကျော့ကျော့စံက တစ်မျိုး ...

မမအယ်လင်ကလည်း တစ်မျိုး ...

ကိုဝဏ္ဏထင်ကို ဒုက္ခပေးဖို့ အတွက်ကျွန်မကို အသုံးချတာပဲ ...

"အခုမင်းအေးအေးဆေးဆေး အနားယူလိုက် ... ဒီဗိုက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



"မှာ မမငယ်ငယ်က ဝတ်တဲ့ အဝတ်အစားတွေရှိတယ် ...
ကောင်းကင်ဝတ်နော် ... "

ငယ်စဉ်လေးတည်းက အဝတ်အစားကောင်းကောင်း မဝတ်ခဲ့ရသောကျွန်မအတွက် မမအယ်လင်ဖွင့်ပြသောဗီရိုကို ကြည့်ပြီး တအံ့တသြဖြစ်ရသည်။

"ကောင်းကင်အတွက် မမထည့်ပေးထားတာပဲ...ဟိုဟာမ တွေကို ဘာမှ ဂရုမစိုက်နဲ့နော် ... "

"ရှင် ... "

"ဒေါ်ရွှေနဲ့မငွေလေ ... ကိုကို ... မြှောက်စားထားလို့ မမကို တောင် အာခံချင်တယ် ... "

"မမ ... "

"ပြော ... "

"ဒီလောက်ပြည့်စုံတဲ့ အိမ်ထောင်ရေးကို ... "

"မမက မမကိုချုပ်ချယ်တာ မကြိုက်ဘူးကောင်းကင် ... ရတောင့်ရခဲလူ့လောကကြီးထဲမှာ မမဘဝကို မီးဖိုချောင် ထဲမှာပဲ အချိန်မဖြုန်းချင်ပါဘူး ... "

"မမက ဦးဝဏ္ဏထင်ရဲ့ အလုပ်တွေမှာ ဝင်လုပ်ပေါ့ ... "

"သူကယောက်ျားဆိုပြီး သူပဲ ဦးဆောင်နေတာလေ ... မမ က သူ့ငွေသမီးပဲ ... သူ့သြဇာကို လုံးဝမနာခံနိုင်ပါဘူး ... "

ကိုကို့လက်အောက်မှာ မလုပ်ဘဲ အယ်လင် တစ်စင် ထောင်ဖို့ ကြိုးစားတာ မအောင်မြင်ပေ ...

အယ်လင်မှ စီးပွားရေးမလုပ်တတ်တာ ...



အသုံးအဖြုန်းကြီးတော့လည်း ငွေကြေးက အလွယ် တကူ ကုန်သွားခဲ့သည်။

"ကိုကို့အပေါ် မမတာဝန်မကျေခဲ့လို့ ညီမလေးက တာဝန် ကျေပေးပါ ... "

"ရှင် ... "

"ဒေါသကြီးနေတဲ့ ကိုကို့စိတ်တွေ တင်းမာမှုလျော့ပါးသွား အောင် ကောင်းကင်စွမ်းဆောင်ပေးစေချင်ပါတယ် ... "

မမအယ်လင် အစီအစဉ်တွေကို ကောင်းကင် သ ဘောပေါက်မိသည်။

အကြံနှင့်ပဲ။

ဒေါ်ကျော့ကျော့စံက ပစ္စည်းဥစ္စာတွေ ထားတဲ့ နေရာကို ထောက်လှမ်းဖို့ ...

ခြံထဲမှာ ...

ဖေါက်ထွင်းဝိဇ္ဇာ ကိုစောဖေက ဒရိုင်ဘာအဖြစ် အသင့်ရှိနေသည်။

ကောင်းကင်က သတင်းပို့ရမယ် ...

"ညည်းအမြန်ကြိုးစားရင် ညည်းဘဝ အမြန်လွတ်မြောက် မှာပဲ ကောင်းကင် ... "

ဒေါ်ကျော့ကျော့စံအထပ်ထပ်ပြောနေတဲ့ စကား တွေကို ကြားယောင်လာမိသည်။

တော်တော်စက်ဆုတ်ရွံရှာဖွယ်ကောင်းတဲ့ အလုပ် တွေပဲ ...

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ပါဘူး ...

ကံကြမ္မာကိုပဲ အပြစ်တင်ရမလား ...

"မမသွားမယ် ... "

မမအယ်လင်ထွက်သွားသည်။

ရင်ထဲမှာ အသက်ရှူမဝသလို မွန်းကြပ်တဲ့ ဝေဒနာတွေ ခံစားနေရ၏။

ကျွန်မ လုံးဝမလုပ်ချင်ဘူး ...

ရှုံတယ်။

အရမ်းရှုံတယ်။

မမအယ်လင်ရေ ... ဒေါ်ကျော့ကျော့စံရေ ဘယ်လိုမိန်းမတွေပါလိမ့် ...

ကောင်းကင်ကတော့ မလွှဲမသွေရင်ဆိုင်ဖြတ်သန်းရတော့မှာပဲ ဖြစ်သည်။



## အခန်း (၈)

"ညည်းနာမည် ကောင်းကင်တဲ့လား ... "

"ဟုတ် ... "

"မောင်ဝဏ္ဏထင်ကို ပြုစုဖို့ပေါ့လေ ... "

"ဟုတ်ကဲ့ ... "

"ညည်းဘာအကြံနဲ့ ရောက်လာရတာလဲ ... "

"ရှင် ... "

ဒေါ်ရွှေကတော့ အယ်လင့်ကို နည်းနည်းမှ ကြည့်လို့မရပေ။

မောင်ဝဏ္ဏထင် ငယ်စဉ်လေးထဲကထိန်းသိမ်းစောင့်ရှောက်လာတဲ့ အိမ်တော်စိုးကြီး ဖြစ်၍ ဩဇာအာဏာရှိသည်။

ဘယ်သူ့မှ ကြောက်စရာမရှိပေ။

အရှင်သခင်တွေရဲ့ အကျိုးစီးပွားကိုသာ ကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ပေးခဲ့ကြောင်း နာမည်ကောင်း လက်မှတ်ရပြီးသား ဖြစ်သည်။

မောင်ဝဏ္ဏထင်ရဲ့ ယုံကြည်အားကိုးမှုတွေ အပြည့် အဝရထားသူဖြစ်၏။

"အယ်လင်မက မောင်ဝဏ္ဏထင်ရဲ့ စိတ်တွေကို အမြဲတမ်း အနှောင့်အယှက်ပေးနေတဲ့ မိန်းမတစ်ယောက်ပဲ ... "

မမအယ်လင်ကို ဝေဖန်နိုင်လောက်အောင် ဩဇာ ရှိတဲ့ မိန်းမကြီးပဲ။

အိမ်တော်စိုးကြီးဒေါ်ရွှေ ...

ကောင်းကင် ရောက်လာတာကို မလိုလားဟန် ပြ နေသည်။

"ညည်းတကယ်ပဲ ... မိဘမဲ့ဖြစ်ပြီး ခိုးကိုးရာမဲ့မိန်းကလေး တစ်ယောက်လား ... "

"ဟုတ် ... "

"ဒီအိမ်ကို အကြံအစည်တစ်ခုခုနဲ့ ရောက်လာရင်တော့ မ လွယ်ဘူးနော် ... "

ကောင်းကင်ဆိုတဲ့ ကောင်မလေးကို မယုံကြည်နိုင် ပေ။

မောင်ဝဏ္ဏထင်ကို ဒုက္ခပေးရင်တော့ ညည်းလေး မလွယ်ဘူးမှတ် ... ။

"ကျုပ်နာမည်က ဒေါ်ရွှေတဲ့ ... မောင်ဝဏ္ဏထင် မိဘတွေ လက်ထက်တည်းက အိမ်တော်စိုးကြီးပဲ ... "



မမအယ်လင်မရှိ။

အပြင်ထွက်နေသည်။

တကယ့်ကို စိတ်ပျက်စရာကောင်းလောက်အောင် အပြင်ထွက်နေ၏။

ကောင်းကင်ကိုမှာထားသည်။

ကိုကို့ဝေယျာဝစ္စတွေ လုပ်ပေးတဲ့ ... ဘာကိုမှ ဂရု မစိုက်နဲ့တဲ့ ...

ကျွန်မ ...

အလုပ်လုပ်ဖို့ မီးဖိုခန်းထဲသို့ ဝင်လာခဲ့မိသည်။

မငွေက အိမ်သန့်ရှင်းရေးတွေ လုပ်နေ၏။

"မောင်ဝဏ္ဏထင်ကို ပြုစုဖို့ လူတစ်ယောက် လိုအပ်နေတာ တော့ အမှန်ပဲ ... "

ဒေါ်ရွှေက ကောင်းကင်ကို အသေအချာအကဲခတ် နေမိသည်။ ရိုးသားတဲ့ပုံပါပဲ ... ။

မောင်ဝဏ္ဏထင်က ဒေါသတွေကြီး စိတ်ဓါတ်တွေ ကျနေတတ်သည်။

"ကောင်းကင် ... "

"ရှင် ... "

"မောင်ဝဏ္ဏထင်အပေါ် ညည်းရိုးသားတဲ့ စိတ်နဲ့ ပြုစုပါ ... သူက သူတော်ကောင်းတစ်ယောက်ပါ ... ထက်မြက်တယ် လူတွေကို ကူညီထောက်ပံ့တတ်တယ် ... စိတ်ရင်းစေတနာ ပြည့်ဝတဲ့ လူပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



အယ်လင်အကောက်ကြဲမှာကို ကြောက်နေမိသည်။

သူတို့လင်မယားကြားမှာ ဝင်ပြီး မပြောတာ။

အယ်လင်ကလည်း ဘာကိုမှ ဂရုမစိုက်တတ်တဲ့ မိန်းမတစ်ယောက်ဖြစ်သည်။

"မောင်ဝဏ္ဏထင်ဟာ သနားစရာကောင်းတယ် ... အခုဆိုရင် စိတ်ဓါတ်ကျပြီး လေ့ကျင့်ခန်းလုပ်ဖို့တွေဘာတွေတောင် မလုပ်ချင်ဘူး ... "

ကောင်းကင်ဆိုတဲ့ မိန်းကလေးကိုတော့ ချောက်တစ်လှည့် ချော့တစ်ခါနှင့် မောင်ဝဏ္ဏထင်ရဲ့ စိတ်ဓါတ်ကျဆင်းမှုတွေကို မြှင့်တင်ပေးဖို့ ကြိုးစားရမှာပဲဖြစ်သည်။

"ကောင်းကင်ပြာ ... "

"ရှင် ... "

"မောင်ဝဏ္ဏထင်ရဲ့ စိတ်တွေ အင်အားတွေ ပြည့်ဝလာအောင်တော့ ညည်းကြိုးစားပေးစေချင်တယ် ... "

"ကျွန်မ ... ကျွန်မက ကိုဝဏ္ဏထင်ရဲ့ ဝေယျာဝစ္စတွေပဲ လုပ်ပေးနိုင်မယ်ထင်တယ် ... "

"မောင်ဝဏ္ဏထင် စိတ်ဓါတ်ကျနေတယ် ... လေ့ကျင့်ခန်းတွေလည်း မှန်မှန်မလုပ်ဘူး ... အိပ်ရာထဲကတောင် မထချင်အောင် စိတ်ဓါတ်တွေကျနေတယ် ... "

ကောင်းကင်ပြာဆိုတဲ့ ကောင်မလေးက စွဲမက်စရာကောင်းလောက်အောင် ရိုးသားဖြူစင်မှုတွေ အပြည့်ရှိနေတဲ့ မိန်းကလေးဖြစ်သည်။



အမြင်ကတော့ မဆိုးပါဘူး ...

အယ်လင် ခေါ်လာတာ ဖြစ်နေ၍ စိတ်ထဲမှာ မသက်သာဖြစ်နေမိသည်။

"အယ်လင်ဆိုတဲ့ မိန်းမကိုတော့ ငါမယုံဘူး ... ညည်းကိုလည်း ကြိုတင်သတိပေးထားမယ်နော် ... မောင်ဝဏ္ဏထင်အပေါ်တော့ အကောက်ကြံမယ် မကြံနဲ့နော် ... "

အကောက်ကြံဖို့လာတာပဲဟု ဒေါ်ရွှေကို ပြောပစ်ချင်မိသည်။

စိတ်ညစ်လို့ သေတော့မယ်။

ကောင်းကင်ကို ဖိအားတွေပေးနေသည်။

အားလုံး ...

အကြံတွေနှင့်ပဲ။

"အယ်လင်ဘာပဲ ညွှန်ကြားညွှန်ကြား ညည်းမလုပ်နဲ့ ညည်းရုပ်ညည်းရည်လေးနဲ့ ထောင်ထဲဝင်နေရမယ် ... "

"[illegible] ... "

"ညည်းကို အပြတ်ပြောပြထားတာ ... အယ်လင်ဟာ ... ယောကျ်ားအပေါ် ဘယ်တော့မှစိတ်ကောင်းရှိတဲ့ မိန်းမတစ်ယောက်မဟုတ်ဘူး ... "

ဒေါ်ရွှေကတော့ မမအယ်လင်ကို နည်းနည်းမှ ကြည့်လို့မရပေ။

မမအယ်လင်ကြည့်ရတာ ဒီမှာ သြဇာအာဏာရှိပုံမပေါ်။

www.burmeseclassic.com



"ကောင်းကင်ပြာ ... "

"ရှင် ... "

"မောင်ဝဏ္ဏထင် အခန်းကို ညည်း ထမင်းသွားပို့ရမယ် ..."

"ရှင် ... "

ကောင်းကင် အထိတ်တလန့်တော့ ဖြစ်သွားရတာ အမှန်ပဲဖြစ်သည်။

သူမက ကိုဝဏ္ဏထင်အပေါ် အကောက်ကြံမည့် သူ ဖြစ်နေ၏။

ရိုးသားစွာဝင်လာခြင်းမဟုတ်။

စိတ်တွေမလုံမလဲဖြစ်ရသည်။

"မောင်ဝဏ္ဏထင်ရဲ့ ... စိတ်ဓာတ်တွေ ပြန်လည်တက်ကြွ အောင် ညည်း ကြိုးစားပေးပါ ... ညည်းကို လက်ခံလာ အောင် ကျုပ် ... ဖျောင်းဖျပြောဆိုထားပေးမယ် ... "

"ဟုတ်ကဲ့ ... ကျွန်မအတတ်နိုင်ဆုံး ကြိုးစားပါ့မယ် ... အလုပ်ကိုလည်း ကြိုးစားလုပ်ပါ့မယ် ... ဒေါ်ရွှေခိုင်းချင်ရာ ခိုင်းပါနော် ... "

ကျွန်မ ...

စိတ်ရင်းနဲ့ပြောလိုက်မိတာပါ ...

အမှန်တော့ ...

ကျွန်မ ဘဝတစ်လျှောက်လုံးမှာ လူတွေအပေါ် ကောက်ကျစ်ယုတ်မာတဲ့စိတ် လုံးဝမရှိခဲ့။

ရိုးသားဖြူစင်စွာနှင့် လူ့လောကကြီးကို ဖြတ်သန်း ချင်သူပါ။



မတတ်နိုင်ဘူးလေ။

ဒေါ်ကျော့ကျော့စံလို မိန်းမကြီးတစ်ယောက်ရဲ့ ထောင်ချောက်ထဲ ကိုးဝင်သွားမိသည်။

ကိုဝဏ္ဏထင်ကို ဒုက္ခပေးဖို့ အတွက် အကွက်ချစီစဉ် ထား၏။

ခြံထဲမှာ ...

ကိုစောဖေ ...

"ဒရိုင်ဘာစောဖေဆိုတာကိုလည်း စောင့်ကြည့်ထားရမယ် အယ်လင်နဲ့ ပတ်သက်တဲ့လူတွေဆို တစ်ယောက်မှ အယုံ အကြည်မရှိဘူး ... "

ကိုစောဖေရော ခြံထဲမှာ အဆင်ပြေရဲ့လားမသိပေ။

ဒရိုင်ဘာပဲ။

အလုပ်ကတော့ သိပ်ရှိမှာမဟုတ်။

"ကိုစောဖေက သော့ဝိဇ္ဇာတစ်ယောက်ပဲ ... ကောင်းကင် ဘယ်လိုသော့မျိုးမဆို အသာလေးဖွင့်နိုင်တယ် ... "

သော့ဝိဇ္ဇာတဲ့ ...

ကျွန်မက လက်ထောက်ချရမှာ။

"ကောင်းကင်ပြာ ... "

"ရှင် ... "

ဒေါ်ရွှေ အသံကြောင့် အတွေးတွေ ပျက်သွားပြီး အထိတ်တလန့်ဖြစ်သွားရသည်။

"ညည်းကြောက်နေလား မကြောက်ပါနဲ့ ... မောင်ဝဏ္ဏထင်

www.burmeseclassic.com



က စိတ်ရင်းကောင်းပါတယ် ... သူ့ဘဝမှာ ပထမဆုံးပတ်သက်ဆက်ဆံမိတဲ့ မိန်းမက ပေါ့ပျက်ပျက် မိန်းမဖြစ်နေတော့ တခြားမိန်းမတွေအပေါ် အထင်မကြီး တတ်တော့ဘူး... "

ကောင်းကင် စိတ်တွေကို တင်းပစ်လိုက်မိတော့သည်။

ရင်ဆိုင်ရမှာပဲ။

ကျွန်မ ... လွတ်မြောက်ချင်တယ် ...။

ဒေါ်ကျော့ကျော့စံရဲ့ လောဘက အလွန်ကြီးမားကြောင်း သူမသိနေခဲ့သည်။

မအောင်မြင်လို့ကတော့ မလွယ်ဘူး။

"ထမင်းပွဲပြင်ပြီးပြီ ... ညည်းသွားပို့တော့ ... "

"ဟုတ် ... "

"မကြောက်ပါနဲ့ ... ကျုပ်လည်း ကူပြီးဖျောင်းဖျပေးထားပါတယ် ... ညည်းဟာ ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ဖြစ်မှာပါလို့ ... "

ဒေါ်ရွှေရဲ့ အကြည့်တွေအောက်မှလွတ်ကင်းအောင် အမြန်ဆုံး ပြေးထွက်လာခဲ့မိသည်။



## အခန်း (၉)

ကောင်မလေးလာပြန်ပြီ။

အိမ်တော်စိုးကြီး ကိုယ်တိုင်က ကောင်းကင်ဆိုတဲ့ ကောင်မလေးက မင်းအတွက် လိုအပ်တယ်လို့ ပြောဆိုသွားခဲ့သည်။

ဘာကြောင့်လိုအပ်တာလဲ ...

အယ်လင်နှင့် ပတ်သက်နေတာ ဖြစ်၍သူ့စိတ်ထဲမှာ မယုံကြည်နိုင်ဘဲ ဖြစ်နေသည်။

သူ ...

ဒီလိုဖြစ်ရတာ အယ်လင့်ကြောင့်ပဲ။

ပျော်ရွှင်မှုတွေ သွက်လက် ဖြတ်လတ်မှုတွေကို အယ်လင် ဖျက်ဆီးပစ်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှအနှစ်သာရမရှိတဲ့ အိမ်ထောင်ရေးတစ်ခုပဲ ဖြစ်ခဲ့သည်။ အဆင်ပြေမှုလုံးဝမရှိ။

မိန်းမကြောင့် သူ့ ဂုဏ်သိက္ခာတွေ အကြီးအကျယ် ကျခဲ့ရသည်။

စီးပွားရေးပင် ထိခိုက်ရ၏။

အခု ...

ကျန်းမာရေးပါ ထိခိုက်လာရပြီ။

ဒုက္ခတဘာဝ။

ဘယ်လောက်စိတ်ဓါတ်ကျဖို့ကောင်းလည်းဆိုတာ...

"ဖြတ် ... ဖြတ် ... "

"ဖြတ် ... "

"ဖြတ် ... "

နှေးကွေးလေးလံတဲ့ ခြေသံလေးတစ်ခု ...

"မင်းဆီကို ... ကောင်းကင်ပြာထမင်းလာပို့လိမ့်မယ် ..."

အိမ်တော်စိုးကြီးက ပြောခဲ့သည်။

သူ ...

ငယ်စဉ်လေးထဲက အိမ်တော်စိုးကြီး လက်ထဲမှာ ကြီးပြင်းလာရ၍ အိမ်တော်စိုးကြီးစကားတွေကို နာခံခဲ့မိ၏။

ချစ်ခင်သည်။

အားကိုးမိ၏။

အိမ်တော်စိုးကြီးသည် သူ့အကျိုး စီးပွားပျက်စီးအောင်မလုပ်သူဟု အမြဲတမ်းသတ်မှတ်ထားလေ့ရှိသည်။



"ကောင်မလေးက ရိုးရိုးသားသားလေးထင်တယ် ... မောင်ဝဏ္ဏထင် ... ဒေါ်လေးရွှေကတော့ လက်ခံစေချင်တယ်..."

"အယ်လင့်ကို ကျွန်တော် မယုံဘူး ... ဒီမိန်းမအမြဲတမ်း အကောက်ကြံဖို့ စဉ်းစားနေတာ ... "

"စောင့်ကြည့်ပါဦးကွယ် ... "

ဒေါ်ရွှေပြော၍ သူလက်ခံလိုက်ခြင်းသာဖြစ်သည်။

"ဖြတ် ... "

"ဖြတ် ... "

"ဖြတ် ... "

ခြေလှမ်းလေးတွေက သူ့အခန်းဝရှေ့မှာ ရပ်သွားသည်။

"ကျွီ ... "

တံခါးပွင့်လာသည်။

သူ ...

မနက်စာ စားချိန်ရောက်နေပြီပဲ ...

ဒေါ်ရွှေက သန့်ရှင်းရေးတွေ လာပြီးလုပ်ပေးနေသည်။

"နောက်ဆို မင်းအတွက်ဝေယျာဝစ္စတွေ ကောင်းကင်ပဲ ... လုပ်ပေးလိမ့်မယ် ... "

"အိမ်တော်စိုးကြီးပဲလာပြီး လုပ်ပေးပါ ... "

"မအားလို့ပါ ကလေးရယ် ... ကောင်းကင်ကို မင်းလက်ခံလိုက်ပါ ... "

www.burmeseclassic.com

www.burmeseclassic.com



အထဲကို ...

ကောင်မလေးဝင်လာသည်။

မိဘမဲ့ကောင်မလေးတဲ့။

ဟုတ်ပါ့မလား ...

ကောင်မလေးချောချောတစ်ယောက်က အိမ်ဖေါ် လာလုပ်တာ စဉ်းစားစရာပဲ ...

"ကိုဝဏ္ဏထင် ... "

သူ ...

ထလိုက်သည်။

ကြည်လင် တောက်ပနေတဲ့ မျက်လုံးလေးနှင့် ရင်ဆိုင်လိုက်ရ၏။

"ကျွန်မ ... "

"မင်းလုပ်စရာရှိတာပဲ လုပ်စမ်းပါ ... "

"ကျွန်မကို ရှင် လက်ခံတယ်နော် ... "

"အိမ်တော်စိုးကြီးကို ငါယုံတယ် ... သူက ငါ့အကျိုးစီးပွား ပျက်ပြားအောင် ဘာမှလုပ်မှာမဟုတ်ဘူးထင်တယ် ... ကောင်းကင်ပြာ ... "

ကျွန်မက ရှင့်ကို အကျိုးစီးပွားကို ပျက်ပြားအောင် လုပ်ဖို့လာတာလေ ...

ဒေါ်ကျော့ကျော့စံနိုင်းတာ ...

ရှင့်မိန်းမကရော ...

ကျွန်မကို ဘာသဘောနဲ့ အခွင့်အရေးတွေ ပေးနေ



ဘာလည်း ဆိုတာကျွန်မသိတယ် ...

တကယ်တော့ ...

အဲဒီ ...

အလုပ်တွေက ကျွန်မအစက်ဆုပ်ဆုံး အရာတွေပါပဲ ကိုဝဏ္ဏထင် ...

ခြံထဲမှာ ...

လူတစ်ယောက်ရှိသေးတယ် ...

ကိုစောဖေတဲ့ ...

ကျွန်မသိနေတယ် ...

ရှင်ကဒုက္ခိတ ...

စိတ်ဓါတ်တွေပါကျနေတော့ ရောဂါဝေဒနာရှင်ကြီး တစ်ယောက်လို ရှတ်ပုံကျနေသည်။

ရှင့်အပေါ် သစ္စာရှိတာ အိမ်တော်စိုးကြီးပဲ ရှိမယ်။

"ကိုဝဏ္ဏထင် ... "

"ဘာလဲ ... "

"ထမင်းစားဖို့ ပြင်လိုက်မယ်နော် ... "

"ကောင်းကင်ပြာ ... "

"ရှင် ... "

"မင်းဘယ်လိုအကြံအစည်နဲ့ ငါ့ဆီရောက်လာတာလဲ ... အယ်လင့်ကို ငါမယုံဘူး ... ဒေါ်ကျော့ကျော့စံက ပိုဆိုး တယ် ... ဒီမိန်းမနှစ်ယောက်လုံးက ငါ့အပေါ်စိတ်ကောင်း နှလုံးကောင်းရှိမှာ မဟုတ်ဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမိဘမဲ့ပါ … နိုကိုးရာမဲ့နေခဲ့တာပါ … ဒေါ်ကျော့ကျော့စံက မွေးစားတာပါ … "

"မင်းကျောင်းနေသေးလား … ကောင်းကင်ပြာ … "

"ဆယ်တန်းအောင်ထားပါတယ် … ကျွန်မကျောင်းဆက်မတက်နိုင်လို့ပါ … "

ကောင်းကင်ပြာ ပြောတာတွေ အမှန်တွေပဲဖြစ်သည်။

အဖေ့ကို ဆေးကုသစရိတ်ပင်အနိုင်နိုင် …

ဒေါ်ကျော့ကျော့စံကို အိမ်ရောင်းတဲ့အပြင် အကြွေးတွေကလည်း ကျန်သေးသည်။

"ကျွန်မအဖေနေမကောင်းလို့ဆေးကုရတာနဲ့ အိမ်ရောင်းလိုက်ရတာတောင် အကြွေးကမကျေသေးဘူး … "

သူ …

စဉ်းစားနေမိသည်။

ဒီကောင်မလေးကို သူ့စိတ်တွေထဲမှာ ယုံကြည်လာမိသလိုပင်။

"ကျွန်မတို့အိမ်ကို ဒေါ်ကျော့ကျော့စံက ဝယ်တာလေ …"

"မင်းငါ့ကို မလိမ်နဲ့နော် … "

"ဟုတ်ကဲ့ … "

"ငါကဒုက္ခိတဆိုပေမယ့် … ထုံထိုင်းထိုင်းယောကျာ်းတစ်ယောက်တော့ မဟုတ်ဘူးနော် … "

ကျွန်မ …



တကယ်မလုပ်ချင်ပါဘူး …

မကောင်းမှုဒုစရိုက်တွေကို အမြဲတမ်းရှောင်ကြဉ်ဖို့ အဖေက ဆုံးမသွန်သင်နေတတ်တာပါပဲ။

ကံကြမ္မာကြောင့်ပဲလား …

"ကောင်းကင် … အမေသေသေချာချာမှာမယ်နော် … မိန်းကလေးဆိုတာ ကိုယ်ကျင့်တရားကို ထိန်းသိမ်းရတယ် နာမည်ဂုဏ်သတင်းထိခိုက်မှာကို ရှောင်ရမယ် … ငွေကြေးကြောင့် ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းကလေးအဖြစ်သမီးဘဝကို ဘယ်တော့မှမရပ်တည်နဲ့ … ရိုးသားဖြူစင်တဲ့ဘဝလေးကိုပဲ သမီးမြတ်နိုးပါ … "

အမေ …

ကျွန်မဘယ်ဘဝရောက်နေပြီလဲ …

ဒေါ်ကျော့ကျော့စံကို အကူအညီပေးမှ ကျွန်မဘဝလွတ်မြောက်မှာပါပဲ။

"နင့်ကို ငါလွတ်လပ်ခွင့်ပေးမယ် … နင့်အကြွေးတွေကိုလျှော်ပစ်မယ် … ငါလုံးဝမနှောင့်ယှက်တော့ဘူး … ကောင်းကင်ပြာ … "

ကျွန်မ …

အကြွေးစာချုပ်မှာ လက်မှတ် ထိုးထားရတယ် အဖေ… ။

အလွဲသုံးစားမှုနဲ့ ထောင်ချပစ်မယ်တဲ့ …

လူသတ်မှုက ကျွန်မနဲ့ဘာမှမဆိုင်ဘူး …

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျော့ကျော့စံရဲ့ အရှုပ်တော်ပုံဆိုတာ ကျွန်မ သိပေမယ့် ရင်မဆိုင်ရဲဘူး ...

ကောင်းကင်ကို ဘယ်သူက အကာအကွယ်ပေးမှာလဲအမေ ...

"ကောင်းကင် ... "

"ရှင် ... "

"မင်းဘာတွေစဉ်းစားနေတာလဲ ... "

"ရှင် ... "

"ငါ့ကို အကောက်ကြံဖို့တော့ လုံးဝမစဉ်းစားနဲ့နော် ... "

"ကျွန်မ ... ကျွန်မ ... "

"အိမ်တော်စိုးကြီးကြောင့် ... မင်းကိုငါလက်ခံတာ ... အယ်လင့်ကို မယုံဘူး ... "

သူ ...

တစ်ယောက်တည်း နေသည်။

အတွေးတွေရှုပ်ထွေးလာတိုင်း ဒေါသတွေနှင့်ပေါက်ကွဲပစ်၏။

အရာအားလုံးက သူ့ရန်သူတွေဟုပဲ မြင်နေမိသည်။

ဘာကြောင့်ဒီလိုဖြစ်ရတာလဲ ...

ထက်မြက်တဲ့ သူ့ ဦးနှောက်တွေက ဘာမှသုံးလို့မရတော့ ... ။

စိတ်သွားတိုင်း ကိုယ်မပါတော့တဲ့ ဘဝကို မုန်းတီးနာကြည်းနေမိသည်။



အတိတ်က အကြောင်းတွေကို မတွေးချင်ဘူး။

နာကြည်းနေမိသည်။

အယ်လင့်ကို မုန်းမိ၏။

ဒါပေမဲ့ ...

ကွာရှင်းပြတ်စဲဖို့ ကိစ္စကိုတော့ သူ့ဂုဏ်သိက္ခာအရ စဉ်းစားနေမိသည်။

အယ်လင်သုံးခဲ့တဲ့ ငွေကြေးတွေက အလွန်အမင်းများနေ၏။

သူ ... ထိန်းချုပ်လိုက်ရသည်။

တစ်ခါတစ်ရံ ...

စိတ်လေပြီး နေချင်သလိုနေပစ်လိုက်တာကလည်း သူ့အောင်ပိုင်းသေတဲ့ ဘဝရောက်ရသည်။

မိန်းမတွေကို မုန်းမိ၏။ အထင်မကြီးတော့ ... ။

"ငါ ... မိန်းမတွေကို အထင်မကြီးဘူး ... ယုံလည်းမယုံဘူး မင်းကိုလည်း စောင့်ကြည့်နေရမှာပဲ ကောင်းကင်ပြာ ... "

"ရှင်ထမင်းစားလေ ... "

ကိုဝဏ္ဏထင်ရဲ့အကြည့်တွေကို ကျွန်မရှောင်လွှဲပစ်ချင်မိသည်။

အထင်သေးတဲ့ အကြည့်တွေ ...

မယုံကြည်တဲ့ မျက်ဝန်းတွေ ...

သူ ...

သေသေသပ်သပ်နှင့် စည်းစနစ်ကြီးသော ယောကျာ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်သည်။

ဖြူစင်သန့်သော လက်ချောင်းလေးတွေနှင့် ဖွန်းခရင်းကို ကိုင်တွယ်စားသောက်နေပုံက အထက်တန်းကျလွန်း၏။

ရှင် ...

ဒီဘဝကို အားမလိုအားမရ ဖြစ်နေမှာပါပဲ။

ကျွန်မ ကိုယ်ချင်းစာပါတယ်။

ကိုဝဏ္ဏထင်ဆိုတဲ့ လူတစ်ယောက်ကို ကြည့်မိနေသည်။

မမအယ်လင်ရယ် ...

ဒီလို ယောကျ်ားတစ်ယောက်အပေါ် ဘာလို့များ အကောက်ကြံချင်ရတာလဲ ...

ဥပက္ခာပြုထားရတာလဲ ...

ချောမော ခန့်ညားသော ခင်ပွန်းတစ်ယောက်နှင့် ဖူးစာဆုံခွင့်ရတာပဲ။

ကံကောင်းလိုက်တာ။

သူမ ...

ကိုဝဏ္ဏထင်ရဲ့အခန်းကို သန့်ရှင်းရေး လုပ်ပေးနေမိသည်။

ဆင်းရဲပေမယ့် သန့်သန့်ရှင်းရှင်းနေတတ်တာ သူမ အကျင့်ပင်။

ကိုဝဏ္ဏထင်ထမင်းစားပြီးသွားသည်။

"အစားနည်းလိုက်တာ ... ရှင်နည်းနည်းလောက်ထပ်စား



လိုက်ပါဦးလား ... အားရှိအောင်လို့လေ ... "

"တော်ပြီ ... "

"အစာစားချင်တဲ့ စိတ်တွေကို အမြဲမွေးထားရမယ် ... ကိုဝဏ္ဏထင် ... နောက်ဆိုရှင် လမ်းလျှောက် ကျင့်ရမယ်... စိတ်ဓါတ်ကျနေလို့ ... လောကကြီးက ဘာမှဖြစ်မလာနိုင်ဘူး... "

ကျွန်မ ...

စိတ်ကောင်း စေတနာနဲ့ လာပြီးအားပေးတာပါ ကိုဝဏ္ဏထင် ...

လမ်းလျှောက်ကျင့်ဖို့ ဝေလာဝေး ...

ဗိုးလ်ချဲလ်နှင့်တောင် အပြင်ထွက်ဖို့ ခေါ်လို့မရဘူးတဲ့ ...

"အိမ်တော်စိုးကြီးက ကျွန်မကို တာဝန်ပေးထားတယ် ... ရှင် ... ဝေယျာဝစ္စတွေ လုပ်ပေးရင် လေ့ကျင့်ခန်းတွေပါ... လုပ်ပေးရမယ်တဲ့ ... "

"ငါမထချင်ဘူး ... ငါဘာလို့ဒီလိုဖြစ်နေရတာလဲ ... ငါဘာမှ လုပ်နိုင်တော့မှာမှ မဟုတ်တာပဲ ... "

"ရှင်ဘာလို့ မလုပ်နိုင်ရမှာလဲ ... စကားပြောလို့ရတယ် ... လက်တွေက လှုပ်ရှားလို့ရတယ် ... တစ်ကိုယ်လုံးသေနေတာမှ မဟုတ်တာပဲဟာ ... "

ကောင်းကင်ပြာပြာတာလည်း ဟုတ်သားပဲဟု သူ တွေးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာပည့်တွေနှင့် လုပ်ငန်းတွေကို လွှဲထားပြီး သူက တော့ ဘာမှမလုပ်ခဲ့ ... ။ အလုပ်တွေကိုလည်း မကြည့်တော့။

အိပ်ရာပေါ်မှာပဲ ငြိမ်သက်စွာလဲလျောင်းပြီး တွေနေချင်မိသည်။ စိတ်ဓါတ်တွေကျနေ၏။

"ဗိုးချဲလ်ပေါ်ကနေ ရှင့်အလုပ်တွေကို ညွှန်ကြားနိုင်တာပဲ ရှင်က သူများတွေလို ရွတ်ပုံကျနေတဲ့ ဒုက္ခိတကြီးမှ မဟုတ်တာပဲ ..."

"ကောင်းကင်ပြာ ..."

"ရှင် ..."

"မင်းအလုပ်ပြီးပြီ ..."

"ရှင့်ကို ဆေးတိုက်ဖို့ ကျန်သေးတယ်လေ ... ပြီးတော့ ရှင့်အထီးကျန်မှုတွေကို ကျွန်မက ချေဖျက်ပေးရမယ် ..."

"မလိုဘူး ... ငါတစ်ယောက်တည်းပဲ နေချင်တယ် ..."

"မရဘူး ..."

"ဘာ ..."

"ရှင်အိပ်ရာထဲ ပေါ်မှာပဲနေပြီး ဘဝကို အရှုံးပေးတော့မှာလား ..."

"အဲဒါ မင်းနဲ့မဆိုင်ပါဘူး ... ကောင်းကင်ပြာ ..."

"ရှင် ... ကျွန်မကို မယုံသေးတာလား ..."

"ဟုတ်တယ် ..."

"ကျွန်မအလကားနေရင်း သူများဆီကလခကို အချောင်မယူချင်ဘူး ..."



"အံ့သြစရာပဲ ... ကောင်းကင်ပြာ ... အယ်လင်က ငါ့အတွက်စီစဉ်ပေးတာ ..."

ကောင်းကင်ပြာလို မိန်းကလေးတစ်ယောက် ကို ငါ့ အနားမှာထားပေးတာ မင်းငါ့ကို ထောင်ချောက်တစ်ခုဆင်တာပဲ။

အယ်လင် ...

မင်း ...

ငါ့ကို အပြစ်ရှာတာ မဟုတ်လား ...

ဒုက္ခိတဖြစ်နေတဲ့ ငါ့ကို အပြစ်တွေနဲ့ အကြောင်းပြကွာရှင်းပြီး ငါ့စည်းစိမ်ဥစ္စာတွေရဲ့ တစ်ဝက်ကို အရယူဖို့ ကြိုးစားခဲ့တာပဲ မဟုတ်လား ...

မင်းအကြံကို ငါသိတယ် ...

ဒါပေမဲ့ ...

အိမ်တော်စိုးကြီးက ကောင်းကင်ပြာကို လက်ခံရန် တိုက်တွန်းခဲ့သည်။

သူ့စိတ်တွေ ငြိမ်သက်အောင်လား ...

မဖြစ်နိုင်ဘူး ...

မိန်းကလေးတစ်ယောက် သူ့အနားမှာ ရှိနေတာ ပိုပြီး စိတ်ချောက်ချားနေရသည်။

"မင်းသွားတော့ ..."

"ကျွန်မ ..."

"မင်းရှိနေတာ ငါ့စိတ်တွေကို ပိုရှုပ်ထွေးနေသလိုပဲ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်ပြာ ... ”

“ကျွန်မကိုရှင်က အလိုမရှိဘူးပေါ့ ... ”

“ငါအိမ်တော်စိုးကြီး စကားကို မငြင်းဆန်ချင်ဘူး ... မင်းလုပ်ပေးစရာရှိတာ လုပ်ပေးပြီး ပြန်ထွက်သွားပါတော့ ...”

ကိုဝဏ္ဏထင်က ဖွတ်အတင်းကြီး ပြန်ခိုင်းနေ၍ ပြန်ထွက်ခဲ့ရသည်။ မီးဖိုခန်းထဲရောက်လာ၏။

“ဘယ်လိုလဲ ကောင်းကင် ... ညည်းလေးအဆင်ပြေတယ် မဟုတ်လား ... ”

“ဟင်အင်း ... ကျွန်မရှိနေတာ သူ့စိတ်တွေကို ပိုပြီး ရှုပ်ထွေးစေတယ်တဲ့ ... ”

“ညည်းလေးစိတ်ဓါတ်မကျပါနဲ့ ကောင်းကင်ပြာ ... တဖြည်းဖြည်းတော့ သူလက်ခံလာမှာ သေချာပါတယ် ... ”

ဒေါ်ရွှေကတော့ မောင်ဝဏ္ဏထင်ရဲ့ စိတ်ဓါတ်တွေကို ပြန်၍ တက်ကြွလာစေချင်သည်။

မိန်းမအပေါ် စိတ်နာပြီး လောကကြီးကိုပါ မုန်းတီးနေသည်။

စိတ်ကုန်နေ၏။

အရက်သောက်ပြီး အအေးခန်းထဲမှာ အချိန်ကြာမြင့်စွာ နေခဲ့၍ အခုလိုဖြစ်ရတာပါ။

“မောင်ဝဏ္ဏထင်ကို မင်းနားလည်ပေးပါ ... သည်းခံပါ ... မင်းကိုတော့ကျုပ်ယုံကြည်နေတယ် ... ညည်းဟာ ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်မှာပါ ... ”



မောင်ဝဏ္ဏထင်ရဲ့ စိတ်တွေ ပြောင်းလဲသွားဖို့တော့ ဒေါ်ရွှေမျှော်လင့်နေမိသည်။

ကောင်းကင်ပြာက ဆွဲဆောင်မှုရှိနေတဲ့မိန်းကလေး တစ်ယောက်ပဲ ...

အယ်လင်ကို ကွာရှင်းစေချင်တယ် ...

ဂုဏ်သိက္ခာကို အမြဲတမ်းကြည့်တတ်တဲ့ မောင်ဝဏ္ဏထင်က အယ်လင်နှင့် ကွာရှင်းဖို့ မကြိုးစားခဲ့ပေ။

သူ့ဘက်က အပြစ်မရှိအောင်ပင် အမြဲတမ်း နေထိုင်ခဲ့သည်။

“မင်းတာဝန်ကို မင်းကျေပွန်အောင် ထမ်းဆောင်ပါ ... ကောင်းကင်ပြာ ... ”

အိမ်တော်စိုးကြီးရယ် ...

ကျွန်မကို ယုံကြည်ပေးတာပဲ ကျေးဇူး အများကြီးတင်ပါတယ် ...

ကိုဝဏ္ဏထင်က ကျွန်မအပေါ်ယုံကြည် သက်ဝင်လာဖို့က ကျွန်မအလုပ်ပဲ ...

ဒေါ်ကျော့ကျော့စံရဲ့ အမိန့်ကို ကောင်းကင်နာခံရမှာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ကောင်းကင် ... "

"ဟင် ... "

"အဆင်ပြေလား ... "

"ဟင်အင်း ... "

"ဟိုလူက လက်မခံဘူးလား ... "

"အင်း ... "

"ဝမ်းသာစရာပဲ ... "

"ဘာရှင့် ... "

စောဖေပျော်သွားသည်။

လူပျိုသိုးကြီးစောဖေ ...

အချစ်နဲ့ ပတ်သက်လာလျှင် အမြဲတမ်း နောက်ကောက်ကျခဲ့ရတဲ့သူ ...



ကောင်းကင်ပြောက သူ့အတွက်ပဲ ...

ကျော့ကျော့စံရဲ့ ကျေးဇူးပင်။

စောဖေတော့ ကောင်းကင်ဆိုတဲ့ မိန်းကလေး ခြံထဲ ဆင်းအလာကို စောင့်နေမိသည်။

အခုမှ ... ဆင်းလာသည်။

ကျော့ကျော့စံက ကောင်းကင်နှင့် စောဖေ မကြာ ခဏ ဆက်သွယ်ရမည်ဟု မှာထား၍ ကောင်းကင်က လာတွေ့၏။

"ဘာမှန်းတော့ မသိဘူး ... မင်းနဲ့ဟိုလူအဆင်ပြေမှာ ငါ အရမ်းကြောက်နေမိသလိုပဲ ... "

ဒီလူကြီး ဘာပြောတာလဲ ...

သူမကိုကြည့်တဲ့ အကြည့်တွေက မရိုးသားဟု ထင်မိသည်။

စိတ်ညစ်ရတဲ့အထဲ ...

"ဟိုလူ့အခြေအနေဘယ်လိုလဲ ကောင်းကင် ... "

"သူက ကျွန်မကို မယုံကြည်ဘူးဖြစ်နေတယ် ... သိပ်လက်ခံချင်ပုံလည်း မရဘူး ကိုစောဖေ ... "

ကောင်းကင် မျက်နှာလေးက ညှိုးရော်နွမ်းဖတ်နေသည်။

အဝတ်အစားအပြင်အဆင်က တိုးတက်လာ၍ ပိုပြီး ချောမောလာသည်ဟု ထင်မိ၏။

ရိုးသားဖြူစင်တဲ့ မျက်ဝန်းလေးတွေ ထဲမှာ အလိုပ် ဆချို့ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စောဖေသိတယ်။

ဒီအလုပ်ကို လုံးဝမလုပ်ချင်ဘဲ သူမ လက်ခံလိုက်ရတာပဲဖြစ်သည်။

ကျော့ကျော့စံရဲ့ ချုပ်ကိုင်မှုတွေကို တစ်နည်းနည်းတော့ ခံနေရပုံပင်။

မင်းလေးကို သနားတယ် ...

စောဖေဘယ်လို ကယ်တင်ရမလဲ ...

ကျော့ကျော့စံကြောင့် စောဖေလည်း မကောင်းမှုဒုစရိုက်တွေကို ကျူးလွန်ခဲ့ရသည်။

မထူးတော့။

သော့ဝိဇ္ဇာဆိုတဲ့ ဂုဏ်ဒြပ်ကို ခံယူပစ်လိုက်မိတော့သည်။

"ကောင်းကင် ... "

"ရှင် ... "

"မင်း ကိုစောဖေကို အထင်သေးနေလား ... "

"ရှင် ... "

"ကိုစောဖေအပေါ် ဘယ်လိုမြင်လဲ ... မကောင်းမှုဒုစရိုက်သမားကြီးလို့ ထင်နေလားဟင် ... "

ရှင်က ...

မကောင်းမှုဒုစရိုက်သမားကြီးပဲ ...

ဒေါ်ကျော့ကျော့စံနဲ့ ပတ်သက်နေမှတော့ လူကောင်းမဖြစ်နိုင်ဘူး ...



"မင်းဘဝအတွက် ကိုစောဖေကို အားကိုးပါကောင်းကင်... သူက လူပျိုကြီး ... စိတ်သဘောထားကောင်းတယ် ... စိတ်ကူးမလွဲနဲ့ ... "

ဘာစကားတွေလဲ ...

ကောင်းကင်သိပါတယ် ...

သူမ ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအားလုံး တစ်ယောက်မှ သဘောထားဖြူစင်ကြတဲ့ လူတွေမဟုတ်ကြပေ။

"ဒီမှာ ... "

"ပြော ... "

"ဒေါ်ကျော့ကျော့စံမေးရင် ကျွန်မအခြေအနေကို ရှင်ပဲ ပြောပြလိုက်ပါ ... "

"ကောင်းကင် ... "

"ရှင် ... "

"ပိပိရိရိတော့ နေဖို့လိုတယ် ... ကိုယ့်အနေနဲ့တော့ အမြန်ဆုံး အောင်မြင်ချင်တယ် ... "

"ကျွန်မလည်း ဖြစ်ချင်တာပေါ့ ... ဒေါ်အယ်လင် ကြောင့် ဦးဝဏ္ဏထင်က မိန်းမတွေကို အထင်သေးနေတာရှင့် ... "

"ဝဏ္ဏထင်ဆိုတဲ့လူ ဘယ်အရွယ်လဲ ချောလား ... "

စောဖေ စိတ်အပူဆုံး မေးခွန်းပဲ။

"အင်း ... ချောတယ် ... ခန့်တယ် ... သန့်တယ် ... "

"ဟင် ... "

ကိုစောဖေကြီး မျက်နှာပျက်သွားသဖြင့် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်ကျေနပ်သွားရသည်။

ဟွန်း ...

ရှင်ကြီးက ကျွန်မကို ချိန်နေတာမဟုတ်လား ...

ဝေးသေးတယ် ...

ရှင့်လိုဒုစရိုက်သမားကြီး တစ်ယောက်ကို ကျွန်မက မစဉ်းစားဖူး ...

ရှုံတယ် ...

မုန်းတယ် ...

မလွဲသာမရှောင်သာလို့ ပတ်သက်ဆက်ဆံနေရခြင်း ဖြစ်သည်။

"ညည်း ... ကိုစောဖေကို ကလန်ကဆန်မလုပ်နဲ့နော် ... အလိုက်အထိုက်နေပါ ... ကျုပ်အတွက် အရမ်းအသုံးဝင်တဲ့ လူတစ်ယောက်ပဲ ... "

ဒေါ်ကျော့ကျော့စံက သူမအား အထပ်ထပ်မှာ လိုက်သည်။

"မင်းအတွက် အရမ်းအန္တရာယ်များတဲ့ အလုပ်ပဲ ကောင်းကင် ... မလုပ်ချင်ရင်လည်း မလုပ်နဲ့တော့ ... "

"ရှင် ... "

"မင်းကို စိတ်မချဘူး ... "

ဦးစောဖေရဲ့အကြည့်တွေကို သူမဥပက္ခာပြုပြီး ကျော နိုင်းလိုက်မိသည်။

"ကောင်းကင် ... "



"ကျွန်မအအချိန်အကြာကြီး ... ရှင်နဲ့စကားပြောနေလို့ မဖြစ် သေးဘူး ... "

ကိုစောဖေနှင့် စကားပြောချင်တဲ့ ဆန္ဒမရှိပေ။

ကျွန်မကို အထင်သေးတာပဲ။

ရှင့်လို လူတစ်ယောက်ကို ကျွန်မ အားကိုးမယ်ထင် လို့လား ...

"ပိုက်ဆံချမ်းသာတဲ့ လူတွေကို မင်းအထင်မကြီးနဲ့နော် ... ပြီးတော့ ဝဏ္ဏထင်က အယ်လင်ရဲ့ ယောကျ်ား ... "

သူမ ...

ဘာမှ မပြောတော့ ...

ကိုစောဖေ ...

ရှင် ကျွန်မကို အထင်မသေးပါနဲ့ ...

ကျွန်မ ငယ်ငယ်လေးတည်းက ကိုယ်ကျင့်တရားကို အတတ်နိုင်ဆုံး ထိန်းသိမ်းနေလာခဲ့တဲ့ မိန်းကလေးပါ။

ကိုဝဏ္ဏထင်အနားမှာ မလွဲသာမရှောင်သာလို့ ကျွန် မနေတာ ...

ဒေါသဖြစ်ချင်နေမိသည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာဖိကပ်ထား မိ၏။

အိမ်ထဲပြန်ဝင်လာသည်။

"ကောင်းကင် ... "

"ဟင် ... "

သူမ ...

www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်ဖြစ်သွားရသည်။

မမအယ်လင် ...

"ညည်း ... ဘယ်ကနေ ပြန်လာရတာလဲ ..."

"ဟို ... ခြံထဲကပါမမ ... ဒရိုင်ဘာကိုစောဖေဆီကပါ ..."

"ကောင်းကင် ..."

"ရှင် ..."

"ညည်း ... အဆင်ပြေလား ..."

"ရှင် ..."

"ကိုကိုက ... လက်ခံလား ..."

"ဟင်အင်း ..."

"ဘာလဲ ... ညည်းကို မိန်းမတွေက ဘာမှအထင်ကြီးစရာ မရှိဘူးလို့ ပြောတယ်မဟုတ်လား ..."

"မမ ..."

"ဒင်းကရော ... မိန်းမဘာကြိုက်တတ်လဲ ... ဘယ်လိုအလို လိုက်ရမလဲ ဆိုတာ သိလို့လား ..."

အယ်လင်ကတော့ လုံးဝမကျေနပ်။

ငွေကြေးဥစ္စာတွေကို ထိန်းချုပ်ထား၍ ပိုပြီးဒေါသ ဖြစ်ရသည်။

"အလကားလူ ... စီးပွားရေးကလွဲပြီး ဘာမှမခံစားတတ်ဘူး ... မမအပေါ် အထင်သေးပြီး အပြစ်မြင်ချင်တယ် ..."

"မမတို့ အိမ်ထောင်ရေးကို အဆင်ပြေအောင် ပြန်ပြီးထိန်းသိမ်းပါလား ..."



"မမကတော့ သူ့အစေအပါးတစ်ယောက်လို အိမ်ရှင်မဆိုတဲ့ အမည်မခံယူနိုင်ဘူး ... အိမ်ရှင်မဆိုတဲ့ အမည်ခံပြီး သူတို့ ဝေယျာဝစ္စတွေ လုပ်ပေးရတာ ကျွန်တစ်ယောက်ငှားထားတာနဲ့ အတူတူပဲ ..."

"ဒါကတော့ မမရယ် ... မိန်းကလေးပဲဟာ ... အိမ်ထောင်ပြုပြီးရင်တော့ အိမ်ရှင်မဆိုတဲ့ နာမည်ခံရမှာပေါ့ ..."

"မမက တစ်သက်လုံး အစေအပါးတွေနဲ့ ချမ်းချမ်းသာသာ နေလာတာပဲ ... ယောကျ်ားယူတာ သုံးဖြုန်းချင်လို့ စီးပွားအရှာကောင်းတဲ့ လူကိုမမက ရှာယူထားတာ ..."

ဒုက္ခပါပဲ။

မမအယ်လင်ကတော့ မလွယ်ဘူး။

"မမကတော့ ဒုက္ခတကြီးကို ဆက်မပေါင်းချင်တော့ဘူး..."

"ဟင် ..."

ကိုဝဏ္ဏထင်ကို သူမ သနားသွားမိသည်။

မိန်းမတစ်ယောက်ရဲ့ ပေါ့ပျက်တဲ့ အတွေးအခေါ်တွေက ကြောက်စရာကောင်းနေ၏။

မမအယ်လင်က မပေါင်းချင်တော့ဘူးဟု ပြောနေသည်။

"ဒင်းကလည်း မမကိုမကွာပေးတာချစ်လို့ ... မြတ်နိုးလို့ မဟုတ်ဘူး ... သူ့ဂုဏ်သိက္ခာကြောင့်ပါ ... ဒုက္ခတကြီးကို မိန်းမက ပစ်သွားတယ်ဆိုတာ မခံချင်လို့ ..."

ကိုဝဏ္ဏထင်က စည်းစနစ်ကြီးပြီး ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



မမအေယ်လင်လွန်တာပါ။

"ကောင်းကင် ... "

"ရှင် ... "

"ညည်း ... နည်းနည်းသည်းခံပြီးနေလိုက်နော် ... ညည်းအနာဂတ်လည်း တောက်ပသွားနိုင်တယ် ... "

"ရှင် ... "

"ညည်း ... နောက်မှသဘောပေါက်လာမှာပါ ... မမေက ညည်းလို ရိုးသားဖြူစင်တဲ့ ကောင်မချောချောလေး တစ်ယောက်ကို ရွေးပေးတာ အရမ်းတော်တယ် ... "

မမအယ်လင်ပြောနေတဲ့ အဓိပ္ပါယ်ကို သူမသဘော ပေါက်သည်။

ကြောက်စရာကြီး ...

ယောက်ျားကို ထောင်ချောက်ဆင်ပြီး ကွာရှင်းဖို့ ကြိုးစားနေသည်။

ကိုဝဏ္ဏထင်ရယ် ...

ရှင့်ကို အရမ်းသနားတာပဲ။

ကျွန်မကလည်း ရှင့်အနားကို ကောင်းသော လာခြင်းမျိုးနဲ့ ချဉ်းကပ်လာတာ မဟုတ်ပါဘူး ...

ဒုက္ခပေးဖို့ပါ ...

"ကျွန်မသွားတော့မယ် ... "

"ကောင်းကင်နော် ... မမမှာထားတာကို မမေ့နဲ့ ... ကိုကို့ အနားမှာ သည်းခံပြီးနေပေးပါ ... "



"ဟုတ်ကဲ့ ... "

ဘယ်လိုလူတွေလဲ။

အတ္တသားကောင်တွေ ...

အလိုရမ္မက်ကြီးသူတွေ ...

ဒုက္ခိတ တစ်ယောက်ကို မညှာမတာ ဒုက္ခပေးဖို့ ကြိုးစားနေကြသည်။

ကျွန်မလည်း ပါတယ်။

ဘယ်လောက် စက်ဆုပ်ရွံရှာဖို့ ကောင်းနေလည်းဆိုတာ ...

ကိုဝဏ္ဏထင်ရဲ့ အခန်းထဲဝင်လာခဲ့သည်။

အိပ်နေ၏။

သူမ ...

ငြိမ်သက်စွာ ထိုင်နေမိသည်။

ရှင် ...

ချောမောခန့်ညားတဲ့ ယောက်ျားတစ်ယောက်ပါပဲ။

ဘဝမှာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရဟာယ်။

ဒီထက်ပိုပြီး ...

ဆက်မတွေးချင်တော့ ...

ကိုဝဏ္ဏထင်ရဲ့ ပတ်ပတ်လည်မှာ ရန်သူတွေ ဝိုင်းနေတယ် ...

အကောက်ကြံမယ့်လူတွေကြီးပဲ မဟုတ်လား ...

ကျွန်မလည်း အတူတူပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုသနားလိုက်တာ ...

သူ ...

မျက်လုံးပွင့်လာသည်။

သူ့မကိုတွေ့တော့ အထိတ်တလန့်နှင့် ကြည့်၏။

"ဟင် ... မင်း ... မင်း ဘာထိုင်လုပ်နေတာလဲ ... "

"ရှင်နိုးလာရင် ရေပတ်တိုက်ပေးဖို့ ... "

"မလိုဘူး ... မလိုဘူး မင်းအဲဒီလောက်ထိ လုပ်ပေးစရာ မလိုဘူး ... ငါပြောထားပြီးပြီပဲ ... ငါ့ကို ထမင်းကျွေးတာနဲ့ အခန်းသန့်ရှင်းရေး လုပ်ပြီးရင်တော်ပြီ ... "

"ကျွန်မကို အားမနာပါနဲ့ ... ကိုဝဏ္ဏထင်ရဲ့ ဝေယျာဝစ္စတွေလုပ်ပေးဖို့ မမအယ်လင်က တာဝန်ပေးထားတာပါ ... "

"ငါကမလိုဘူးလို့ ပြောနေပြီပဲ ... "

သူ ... အော်ဟစ်မိသည်။

ဒီမိန်းကလေး ...

သူ့အနားသို့ ကပ်နေတာ ရိုးသားမှုရောရှိရဲ့လားဟု အတွေက ရောက်ရောက်သွားရသည်။

ယုံကြည်အောင်တော့ ကြိုးစားတာပဲ။

တစ်ခါတစ်ရံ ...

မယုံကြည်ရဲအောင် ဖြစ်ဖြစ်လာရသည်။

အယ်လင်က သဘောရိုးနဲ့ရော သူ့အနားသို့ မိန်းမချောလေးတစ်ယောက်ကို ထားမလား ...

အိမ်တော်စိုးကြီးက လက်ခံခိုင်းနေ၍ ခက်နေ၏။



"ဒေါ်ဒေါ်ရွှေ ... ဒေါ်ဒေါ်ရွှေ ... "

သူ ...

ဒေါ်ဒေါ်ရွှေကို အော်ခေါ်မိသည်။

"ရှင်ဘာလုပ်ချင်လို့လဲ ... ကျွန်မလုပ်ပေးမယ်လေ ... "

"မလုပ်ချင်ဘူး ... ငါဘာမှမလုပ်ချင်ဘူး ... မင်းထွက်သွားတော့ ... "

"ကိုဝဏ္ဏထင် ... စိတ်ကိုထိန်းပါ ... ကျွန်မက ရှင့်အကျိုးအတွက် ရောက်လာတာပါ ... "

"မင်းကိုငါ မယုံဘူး ... မင်းရဲ့ချဉ်းကပ်မှုက လိုအပ်တာထက်ပိုနေပြီး အတင်းအကျပ်ကြီး ချဉ်းကပ်နေသလိုပဲ ... မင်း ... မင်းလုံးဝမရိုးသားဘူး ... "

"ကျွန်မကို ဒီလောက်အထိ အထင်မသေးပါနဲ့ ... "

သူမ ... မခံချင်စွာဖြင့် ပြောလိုက်မိသည်။

လေသံတွေက တင်းမာသွားပြီး သူ့အနားမှ ထလာခဲ့မိ၏။

မျက်ရည်တွေက သူမ ပါးပြင်လေးပေါ် တပေါက်ပေါက်စီးဆင်းကျလာရသည်။

"ကောင်းကင် ဘာဖြစ်တာလဲ ... မောင်ဝဏ္ဏထင် အော်ငေါက်လိုက်ပြန်ပြီလား ... "

ဒေါ်ရွှေလည်း အော်ဟစ်နေသံကြောင့် အပေါ်ထပ်ကို ပြေးတက်လာခဲ့မိသည်။

လမ်းမှာငိုပြီး ပြေးထွက်လာတဲ့ ကောင်းကင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့၏။ မောင်ဝဏ္ဏထင်အခန်းထဲ ဝင်လာခဲ့သည်။

"မောင်ဝဏ္ဏထင် ကောင်မလေးငိုပြီး ထွက်သွားတယ် ... မင်းဒေါသတွေကိုထိန်းမှပေါ့ ... "

"ဒေါ်ဒေါ်ရွှေ ... "

"ဟင်း ... "

"ကျွန်တော့်စိတ်ထဲမှာ ဒီကောင်မလေးကို မယုံသလိုပဲ ... ယုံကြည်ဖို့ ကြိုးစားပေမယ့် အယ်လင်နဲ့ ပတ်သက်နေတဲ့ ... မိန်းကလေးဖြစ်နေတော့ ကျွန်တော့်ကို အန္တရာယ်ပေးမှာ ကြောက်လာမိသလိုပဲ ... "

"မင်း ထင်နေတာပါ ... ဒေါ်ဒေါ်ရွှေကတော့ ... ဒီကောင်မလေးကို ယုံကြည်နေမိတယ် ... သနားစရာကောင်းတဲ့ မိန်းကလေးပါ ... "

ဒေါ်ရွှေကတော့ အယ်လင့်ကို အမြင်ကတ်ပေမယ့် ကောင်းကင်ဆိုတဲ့ ကောင်မလေးအပေါ် ယုံကြည်နေမိသည်။

ယုံကြည်တယ်ဆိုတာလည်း အခြေအနေကို အမြဲတမ်း စောင့်ကြည့်နေမှာပါ။

မောင်ဝဏ္ဏထင်ရဲ့ လျှော့ရှဲရှဲဖြစ်နေတဲ့ စိတ်တွေကို မောင်းပြန်တင်ပေးနိုင်မယ့် သူကကောင်းကင်ပြာဟုထင်မြင်နေမိသည်။

"မောင်ဝဏ္ဏထင် ... "

"ဗျာ ... "

"ကောင်မလေးကို မင်းလက်ခံလိုက်ပါကွယ် ... အယ်လင်



နဲ့ ပတ်သက်နေတယ်ဆိုပေမယ့် ဒေါ်ဒေါ်ရွှေသိပါတယ် ... ကောင်းကင်က မင်းအပေါ် ဒုက္ခမပေးနိုင်ပါဘူး ... "

ကောင်မလေးကို ယုံကြည်ဖို့ ဝဏ္ဏထင်ကြိုးစားနေမိသည်။ တစ်ခါတစ်ရံကျတော့လည်း အတွေးတွေက အယုံအကြည်မဲ့သွားရ၏။

အယ်လင့်အပေါ် အထင်သေးတဲ့စိတ်တွေက ကောင်မလေးကိုပါ အယုံအကြည်မဲ့စေသည်။

"ကျွန်တော် အယ်လင့်ကို ကွာရှင်းပေးလိုက်ရင် ကောင်းမလား ဒေါ်ဒေါ်ရွှေ ... "

"အယ်လင်က မင်းကို သူလိုအပ်တဲ့ငွေကြေးပမာဏ အတိုင်းအတာရမှ ကွာရှင်းပေးလိမ့်မယ် မောင်ဝဏ္ဏထင် ... "

သူ့ရဲ့ဂုဏ်သိက္ခာအတွက် အယ်လင်နှင့် ကွာရှင်းဖို့ သူအတော်လေးစဉ်းစားနေရသည်။

ဒုက္ခိတဖြစ်ရတဲ့ အထဲ မိန်းမကပါ စွန့်ပစ်သွားတာမျိုး အဖြစ်မခံနိုင်ပေ။

ကောင်းကင်ကို လက်ခံဖို့ ပြောပြီး အိမ်တော်စိုးကြီး ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ကောင်မလေးငိုသွားသည်။

သူ ...

စိတ်မကောင်းဖြစ်ရသည်။

ငါ ...

မင်းကို အထင်သေးတာ မဟုတ်ဘူး ...

အယ်လ်င့်ကို မယုံကြည်တာပါ ...

ဒီမိန်းမက ငါ့ဘဝကြီး တစ်ခုလုံးကို ဓားကိုထိုး မိုး မှောင်ကျအောင် လုပ်ခဲ့တဲ့ မိန်းမ ...

လက်ထပ်ပြီးတည်းက သူ့စိတ်တွေ အနှောင့်အယှက် ဖြစ်ရသည်။

ခေတ်ဆန်လွန်းပြီး အပျော်အပါးမက်မောတဲ့ မိန်းမ နောက်ကို လိုက်မမီ။



"အယ်လင့် မိဘအမွေအနှစ်တွေနဲ့ အယ်လင်စိတ်ချမ်းသာ သလို နေရလိမ့်မယ်ကိုကို ... အိမ်ရှင်မဆိုတဲ့ အမည်ကြီး တပ်ပြီး အိမ်ထဲမှာတော့ ကျွန်ခံမခိုင်းနဲ့နော် ... "

"အယ်လင် ... "

"ကျွန်မဒီလိုပဲနေတတ်တာ ကိုကို သိသိကြီးနဲ့ လက်ထပ် လိုက်တာမဟုတ်လား ... "

လူကြီးချင်းသဘောတူပြီး လက်ထပ်စေခဲ့သည်။

သူ ... အယ်လင်ကို ကောင်းကောင်းမသိ။

နိုင်ငံခြားတွင် အလုပ် သွားလုပ်နေခဲ့သော သူသည် အယ်လင်နှင့်လက်ထပ်ဖို့ ရက်နီးမှ လူချင်းတွေ့ဆုံဖြစ်ခဲ့လေသည်။

"ဖေဖေ့ သူငယ်ချင်းရဲ့ သမီးလေးပဲ ... သားရှောင်လွှဲဖို့ မကြိုးစားပါနဲ့ ... ဖေဖေစီမံတာ သားလက်ခံပါ ... "

သူ ... လက်ခံလိုက်ရသည်။

အယ်လင့်ကို တွေ့တော့ သူ့ ဘဝတစ်သက်တာ အတွက် အမှားအယွင်းကြီးတစ်ခု ကျူးလွန်လိုက်မိပြီဆိုတာ သိ လိုက်ရ၏။

မိဘအမွေအနှစ်တွေ အများကြီးရသည်။

အယ်လင် တစ်ယောက်တည်း ... သုံးဖြုန်းလို့ပင် မလောက်ပေ။

ပြောမရဆိုမရသော အယ်လင်နှင့် အတိုက်အခံ မလုပ်လို့ရ မပြောတော့။

ဂုဏ်သိက္ခာကို ရှေ့တန်းတင်တတ်သောသူအတွက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး ပြိုကွဲမှာကို အကြောက်ဆုံးဖြစ်ခဲ့မိသည်။

ဟန်ဆောင်နေရ၏။

သူငယ်ချင်းအပေါင်းအသင်းတွေရဲ့ အလယ်မှာ အိမ်ထောင်ရေး အဆင်ပြေသယောင်ဖြင့် နေထိုင်ပြုမူခဲ့သည်။

"အယ်လင်က ... လောကကြီးမှာ ပျော်ပျော်နေချင်တာ ကိုကို... ဘဝကို အလုပ်တွေထဲမှာ နစ်မြုပ်ပြီး ရှေးဆန်ဆန် အိမ်ထောင်ရေးကြီးကိုတော့ မုန်းတယ် ... "

ယောကျ်ား ဝေယျာဝစ္စလုပ်ရတာကို ကျွန်ခံတာလို့ မြင်နေတဲ့ အယ်လင် ...

အပျော်အပါးအပြင် လောင်းကစားပါ ဖက်လာတော့သူသည်းမခံနိုင်တော့ ...

တားဆီးမိသည်။

"ရှင်နဲ့ ကျွန်မ လင်မယားနော် ... ရှာဖွေသမျှရလာတဲ့ ငွေကြေးတွေကို ကျွန်မလည်း တစ်ဝက်ဆိုင်တယ် ... သုံးဖြုန်းခွင့်ရှိတာပဲ ကိုကို ... ထိန်းချုပ်တာတို့ ဘာတို့လုပ်ရင် ရှင်နဲ့ ကျွန်မ အိုးစားကွဲမှာပဲ ... "

အယ်လင့်ကိုလည်း သိပ်ပြီး မထိန်းချုပ်ရဲပေ။

သူ့အိမ်ထောင်ရေးက တည်ဆောက်ကြတာ မကြာသေးဘဲဖြစ်သည်။

အိမ်ထောင်ပျက်မှာ ကြောက်ရွံ့တုန်လှုပ်စွာ ရင်မဆိုင်ရဲပဲ ဖြစ်နေရ၏။

အရှက်တွေ ...



ဂုဏ်သိက္ခာတွေ ...

လုပ်ငန်းပေါ်မှာ နာမည်ပျက်ရမယ့် အဖြစ်ပေ။

ရင်မဆိုင်လို၍ သူ့ အိမ်ထောင်ရေး အဆင်ပြေသယောင်နေရသည်။

အယ်လင့်အကြောင်း တဖြည်းဖြည်း သိလာရ၍ ငွေတွေကို အကုန်အစင်မပြတော့။

လှို့ဝှက်ထိန်းသိမ်းထားမိသည်။

မသိမသာ ...

ထိန်းချုပ်တာတွေ လုပ်ထားရသည်

အယ်လင်က သိ၏။

ပြဿနာရှာချင်သည်။

အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက်ကို ဥပက္ခာပြုထားတဲ့အထိ အပျော်ကြီး ပျော်နေတတ်၏။

သူ စိတ်လေသည်။

ရင်ထဲမှာ မခံစားနိုင်တဲ့အခါ အရက်တွေကို အလွန်အကျွံသောက်နေမိ၏။

အသိနှင့် ထိန်းပေမယ့် လွတ်ချင်သည်။

အေးစက်နေတဲ့ အိပ်ခန်းထဲမှာ အရက်တွေ မူးအောင် သောက်ပြီး အိပ်ပျော်သွားတဲ့ ရက်တွေက မရေမတွက်နိုင်အောင်လာရ၏။

"မင်း ... အရက်မသောက်သင့်ဘူး ... မိန်းမတစ်ယောက်အတွက် မင်းဘဝကို မဖျက်ဆီးပစ်သင့်ဘူး ... အယ်လင့်ကို မင်းကွာရှင်းဖို့ပဲ စဉ်းစားပါ ... "

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်စိုးကြီးက သူ့အတွက် စိတ်သောကရောက်ရသည်။

ထိန်းသိမ်းစောင့်ရှောက်ခဲ့၏။

"ကျွန်တော်ရှက်တယ် ... အရမ်းရှက်တယ် ... ကျွန်တော် ထိန်းသိမ်းလာခဲ့တဲ့ နာမည်ဂုဏ်သိက္ခာတွေ အားလုံး အလကားဖြစ်သွားရပြီ ... "

အယ်လင်နှင့် ကွာရှင်းဖို့အတွက် အတော်လေးစဉ်းစားနေမိသည်။

စိတ်က ပြတ်သားပေမယ့် ပတ်ဝန်းကျင်ကို ရင်ဆိုင်ဖို့ကြတော့ ကြီးမားတဲ့ ဂုဏ်သိက္ခာကျဆင်းမှုတွေဟု သူ့စိတ်က ထင်မှတ်နေမိဆဲပင်ဖြစ်ရ၏။

အယ်လင်ရဲ့ အရှုပ်တော်ပုံတွေကိုကြားရတဲ့ အခါပို၍စိတ်ထိခိုက်ရပြီး အရက်တွေပဲ ဖိသောက်ခဲ့မိသည်။

နောက်ဆုံး ...

အေးစက်နေတဲ့ အခန်းထဲမှာ မူးပြီး အိပ်ပျော်သွားရာက ဒုက္ခိတဘဝကို ရောက်ရှိသွားရတော့သည်။

ဘဝပျက်ရ၏။

သူ့စိတ်ဓါတ်တွေ အကျကြီးကျရသည်။

အိပ်ရာထဲကနေမထတော့ ...

ဆေးကုရင်းက အောက်ပိုင်းပဲ မထနိုင်တော့တဲ့ အခြေအနေရောက်ရသည်။

"များများ ... လှေ့ကျင့်ပါ ... စိတ်ဓါတ်မကျပါနဲ့ ... ပြန်



ကောင်းလာနိုင်တဲ့ အခြေအနေတွေ ရှိနေပါတယ် ကိုဝဏ္ဏထင် ... "

ဆရာဝန်ကြီးတွေက ပြောဆိုအားပေးကြပေမဲ့ သူ့စိတ်တွေက အင်အားတွေချည့်နဲ့ လာရတော့သည်။

ဒေါသတွေဖြစ်လာရ၏။

အလိုမကျတာတွေ များနေရသည်။

အယ်လင်က အချိုးမပြောင်း။

ယောကျ်ားဆီကို လာချင်မှလာတတ်သော မိန်းမဖြစ်သည်။

"ကိုကိုက အယ်လင့်အပေါ် စိတ်ကောင်းမှ မမွေးတာပဲ ... ဒုက္ခိတဘဝရောက်တာတောင် နည်းသေးတယ် ... "

အယ်လင်က ပြောခဲ့သည်။

အိမ်တော်စိုးကြီးက မခံနိုင်၍မကြားခဏ ပြဿနာတက်ရ၏။

"အယ်လင့်ကို မင်းဥပက္ခာပြုထားလိုက်ပါ ... မောင်ဝဏ္ဏထင်ရယ် ... မင်းစိတ်တွေကို ကြံ့ခိုင်အောင်ထားပါ ... ဘဝကိုလွယ်လွယ်နဲ့ အရှုံးမပေးစမ်းပါနဲ့ ... "

သူ ...

ရှုံးနေပြီပဲ။

အယ်လင်နှင့် ကွာရှင်းပြတ်စဲဖို့ အတွက်ပေးဆပ်မှုတွေအများကြီး လိုအပ်တယ် ...

စဉ်းစားနေဆဲမှာပင် အယ်လင်က သူ့ အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဆိုတဲ့ ကောင်မချောလေးကို ခေါ်ဆောင်လာခဲ့သည်

"ကိုကို့ဝေယျာဝစ္စတွေ လုပ်ပေးဖို့ပါ အယ်လင်က စေတနာ

နဲ့လေ ... ဒီကောင်မလေးက ခိုကိုးရာမဲ့နေတဲ့ မိန်းကလေး

လည်းဖြစ်နေတယ် ... စားဝတ်နေရေးကျပ်တည်းနေလို့"

မင်း ...

ငါ့အပေါ် စိတ်ကောင်းမမွေးနိုင်ဘူး ...

ထောင်ချောက်ဆင်တယ် မဟုတ်လား ...

ကောင်မလေးအပေါ် ငါသာယာသွားပြီး အိမ်

ထောင်ရေးပေါက်ပြန်အောင် ...

မင်းအတွက် လိုအပ်နေတဲ့ ငွေကြေးတွေ ငါ့ဆီက

ရအောင် မင်းအကွက်ဖန်တာပဲ။

ငါဟာ ကိုယ်ကျင့်တရားကို အမြဲတမ်း စောင့်ထိန်း

ခဲ့တဲ့ ယောကျ်ားတစ်ယောက် ...

မင်း ထောင်ချောက်ထဲကို ဘယ်တော့မှ ဝင်မှာ

မဟုတ်ဘူး အယ်လင် ...

ငါ ...

မင်းကို ကွာရှင်းမယ် ...

အသုံးအဖြုန်းကြီးတဲ့ မိန်းမတစ်ယောက်ရဲ့ လက်ထဲ

ကို ငါ့ရာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေ ဘယ်တော့မှ မထည့်ဘူး

အရှက်တွေ သိက္ခာတွေကို ဘေးဖယ်ပြီး မင်းနဲ့ကွာ

ရှင်းမယ် ...

အိမ်တော်ဆိုးကြီးက ကောင်းကင်ကိုလက်ခံ



အကြိမ်ကြိမ်ပြောခဲ့သည်။

မငြင်းဆန်လို၍ လက်ခံလိုက်ရ၏။

မင်းကြောင့်တော့ မဟုတ်ဘူး ...

အိမ်တော်စိုးကြီးကို ငါယုံကြည် အားကိုးမိနေလို့

အယ်လင် ...

ကောင်းကင်ပြာ ...

မင်း ...

ဘာသဘောနဲ့ ရောက်လာရတာလဲ ...

ငါ့ကိုဒုက္ခပေးဖို့ အယ်လင်နဲ့ထပ်ပြီး ပူးပေါင်းတာ

လား ...

"ဒေါက် ... ဒေါက် ... "

"ဒေါက် ... "

အယ်လင့်နှာမြင့်ဖိနပ်သံ ...

ဒီမိန်းမအကျိုးမပြောင်းသေးပေ။

အိမ်ပေါ်မှာ ဖိနပ်စီးတာအကျင့် ...

မိဘလက်ထက်တည်းက နေချင်သလိုနေလာခဲ့တဲ့

မိန်းမ။ ထိုမိန်းမရဲ့ အကျင့်စရိုက်တွေကို သူလုံးဝမနှစ်သက်ခဲ့ပေ။

တားဆီး၍လည်းမရ။

အစွဲ့တိုက်တတ်တဲ့ မိန်းမတစ်ယောက် ...

"ဒေါက် ... ဒေါက် ... "

"ဒေါက် ... "

နှာမြင့်ဖိနပ်သံက သူ့ရှေ့မှာပင် ရပ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွ ... "

တံခါးပွင့်လာသည်။

အယ်လင်ဝင်လာ၏။

သူ ... ဗိုးချယ်လ်ပေါ်တွင်ထိုင်နေသည်။

"ကိုကို ... "

အခုတစ်လော ...

အယ်လင့်အသံတွေက ချိုသာနေတာတွေ့နေ

သည်။ ဒီမိန်းမကို သူလုံးဝမယုံကြည်မိပေ ... ။

"ကောင်မလေးကို ဘာလို့လက်မခံရတာလဲကိုကို ... "

"မင်းနဲ့ပတ်သက်နေလို့ပဲ အယ်လင် ... "

"ကိုကိုက အယ်လင့် အပေါ်လုံးဝစေတနာမဲ့တာပဲ ...

ကောင်မလေးက ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး ... မိဘမဲ့နိုက်

ရာမဲ့လေးပါ ... "

ရှင် ...

ကြီးကျယ်လိုက်တာ ...

စည်းစိမ်ဥစ္စာတွေကို ကျွန်မ လုယူမှာကြောက်

မဟုတ်လား ...

"ကိုကို့အပေါ် အယ်လင်မကောင်းခဲ့ပေမဲ့ မိန်းကလေးတ

ယောက်ရဲ့ပူးပေါင်းပြီး ဒုက္ခိတဘဝရောက်နေတဲ့ ယောက်

တစ်ယောက်ကို အကောက်မကြံပါဘူး ... "

အယ်လင်တို့ အိမ်ထောင်ရေးက ... ဘယ်တော့

မကောင်းခဲ့ပေ။



အပြစ်ရှိသူကတော့ အယ်လင်ပဲ ...

အိမ်ထောင်ရေးကို ဘယ်တော့မှစိတ်မဝင်စားခဲ့ပေ။

"ကိုကို ... "

"ပြော ... "

"ကျွန်မပြောတာလက်ခံပါ ... ကောင်မလေးက ကျွန်မနဲ့

ဘာမှမပတ်သက်ပါဘူး ကိုကို ... တကယ့်ကိုရိုးသားပါ

တယ်... "

"မင်းပြောချင်တာ ဒါပဲလား ... "

"နောက်တစ်ခုက အယ်လင့်ကို ငွေနည်းနည်းပေးပါဦး ..."

"မင်းအတွက် ... ဘဏ်စာရင်းဖွင့်ပေးထားတာပဲ ... "

"နည်းနည်း အသုံးများသွားလို့ ... "

"ကိုယ်ငွေမရှာနိုင်တော့ဘူး အယ်လင် ... မင်းအသုံးစရိတ်

က သိပ်များနေပြီ ... "

ရှင်ကြီး ကပ်စေးနည်းတာပဲ။

ငွေကြေးတွေကို ရှင်ထိန်းချုပ်ထားနေတာ မဟုတ်

လား ...

အယ်လင် စိတ်ညစ်တာအဲဒါပဲ။

အသုံးအဖြုန်းကြီးတဲ့ အယ်လင့်အတွက် အခုတစ်

လော ငွေကြေးမလောက်ငမှုတွေနဲ့ဘဲ ရင်ဆိုင်နေရသည်။

ယောက်ျားဆီက စည်းစိမ်တစ်ဝက်ရအောင် ဘယ်

လိုလုပ်ရမလဲ ...

"အယ်လင်က ကိုကို့မိန်းမပဲ ... ကိုကိုရှာဖွေထားတဲ့ စည်းစိမ်

www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်ခုမှ မသုံးစွဲရဘူးလား ... ”

ငွေကြေးတွေအားလုံး ကိုကိုက ထိန်းချုပ်ထားတာပဲဖြစ်သည်။

မိဘအမွေအနှစ်တွေပဲ အယ်လင်သုံးစွဲနေရ၏။

“မင်းအတွက် တစ်လ အသုံးစရိတ်ကိုယ်ပေးထားတာပဲ ...”

“မလောက်ဘူး ... ”

“အယ်လင် ... မင်း သုံးဖြုန်းနေတာကို ငါလုံးဝ လက်မခံနိုင်ဘူး ... မင်းငွေကြေးကို ထိန်းသိမ်းတတ်တဲ့ မိန်းမမှ ... မဟုတ်တာ ... မင်းအိမ်ရှင်မကောင်းပီသမယ်ဆိုရင် ...”

“အယ်လင့်ကို ... ပိုက်ဆံပဲပေးပါ ... တခြားစကားတွေ မပြောဘဲနဲ့ ကိုကိုက သက်သက် ကပ်စေးနဲတာပဲ ... အိမ်ရှင်မဆိုတဲ့ တံဆိပ်ကပ်ပြီး ကျွန်မကို ကျွန်လုပ်ခိုင်းမှာပဲ မဟုတ်လား ... ”

“အယ်လင် ... ”

“ကိုကို အယ်လင့်ကို ကွာရှင်းပေးသင့်ပြီ ... ”

“ဘာ ... ”

“အယ်လင့်က ဒုက္ခတကြီးဖြစ်နေလို့ မတောင်းဆိုရက်တာနော် ... ကွာရှင်းရင်တော့ ရှိသမျှစည်းစိမ်ဥစ္စာ တစ်ယောက်တစ်ဝက်ပေါ့ ... ”

“မင်း ... မင်းတော်တော်ရက်စက်တဲ့ မိန်းမပဲ ... ”

“ဟုတ်တယ် ... ရှင်က ကျွန်မကို တစ်ပြားတစ်ချပ်မှ မပေးဘဲ ကွာရှင်းပြတ်စဲချင်တာ မဟုတ်လား ... ”



အယ်လင်က ရှင်သေတဲ့အထိစောင့်ပြီး စည်းစိမ်ဥစ္စာတွေ အကုန်ယူပစ်ပြမယ်ဟု ပြောပစ်လိုက်ချင်မိသည်။

ယောကျ်ားတစ်ယောက်ကို အယ်လင် လက်ထပ်တာ အချစ်မရှိပေ။

မိဘတွေက သင့်တော်မယ်ထင်လို့ လက်ထပ်ပေးခဲ့တာပဲ ... ။ လူတွေကို အယ်လင် မချစ်တတ် ... ။

ကိုယ့်ကိုယ်ကိုပဲချစ်သည်။

အယ်လင်ပျော်သလို နေဖို့ပဲစဉ်းစားထားမိ၏။

“ကိုကို အယ်လင့်ဘဏ်စာရင်းထဲကို ငွေ ထပ်ထည့်ပေးထားပါဦး ... အယ်လင်က ... ရှင့်မိန်းမတစ်ယောက်အနေနဲ့ ဒီလောက်တော့ သုံးနိုင်ခွင့်ရှိမယ်ထင်တယ်နော် ... ”

အယ်လင်ပြန်ထွက်လာခဲ့သည်။

“ဒေါက် ... ဒေါက် ... ”

“ဒေါက် ... ”

“ဒေါက် ... ”

ခြေသံက တဖြည်းဖြည်း ဝေးသွားပြီး သူ့ ဒေါသတွေ ပေါက်ကွဲပြီး ကျန်ခဲ့သည်။

“အယ်လင် ... မင်း ငွေပဲမက်တဲ့ မိန်းမ ... ငွေအတွက်မဲ့ ငါ့ကို ပေါင်းသင်းနေတာ ... ”

“ဝုန်း ... ”

“ဒိုင်း ... ”

ဒေါသတွေနှင့် လက်လှမ်းမီရာကို ပစ်ပေါက်နေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဝုန်း ... "

"ဒိုင်း ... "

"ကိုဝဏ္ဏထင် ... "

"ဟင် ... "

ကောင်းကင်ဝင်လာသည်။

"မင်း ... မင်း ဘာလာလုပ်တာလဲ ... ထွက်သွားစမ်း ... မင်းလည်း အတူတူပဲ ... "

"စိတ်ကိုထိန်းပါကိုဝဏ္ဏထင် ... အစ်ကို့မှာက ရောဂါနဲ့ ... "

မမအယ်လင်ထွက်သွားပြီး ကိုဝဏ္ဏထင်ဒေါသတွေ ပေါက်ကွဲပြီး ကျန်ခဲ့သည်။

"အစ်ကို ... "

ရှင့်ကို သနားလိုက်တာ ...

ဒုက္ခိတတစ်ယောက်အပေါ် မမအယ်လင်ဒီလို ဆက်ဆံပြုမူဖို့မသင့်ဟု ထင်မိသည်။

"ကျွန်မတောင်းပန်ပါတယ် ... အစ်ကို့စိတ်တွေကို တည်ငြိမ်အောင် ထိန်းပါနော် ... "

အေးချမ်းသိမ်မွေ့တဲ့ အသံလေးကြောင့် သူ့စိတ်တွေငြိမ်သက်သွားသည်။

ကောင်းကင်ဆီ သူ့အကြည့်တွေ ရောက်သွားတော့၏။

"အစ်ကို ... "



"ငါဘာမှ မဖြစ်ဘူး မင်းထွက်သွားတော့ ... "

"အစ်ကိုအိပ်ရာပေါ်မှာ ရွှေ့ပြီး အနားယူမလား ... "

"ကောင်းတယ် ငါ့ကိုရွှေ့ပေး ... "

"ဟုတ်ကဲ့ အစ်ကို ... "

အစ်ကိုဆိုတဲ့ အသံလေးက သူ့စိတ်တွေကို ငြိမ်းချမ်းသွားစေသည်။ အိပ်ရာပေါ်ရောက်သွား၏။

"အစ်ကိုအနားယူတော့နော် ... ခဏကြာရင် ကျွန်မ့ စားစရာ ယူခဲ့တယ် ... ဒီနေ့တော့ ကျွန်မအစ်ကိုနဲ့ လက်ဆုံစားချင်တယ် ... ရမလား ... "

သူ ...

ငြင်းပယ်လိုက်ဖို့ စဉ်းစားမိပေမယ့် နှုတ်ခမ်းတွေက လှုပ်ရှားမရ ... ။ လက်ခံသလို ငြိမ်သက်နေသည်။

"ခဏလေး စောင့်နော် အစ်ကို ... ကျွန်မ ထမင်းဟင်းတွေ သွားယူလိုက်ဦးမယ် ... "

သူမ ... ပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)

ကောင်းကင်ပြာကို ကြည့်ရတာ သူ့စိတ်တွေပျော်ရွှင်ငြိမ်းချမ်းနေသည်။

သွက်လက်ဖျတ်လတ်တဲ့ မိန်းကလေး ...

လန်းဆန်းနေသည်။

သူ့အပြုံးတွေက သူ့စိတ်တွေကို ငြိမ်သက်ရွှင်လန်းစေသည်။

မင်း ...

အယ်လင်နဲ့ လုံးဝမပတ်သက်တဲ့ မိန်းကလေး တစ်ယောက်ဖြစ်ပါစေ ...

အစ်ကို့ ဘဝကအရမ်းကံဆိုးတယ် ...

အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဘဝကို မခံယူချင်ဟဲ့ အယ်လင်လိုမိန်းမတစ်ယောက်နဲ့မှ လက်ထပ်ခဲ့ကြတယ် ...



အစ်ကိုက အိမ်ထောင်ရေးကို အလေးအနက်ထားတဲ့ယောက်ျားတစ်ယောက် ...

လုံးဝဆန့်ကျင်ဘက်ဖြစ်နေတယ် ...

"ကျွီ ... "

တံခါးပွင့်လာသည်။

ကောင်းကင်ဝင်လာ၏။

"အစ်ကို ... ထမင်းဆာနေပြီလား ... "

ကောင်းကင်ကိုမော့ကြည့်ပြီး သူ့စိတ်ထဲမှာ ကြည်လင်လာရသည်။

ထမင်းဆာလာရ၏။

"အစ်ကို ... "

"ဟင် ... "

"ထမယ်နော် ... "

"အင်း ... "

"အနားရရဲ့လား ... "

"ရပါပြီ ... "

"ကျွန်မထူပေးမယ် ... "

အစ်ကို့ကို သူမ ဗိုးချဲလ်ပေါ်သို့ တင်ပေးလိုက်မိသည်။

ကျွန်မက တစ်ကောင်ကြွက်မလေးပါ ...

အစ်ကို့ကို ကျွန်မအစ်ကို တစ်ယောက်လိုပဲ သဘောထားမိပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတာဝန်က ဝဏ္ဏထင်ကို အယုံသွင်းပြီး ပံ့ဖွည်းတွေ ထားတဲ့နေရာကို စုံစမ်းသောက်လှမ်းဖို့ပဲ ... "

ဒေါ်ကျော့ကျော့စံရဲ့ စကားတွေကို ကြားယောင်လာမိသည်။

သူမစိတ်တွေမလုံမလဲဖြစ်ရ၏။

အစ်ကို ...

ကျွန်မက ရိုးသားတဲ့ မိန်းကလေးပါ ...

မကောင်းမှုဒုစရိုက်တွေကိုလည်း အလွန်ရွံရှာခဲ့ပါတယ် ... ။

ကျွန်မ ...

ကံငါးပါးကို လုံအောင်ထိန်းသိမ်းခဲ့တဲ့ မိန်းကလေးပဲ... ။

အစ်ကို့ကို သနားတယ် ... ။

ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝကို အရှုံးပေးနေရတဲ့ဘဝ။

အစ်ကို့ရဲ့ သွက်လက်မှုတွေ ဖျတ်လတ်မှုတွေ အားလုံး ကျဆုံးသွားရတာဝဲ ... ။

"အစ်ကို ... "

"ဟင် ... "

"မနက်ဖြန် ... ခြံထဲကို ဆင်းရအောင်နော် ... "

"မဆင်းချင်ဘူး ... ကောင်းကင် ... ငါ့စိတ်ထဲမှာ လုံးဝမလှုပ်ရှားချင်ဘူးဖြစ်နေတယ် ... "

"မဟုတ်တာဘဲ အစ်ကိုရာ ... စိတ်ဓါတ်ကို ကြံ့ခိုင်အောင် ထားစမ်းပါ ... ဘဝကိုလွယ်လွယ်နဲ့ ဘာလို့အရှုံးပေးချင်ရတာလဲ ... "



"အစ်ကို့ဘဝက ... "

"တော်ပါတော့ အစ်ကိုရာ ... ဘာပဲဖြစ်ဖြစ် ကောင်းကင်ရဲ့ တာဝန်က အစ်ကို့ကို ကျန်းမာလာအောင် လုပ်ဆောင်ပေးဖို့ပဲ ... "

"ကောင်းကင် ... "

"ရှင် ... "

"မင်းဟာ ငါ့ကိုဒုက္ခပေးဖို့ ရောက်လာတာတော့ မဟုတ်ပါဘူးနော် ... "

"မဟုတ်ပါဘူး အစ်ကို ... "

သူမ ...

အသံတွေ တုန်ယင်မသွားအောင် အဲတော်လေး ထိန်းချုပ်ပြီး ပြောလိုက်ရသည်။

အစ်ကို့အကြည့်တွေကို ကျွန်မရှောင်လွှဲပစ်ချင်၏။

"အစ်ကိုစားလေ ... ဒါမှအင်အားတွေပြည့်လာမှာ ... "

ကျွန်မစကားလမ်းကြောင်းကို အမြန်ဆုံးလွှဲပစ်လိုက်မိသည်။

"မင်းလည်းစားလေ ... မင်းစိတ်ကူးကောင်းတယ် ... ငါ တစ်ယောက်တည်း အမြဲစားရပြီး ... စက်ရုပ်တစ်ရုပ်လို လှုပ်ရှားနေခဲ့တယ် ... "

"ကျွန်မကတော့ အစ်ကို့ကို စိတ်ဓါတ်မကျစေချင်တာပဲ ... "

www.burmeseclassic.com



"ငါ ငယ်ငယ်လေးထည်းက မိန်းကလေးတွေနဲ့ ကင်းအောင်နေခဲ့တယ် ... ပညာရေးပဲ ဦးစားပေးတယ် ... အသက်အရွယ်ရလာတော့ စီးပွားရေးပေါ့ ... "

သူ ...

အယ်လင့်ကို လက်ထပ်လိုက်တာ အမှားအယွင်းကြီး တစ်ခုကို ကျူးလွန်လိုက်မိတာပဲဖြစ်သည်။

စိတ်သောကတွေပဲ ရောက်ခဲ့ရ၏။

မိန်းကလေးတစ်ယောက် ရှေ့မှာ သူ့ဇနီးရဲ့ကိုယ်ကျင့်တရားပျက်ပြားမှုတွေကို ပြောမပြချင်။

တစ်မျိုးထင်သွားမှာကိုပဲ သူစိတ်ပူနေမိသည်။

သူ့ကိုယ်ကျင့်တရားတွေကို တစ်စက်ကလေးတောင်မှ အမည်းစက်အစွန်းအထင်းမခံနိုင်။

ဂုဏ်သိက္ခာ ကြီးမားစွာဖြင့် နေထိုင်လာခဲ့သူဖြစ်သည်။

"အစ်ကို ... "

"ဟင် ... "

"ဘာတွေစဉ်းစားနေရတာလဲ ... "

"မင်းအကြောင်းပါ ... "

"ရှင် ... "

"အယ်လင်နဲ့ ... ဗတ်သက်နေတဲ့ မင်းအပေါ် ကိုယ်ဘယ်လောက်အထိ ယုံကြည်နိုင်မလဲဆိုတာပါပဲ ... "

"အစ်ကိုက ကျွန်မကို ခုထိ မယုံကြည်သေးဘဲကိုး ... "



မယုံကြည်တာကောင်းပါတယ် ... ။

ကျွန်မက အစ်ကို့အပေါ် အကောက်ကြံဖို့ ရောက်လာတဲ့ မိန်းကလေးတစ်ယောက်ပဲ ...

မယုံကြည်ပါနဲ့ ...

လုံးဝ ...

မယုံကြည်ပါနဲ့ ...

အခု ...

ကျွန်မစိတ်ထဲမှာ အစ်ကို ယုံကြည်လာမှာတောင်ကြောက်နေသလိုပဲ။

ကျွန်မကို ဘာကိစ္စမှ မတိုင်ပင်ပါနဲ့ ...

ဒေါ်ကျော့ကျော့စံလို မိန်းမကြီးတစ်ယောက်လက်ထဲကို အစ်ကိုရိုးသားစွာ ကြိုးစားရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေထိုးအပ်လိုက်ရမလား ...

မမအယ်လင်က အစ်ကို့အပေါ် အကြင်နာစိတ်လုံးဝမရှိဘဲ ဥပက္ခာပြုထားတယ် ...

သုံးဖြုန်းပျော်ပါးဖို့ပဲသိတဲ့ မိန်းမတစ်ယောက်ဖြစ်နေတယ် ...

ကျွန်မက ထပ်ပြီး ...

"ကောင်းကင် ... "

"ရှင် ... "

အထိတ်တလန့် ဖြစ်သွားရသည်။

"မင်းရောဘာတွေစဉ်းစားနေတာလဲ ... ဒီလောက်အထိ

www.burmeseclassic.com



ငေးငိုင်နေတာ ... "

"အစ်ကို ကျွန်မကို မယုံကြည်တော့စိတ်ညစ်တယ်...ကျွန်မ ပြန်သွားရင်ကောင်းမလားလို့ စဉ်းစားနေတာပဲ ... "

"ဟင် ... "

သူ ...

အထိတ်တလန့်နှင့် ကောင်းတင်ပြာကို ကြည့်မိသွားသည်။

ကောင်းကင်ပြာ ပြန်သွားမယ်ဆိုတော့လည်း သူ မလိုလားမိပြန် ...

"မင်းက အယ်လင်နဲ့ ဘာလို့ ပတ်သက်နေရတာလဲကွာ ... "

"အစ်ကို ... "

"ဟင် ... "

"စားလေ ... ထမင်းစားလို့ ကောင်းရဲ့လား ... "

"ကောင်းတယ် ... မင်းနဲ့အတူငါစားရလို့လားမသိဘူး ... ဒီနေ့တော့ အရမ်းစားလို့ကောင်းတယ် ... "

"ဒါမှ အစ်ကိုအားရှိမှာ ... "

စားပြီးသွားပြီ။

ကိုဝဏ္ဏထင် အတော်လေးစား၍ သူမ ကျေနပ်သွားမိ၏။

"အစ်ကိုများများစားမှ အင်အားတွေရှိပြီး မြန်မြန်ကျန်းမာလာမှာနော် ... "

ကောင်းကင် ...



မင်းဘယ်မှ မသွားပါနဲ့တော့ ...

ငါ့ရင်ထဲက မင်းအပေါ် အထင်သေးနေတာတွေကို ဖျောက်ဖျက်ပစ်ပါ့မယ် ...

သူ့ကိုအားပေးနိုင်ဖို့ ကောင်းကင် ရှိနေသင့်ကြောင်း သဘောပေါက်မိသည်။

"အစ်ကို ဆေးသောက်ရမယ် ... "

"အင်း ... "

"မနက်ဖြန် မနက်ကျရင်တော့ အစ်ကို လမ်းလျှောက်ကျင့်ရမှာနော် ... အခုလောလောဆယ်တော့ အစ်ကိုအနားယူတော့ ... "

"ကောင်းကင် ... "

"ရှင် ... "

"မင်းငါ့အနားမှာ ရှိနေတာ ငါအင်အားတွေရှိလာရသလိုပဲ... "

သူမကတော့ ကိုဝဏ္ဏထင်ရဲ့ အားကိုးယုံကြည်မှုတွေကို မလိုလားပါဘူး ...

ဒါပေမဲ့ ...

အစ်ကိုစိတ်ဓါတ်ကျနေတာမျိုးလည်း မဖြစ်စေချင်မိတာပါ ။

အင်အားတွေရှိစေချင်တယ် ...

"အစ်ကို ကျွန်မအပေါ် ယုံကြည်အားကိုးမှု ရှိလာတဲ့အတွက် ကျွန်မအရမ်းပျော်သွားပြီ အစ်ကိုရာ ... "

www.burmeseclassic.com

www.burmeseclassic.com



သူမ ...

ဟန်ဆောင်နေရသည်။

အပျော်တစ်ဝက်ရှိပြီး မပျော်တာက တစ်ဝက်ဖြစ်နေ၏။

အစ်ကိုရယ် ...

ကျွန်မကို မယုံကြည်ပါနဲ့ ...

ခြံထဲမှာ ...

လူတစ်ယောက်ရှိနေတယ် ...

ဖေါက်ထွင်းဝိဇ္ဇာတစ်ယောက်လေ ...

ကျွန်မလျှို့ဝှက်ထားတယ်။

အဲဒီလူနဲ့ ပူးပေါင်းပြီး ကျွန်မက အစ်ကို့ကို ဒုက္ခပေးမှာပါ။

သူမစိတ်မောသွားမိသည်။

ကိုဝဏ္ဏထင် အိပ်ပျော်သွားမှ သူမအခန်းထဲက ဖြည်းညှင်းစွာ ထွက်လာခဲ့ရ၏။

စိတ်မောလိုက်တာ အစ်ကိုရယ်။

အခန်းထဲရောက်တဲ့အထိ သူမစိတ်တွေလှုပ်ရှားနေဆဲဖြစ်သည်။



## အခန်း (၁၃)

ဟိုလူ အပြင်ထွက်လာသည်။

ဝဏ္ဏထင်...

အသက်အရွယ် ကြီးရင့်တဲ့ လူတစ်ယောက်တော့ မဟုတ်ပေ။

ကောင်းကင်က လမ်းလျှောက်ကျင့်ပေးဖို့ပဲဖြစ်သည်။

စောစော မနာလိုဝန်တိုဖြစ်နေမိ၏။

သူ...

စိတ်ယုတ်မာကောက်ကျစ်တဲ့ လူတစ်ယောက်မဟုတ်ပေမဲ့...

ကောင်းကင်နှင့်ဝဏ္ဏထင်တို့ကိုအတူတွဲပြီး မြင်လိုက်ရတော့ မနာလိုဝန်တိုဖြစ်သွားမိသည်။

"အစ်ကို... လမ်းစမ်းပြီး လျှောက်ကြည့်ရအောင်နော်... "

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတဲ့... ။

စောဖေကြားလိုက်ရသည်။

အင်းလေ...

တာဝန်အရ စောဖေက ကောင်းကင်အပေါ် နားလည်ပေးလိုက်မိသည်။

ဝဏ္ဏထင်ကို ကပ်ရမှာပဲ... ။

စောဖေ အနားရောက်သွားသည်။

"ဆရာဝဏ္ဏထင်... "

သူ့ကို လှည့်ကြည့်သည်။

"ကျွန်တော်က နောက်ထပ်အသစ်ခန့်ထားတဲ့ ဒရိုင်ဘာ... ကိုစောဖေပါ... "

"ဪ... အိမ်တော်စိုးကြီးပြောတယ်... ဒရိုင်ဘာအသစ်ရောက်လာပြီတဲ့... "

"ဟုတ်ကဲ့... ကျွန်တော့်ကို နိုင်းစရာရှိတာနိုင်းပါ... ဘာမှအားမနာပါနဲ့နော်... ဒေါ်ကျော့ကျော့စံကလည်း ပြောပါတယ်... ဒီအိမ်မှာ တာဝန်ကျေပြွန်အောင် ထမ်းဆောင်ပေးဖို့... "

"ဘာ... ခင်ဗျားက... ဒေါ်ကျော့ကျော့စံမှာ:ပေးတာလား အယ်လင်လှလား... "

"ဗျာ... "

ဝဏ္ဏထင် မျက်နှာပျက်သွားသည်။

ဒေါ်ကျော့ကျော့စံအကြောင်းကို သိထားပုံ... ။



"ဒါဆို... ခင်ဗျားနဲ့ ကောင်းကင်ပြာက အတူတူလာကြတာပေါ့လေ... "

"ဟုတ်ပါတယ်... "

"ကောင်းကင်ပြာ... "

"မင်း ဘာဖြစ်လို့ ငါ့ကိုမပြောတာလဲ... "

"ရှင်... "

ကိုစောဖေ...

တော်တော်ရှည်ကျော့သည်။

ဘာကြောင့်လာပြီး မိတ်ဆက်စကားတွေ ပြောနေရတာလဲ... ။

အစ်ကို့မျက်နှာ ပျက်သွားသည်။

ရှင်က...

ကျွန်မနဲ့အစ်ကို တွဲထွက်လာလို့ မနာလိုတာမဟုတ်လား... ။

ကိုယ့်နေရာကိုယ်မနေဘူး။

"ကောင်းကင်... ငါ အထဲဝင်တော့မယ်... မင်းလိုက်ပို့ပါ..."

"အစ်ကို... "

"ဝင်တော့မယ်... "

"ခဏပါပဲ... မဝင်ပါနဲ့အစ်ကိုရယ်...ဧကလေးပဲဖြစ်ဖြစ်... လမ်းလျှောက်ကျင့်လိုက်ပါဦး... "

"တော်ပြီကွာ... "

ဒီလူ...

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာလဲ...

စိတ်ကြီးတဲ့လူပဲ။

မိန်းမအယ်လင့်ကို တော်တော်လေး မယုံကြည်ပုံပေ။

"အစ်ကို... "

"ငါ... ဝင်တော့မယ်... "

"ကျန်းမာရေးအတွက် လေ့ကျင့်တာပဲဟာ... "

အစ်ကိုဘာဖြစ်လို့ စိတ်မခိုင်ရတာလဲ... ။

ကျွန်မကို မယုံကြည်ပြန်ဘူးလား... ။

အစ်ကိုရယ်...

ကျွန်မတို့ကို မယုံကြည်တာနဲ့ ဘဝကို စိတ်ဓါတ်ကျနေတာ ဘာမှမပတ်သက်ဘူးလို့ ကျွန်မထင်မိတာပါပဲ... ။

"အစ်ကို အထဲမဝင်ရဘူး... "

"ဘာဖြစ်လို့လဲ ကောင်းကင်... ငါ အနားယူချင်တယ်... "

"အစ်ကို လမ်းလျှောက်ရမယ်လေ... "

"မလျှောက်ဘူး... "

"မမအယ်လင့်ကို စိတ်နာတာနဲ့ ကျွန်မတို့ကိုမယုံတာနဲ့... အစ်ကိုဘဝကို နှစ်မြှုပ်ပစ်လိုက်တော့မလို့လား... "

ကောင်းကင် တင်းမာခက်ထန်စွာဖြင့်ပြောပစ်လိုက်မိသည်။

အစ်ကိုဘဝကို မနှစ်သင့်ဘူး။

"စိတ်ဓါတ်ကို ကျွံနိုင်မှပေါ့... အစ်ကို... "



ကောင်းကင်က တင်းမာတော့လည်း သူအလျှော့ပေးချင်လာမိသည်။

"အစ်ကို... "၊

"ဟင်... "

"ထ... ကြည့်ရအောင်... "

သူ...

ထသည်။

စိတ်တွေကခန္ဓာကိုယ်ကို မသယ်နိုင်လောက်အောင်ဖြစ်နေ၏။

"အစ်ကို စိတ်ဓါတ်တွေကို မာကျောအောင်လုပ်ထားဖို့... လိုအပ်တယ်... ဘဝမှာ ကြံ့ကြံ့ခိုင်ခိုင်ဖို့က အလိုအပ်ဆုံးပဲ..."

ဟုတ်တယ်...

ကောင်းကင်ပြောတာ မှန်တယ်... ။

သူ...

ဘာလို့ စိတ်ဓါတ်ကျနေရတာလဲ။

ယောကျ်ားတစ်ယောက်ပဲ...

"အစ်ကို လေ့ကျင့်ခန်းကို ကြိုးစားလုပ်သင့်တယ်... ဖြစ်နိုင်တယ်လို့ ဆရာဝန်ကပြောတာပဲ... "

"အစ်ကို ကြိုးစားပါမယ်... "

သူ...

ကြိုးစားပြီးထသည်။

ယိုင်ခွေသွားသဖြင့် ကောင်းကင်ကဖေးမထားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



စောဖေ အမြင်ကတ်လာမိသည်။

လိုအပ်တာထက်ပိုနေပြီဟု ထင်မိ၏။

နှစ်ယောက်သားမူးကပ်ပြီး ဖြစ်ချင်တိုင်းဖြစ်နေသည်။

ကောင်းကင်နှင့်ဝဏ္ဏထင်တို့ နီးစပ်သွားမှာ စိုးမိနေလာရ၏။

ဘယ်လို တားဆီးရမလဲ။

မဖြစ်ဘူး... ။

ကောင်းကင်ကလည်း ဒီလူရဲ့ ယုံကြည်မှုတွေကို ရအောင်ယူရမှာ...

စောဖေ နေလို့မရတော့...

စိတ်ထဲမှာ အလိုမကျသလိုကြီးဖြစ်နေမိတော့သည်။

"အစ်ကို... ကြိုးစားပြီးလျှောက်နော်... ညီမထိန်းပေးမယ်..."

အစ်ကိုတဲ့...

ညီမတဲ့... ။

ကောင်းကင်...

မင်းကိုယ်တိုင်က ဒီလူအပေါ် လိုအပ်တာထက် သံယောဇဉ်ပိုပြီး တွယ်နေတာမဟုတ်လား... ။

ဓာတ်ကြာတော့...

အထဲကို ပြန်ဝင်သွားကြသည်။

စောဖေဒေါသဖြစ်ပြီး တစ်ယောက်တည်းကျန်ခဲ့၏။

အိမ်ထဲဝင်ပြီး ကောင်းကင်ကိုတွေ့ဖို့... ကြိုးစားရမလား။



တွေ့ရမယ်...

သတိပေးရမယ်။

သူ...

အိမ်ထဲ ဝင်လာခဲ့သည်။

ဧည့်ခန်းမှာ ကောင်းကင်နဲ့သွားတိုး၏။

"ရှင် ဘာလာလုပ်တာလဲ... ကိုစောဖေ... "

"မင်း... ဆီကိုလာတာ... "

"ဘာကိစ္စလဲ... "

"မင်းကို... သတိပေးမလို့... "

"ရှင် ရူးနေလား... ဒီမှာ လောလောဆယ် ယုံကြည်မှုတွေကို တည်ဆောက်နေတဲ့အချိန်ရှင့်... "

စောဖေ ကြောင်တာပဲ။

ဟုတ်တယ်...

ကောင်းကင်ကိုစိတ်ပူပြီး သူအိမ်ထဲဝင်လာခဲ့မိသည်။

"ရှင့်အကြောင်းကိုသိလို့... ကျွန်မထွက်လာမလို့... "

"ကောင်းကင်... "

"ပြော... "

"မင်းဘဝ အခြေအနေကို မင်းမေ့မသွားနဲ့နော်... "

"ဘာရှင့်... "

"ဝဏ္ဏထင်အပေါ်... မင်း စိတ်မဝင်စားသင့်ဘူး... "

"ကျွန်မကို အထင်မသေးပါနဲ့... အိမ်ထောင်ရှိတဲ့ ယောကျ်ား တစ်ယောက်ကို ကျွန်မ... ဘယ်တော့မှစိတ်ဝင်စားမှာ ... မဟုတ်ဘူး... "

www.burmeseclassic.com



"ကိုစောဖေကာ…"

"ရှင့်အလုပ်… ရှင်လုပ်ပါ…"

ကောင်းကင်…

မင်း မောက်မာလာတာလား။

တွေ့ကာစနှင့်မတူအောင် ကောင်းကင်က ရင့်ကျက်မာထန်လာပုံပင်… ။

ဘာကြောင့်လဲ…

ဝဏ္ဏထင်ရဲ့ မြှောက်စားမှုကြောင့်လား… ။

"မင်းကိုတော့… ကိုစောဖေ… သတိပေးလိုက်မယ်နော်… အလုပ်ကို… အမြန်ဆုံးအောင်ဖြစ်အောင် ကြိုးစားသင့်တယ်လို့ထင်တယ်…"

"ကျွန်မ သိပါတယ်…"

"မင်း… ဘဝမမေ့နဲ့နော်… ကောင်းကင် မင်းဘာကြောင့်ရောက်လာတာလည်းဆိုတာ ဝဏ္ဏထင်သိသွားရင်…"

ကိုစောဖေကို ကြည့်မိသည်။

ဒီလူ…

သူမကို စိတ်ဝင်စားနေတာပဲ။

ဟင်း…

တန်ရာ တန်ရာမမှန်းဘူး။

ရှင့်လို ပေါက်ထွင်းဝိဇ္ဇာတစ်ယောက်ကို ကျွန်မက နှစ်သက်မြတ်နိုးမယ်မထင်နဲ့။

ကိုဝဏ္ဏထင်ကိုလည်း ကျွန်မက သနားတာပါ။



ဒုက္ခိတတစ်ယောက်ဘဝနဲ့ အကောက်ကြံမဲ့သူတွေက ဝိုင်းဝိုင်းလည်နေသည်။

"ကိုစောဖေ…"

"ဟင်…"

"ရှင့်ဘက်က… ဗိုဗိုရိုရိုနေပါ… ကျွန်မတာဝန် ကျွန်မကျေပြွန်အောင် ထမ်းဆောင်နိုင်ပါတယ်…"

"မင်းကိုလည်း ကိုယ်သတိပေးချင်တာက လုပ်ငန်းတာဝန်ထက်မပိုဖို့ဘဲ…"

"ကျွန်မ သိပါတယ်… ကိုဝဏ္ဏထင်ရဲ့ယုံကြည်မှုတွေရအောင်တော့ ကျွန်မလုပ်ဆောင်ရမှာပဲ…"

"ကောင်းကင်…"

"ပြောပါ…"

"မင်းကို… ငါ လက်ထပ်မယ်…"

"ဘာ…"

"မင်း သိအောင်ကြိုတင်ပြောထားတာ… ကျော့ကျော့စံရဲ့အလုပ်ကို… ငါ လက်ခံလိုက်တာလည်း မင်းကြောင့်ပဲ… ကောင်းကင်…"

"ဘာရှင့်…"

"မင်းကို… လက်ထပ်ခွင့်ရမယ်ဆိုလို့ ငါလက်ခံတာ…"

ကျွန်မက ဘာလဲ…

ဒေါ်ကျော့ကျော့စံက ကျွန်မကို ဘယ်လိုမိန်းကလေးတစ်ယောက်လို့ သတ်မှတ်ထားတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



အကြေးတွေ...

အဲဒီ...

အကြေးတွေကို ကျွန်မဆပ်ချင်တယ်... ။

စာချုပ်တွေ ကျွန်မလက်ထဲပြန်ရောက်ရင် ကျွန်မ လွတ်လပ်ပြီပဲ။

"မင်း... ဒီကိုရောက်လာတာ ကောင်းသောလာခြင်း... မဟုတ်ဘူးဆိုတာ သဘောပေါက်ထားသင့်တယ်... "

"ကျွန်မ သိပါတယ်... "

ရှင့်ကို ဘယ်တော့မှ လက်ထပ်မယ်မထင်နဲ့လို့ ပြောပစ်ချင်မိသည်။

မပြောရဲ... ။

ကိုစောဖေကိုလည်း ဆန့်ကျင်၍မဖြစ်သေးကြောင်း တွေးမိလာသည်။

"ငါ... သွားတော့မယ်... "

"ဒီမှာ... "

"ပြော... "

"ရှင်... သိထားဖို့က ကျွန်မအိမ်ရှင်ရဲ့ ယုံကြည်မှုတွေကိုလည်း ရအောင်လုပ်ရမယ်ဆိုတာပဲ... နောက်တစ်ခါ ကျွန်မကို အရမ်းတွေ့ဖို့ကြိုးစားပါနဲ့... အိမ်ရှင်အထင်လွဲသွားရင် မကောင်းဘူး... "

"မင်းလည်း ငါနဲ့မကြာခဏလာတွေ့ပါ... "

"ကျွန်မတို့နှစ်ယောက်ကို အိမ်ရှင်ကအထင်သေးနေတာ...



ဒေါ်ကျော့ကျော့စံနဲ့မမအယ်လင့်အပေါ် အယုံအကြည်ရှိတာ မဟုတ်ဘူး... "

ရှင့်ကို ကျွန်မ အလကားနေရင် လာတွေ့နေရမလား... ။

ရင်ထဲမှာ နာကျင်နေမိသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားလိုက်မိ၏။

ကျွန်မဘဝမှာ အမြဲတမ်းအပြစ်ကင်းစင်ပြီး ဂုဏ်သိက္ခာနဲ့နေခဲ့တာပါ... ။

ကိုယ်ကျင့်တရားတွေကို မပျက်ပြားအောင် ထိန်းသိမ်းနေခဲ့တယ်။

ဒေါ်ကျော့ကျော့စံကြောင့်... ။

အဖေ နေမကောင်းလို့ဆေးဖိုးတွေအတွက် ငွေကို အလွယ်တကူပေးခဲ့သည်။

ဒေါ်ကျော့ကျော့စံကို ဒီလိုယုတ်မာကောက်ကျစ်တဲ့ မိန်းမကြီးတစ်ယောက်ဟု မထင်မိ... ။

ကျွန်မ...

အထဲသို့ ပြန်ဝင်ခဲ့မိသည်။

ကိုစောဖေ...

ရှင်လည်း လူကောင်းမှမဟုတ်တာ... ။

သူ့အသက်အရွယ်နဲ့ ကျွန်မကို လက်ထပ်ဖို့ ရှင်က မှန်းနေတာလား။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင်… "

"ရှင်… "

သူမ…

လန့်သွားမိသည်။

အိမ်တော်စိုးကြီး…

"ဟို… လူက… "၊

အိမ်တော်စိုးကြီးရဲ့အကြည့်တွေက စူးရှတောက်ပြောင်နေသည်။

ကောင်းကင် ဟန်မပျက်အောင် အတော်လေးသတိထားလိုက်ရ၏။

"ကျွန်မအခြေအနေကို…လာမေးတာပါ… သူနဲ့… ကျွန်မက တစ်မြို့ထဲသားချင်းတွေလေ… ကျွန်မက တစ်ကောင်ကြွက်မလေးဆိုတော့ သူက စောင့်ရှောက်နေတာပါ… "

"အယ်လင့် လူတွေကိုတော့ ကျုပ်တို့က… သိပ်ယုံကြည်တာမဟုတ်ဘူးနော်… ညည်းကိုတော့ ရုပ်ရည်လေးကြည့်ပြီး ကျုပ်ကလက်ခံဖို့တိုက်တွန်းတာ… "

"ဟုတ်ကဲ့… "

"မကောင်းမှု နှစ်ရိုက်ဆိုတာ ဆိတ်ကွယ်ရာမရှိဘူးနော်… ကောင်းကင်ပြာ… "

"ရှင်… "

"မောင်ဝဏ္ဏထင် စိတ်တွေပြောင်းလဲသွားအောင် ရိုးသားစွာနဲ့လုပ်ဆောင်ပေးပါ… အကောက်ကြံမယ်ဆိုရင်တော့ ညည်းငယ်ငယ်ရွယ်ရွယ်နဲ့ထောင်ထဲရောက်မှာပဲ… "



ကောင်းကင်ရဲ့ တစ်ကိုယ်လုံးအင်အားတွေ ကင်းမဲ့သွားသလို ယိုင်ခွေချင်သွားသည်။

ပတ်ဝန်းကျင်စာ လူတွေရဲ့ အထင်သေးအမြင်သေးမှုနှင့် ပြောဆိုဆက်ဆံမှုတွေကို ကျွန်မနာကျင်စွာ ခံစားနေရ၏။

ထွက်ပြေးချင်တယ်… ။

လွတ်မြောက်ချင်တယ်။

ကျွန်မကို အထင်မသေးပါနဲ့…

"ကျုပ်တို့ကတော့… ညည်းကိုစောင့်ကြည့်နေတာနော်… မောင်ဝဏ္ဏထင်အပေါ် ဒုက္ခပေးတာမျိုး ငါလုံးဝလက်မခံဘူး… "

ဒေါ်ရွှေကလည်း ကောင်းကင်နှင့်စောဖေဆိုတဲ့ လူကိုစောင့်ကြည့်နေမိသည်။

အယ်လင်ခန့်ထားတဲ့လူဆိုတော့ မိမိက ဝင်ရောက်မစွက်ဖက်ချင်… ။

မောင်ဝဏ္ဏထင်နဲ့ တရားဝင်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ပဲ။

ကောင်းကင် သူ့အိပ်ခန်းထဲ ဝင်သွားသည်။

"ဒေါ်ဒေါ်ရွှေ… "

"ဘာလဲ… မငွေ… "

"မမအယ်လင်က ဘာလို့ဒီလောက်ချောတဲ့ မိန်းကလေးတစ်ယောက်ကို အစ်ကိုလေးအနားမှာ ထားရတာလဲ… "

"ခင်းမှာလည်း အကြောင်းရှိမှာပေါ့… မငွေ… "

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်ရွှေကရော... ဘာလို့ထောက်ခံရတာလဲ..."

"မောင်ဝဏ္ဏထင်ရဲ့စိတ်တွေ ပြောင်းအောင်ပါ... အခုပဲကြည့်လေ...လှေကျင့်ခန်းတွေလုပ်နေပြီ အောင်မြင်မှုလမ်းစပဲ... ပြီးတော့ ကောင်းကင်ကို ငါယုံမိနေတယ်... ဘာပဲဖြစ်ဖြစ်... မောင်ဝဏ္ဏထင်စိတ်ချမ်းသာအောင် လုပ်ဆောင်ပေးမယ်လို့လည်း ငါယုံကြည်နေမိတယ်..."

"တောင်းကင်ပြာကို... အစ်ကိုလေး ကြိုက်သွားမယ်ဆိုရင်ရော..."

အိမ်ဖေါ်ကောင်မလေး မငွေကို နားလည်အောင် ဘယ်လိုရှင်းပြရမလဲ... ။ ဒေါ်ရွှေလည်း အဲဒီလိုဖြစ်သွားရင်ရောလို့ အမြဲတမ်းတွေးမိခဲ့သည်။

"အဓိက မောင်ဝဏ္ဏထင်ရဲ့စိတ်တွေပြန်ပြီး တက်ကြွလာဖို့ပဲ... ညည်းအလုပ် ညည်းလုပ်တော့မငွေ... စပ်စုမနေနဲ့..."

ဒေါ်ရွှေ ဈေးဝယ်ဖို့အတွက် အပြင်သို့ထွက်လာခဲ့မိသည်။



## အခန်း (၁၄)

"မောင်စောဖေ..."

"ဗျာ..."

"အဒေါ်... ဈေးသွားမလို့..."

"ဟုတ်ကဲ့..."

အိမ်တော်စိုးကြီး...

ဩဇာအာဏာရှိပုံပင်...

မျက်နှာထားက တင်းမာနေသည်။

"မင်းကား အသင့်ဖြစ်နေပြီလား..."

"ဟုတ်ကဲ့..."

ဒရိုင်ဘာစောဖေကိုလည်း ဒေါ်ရွှေအလစ်မပေးဘဲ စောင့်ကြည့်နေရသည်။

ဒေါ်ကျော့ကျော့စံလှ...

www.burmeseclassic.com

www.burmeseclassic.com



အယ်လင် ခန့်ထားတာ…

"ကျွန်မ… မေမေ့စကားကို ယုံတယ်… ကျွန်မ ခန့်ထားတဲ့လူကို မယုံသလိုလာမလုပ်ပါနဲ့… ဒေါ်ရွှေ ကျွန်မက ကိုကို့ရဲ့တရားဝင်ဇနီးနော်… "

အယ်လင်က ပြောသည်။

အရင်ကထက် ပိုပြီးမာန်မာနတွေ ထောင်လွှားနေသည်ဟု ထင်မိ၏။

ညည်းကို ရိုက်ချိုးမှရမယ်။

အိမ်မှာ ရှိတဲ့အလုပ်သမားတွေအပေါ် မောက်မာထောင်လွှားလွန်းတဲ့မိန်းမ… ။

သွားချင်တာသွားနေတတ်သည်။

ပြီးတော့…

ဩဇာ အာဏာပေးတတ်သည်။

ယောက်ျားကိုလည်း ပစ်ပယ်ထား၏။

အိမ်တော်စိုးကြီးတာဝန် တစ်သက်လုံးယူလာတဲ့ မိမိကိုလည်း မလေးမစား… ။

"မောင်ရင်… "

"ဗျာ… "

"မင်းကို… အယ်လင်က ဘာမှမနိုင်ဘူးလား… "

"ဟင့်အင်း… ကျွန်တော့်ကိုဘာမှမနိုင်းပါဘူး… ဟို ကိုဝဏ္ဏထင်အတွက်ပဲ ကားမောင်းပေးဖို့ပါ… "

"အင်းလေ… သူကတော့ ကားတစ်စီးနဲ့သွားချင်တိုင်း သွားနေတာဆိုတော့ ဒရိုင်ဘာမှမလိုတာအဲ… "



အိမ်တော်စိုးကြီးကလည်း အယ်လင့်ကို သဘောမကျပုံပင်… ။

"ကိုဝဏ္ဏထင်နဲ့မအယ်လင်တို့ အိမ်ထောင်ရေးက… အဆင်မပြေဘူးလား… "

"အင်း… မင်း မသိဘူးလား… "

"မသိပါဘူး… ကျွန်တော်တို့က မအယ်လင်နဲ့အဆက်အစပ်မှမရှိတာပဲ… "

အိမ်တော်စိုးကြီးက သူ့ကိုလှေ့လာအကဲခတ်နေကြောင်း စောဖေသိသည်။

စောဖေက နှောကြေနေပြီ။

အရင်က…

စောဖေ…

ရိုးရိုးအအ…

ကျော့ကျော့စံကြောင့် လူ့လောကကြီးအကြောင်းတွေ သိလာရသည်။

မကောင်းမှု ဒုစရိုက်တွေကိုလည်း လုပ်နေတတ်ပြီ။

"မောင်စောဖေ… "

"ဗျာ… "

"မင်းနဲ့ကောင်းကင်က တစ်မြို့ထဲသားချင်းတွေနော်… "

"ဟုတ်… "

"ငါတို့ကတော့… စောင့်ကြည့်နေရတာပဲ… မောင်ဝဏ္ဏထင်ကို လုံးဝအစွန်းအထင်းမခံနိုင်ဘူး… "

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင်က… အရမ်းရိုးသားတဲ့ မိန်းကလေးပါ… ကျွန်တော်စိတ်ပူတာက… ကိုဝဏ္ဏထင်နဲ့နီးစပ်သွားမှာပဲ…"

စောဖေ…

သွေးတိုးစမ်းလိုက်တာပါ… ။

အိမ်တော်စိုးကြီးရဲ့ အကြံအစည်တွေကို သိချင်၍ ဖြစ်သည်။

"မပူပါနဲ့… တို့ကတော့ ဒီအခြေအနေအထိ အရောက်မခံနိုင်ပါဘူး… "

"ကောင်းကင်အတွက်ပဲပူတယ်… တစ်ကောင်ကြွက်မလေးပါ… ဒုက္ခရောက်မှာ စိုးရိမ်တယ်… "

"တို့အပေါ်ကောင်းရင်… တို့ကလည်း… ပြန်ကောင်းမှာပါ မောင်ရင်… "

ဩစာအာဏာရှိတဲ့ အိမ်တော်စိုးကြီးတစ်ယောက်ပဲဖြစ်သည်။

စောဖေ…

အိမ်ထဲဝင်ထွက်ချင်မိသည်။

ကောင်းကင်ဆိုတဲ့ မိန်းကလေးကို စောင့်ကြည့်ချင်၏။

စောဖေစိတ်ထဲမှာ ကောင်းကင်ဆိုတဲ့ မိန်းကလေးကိုချစ်မိသည်။

ရယူပိုင်ဆိုင်ချင်၏။

ဒီတစ်ခါတော့…



မရဘူး… ။

မင်းကို လက်ထပ်မယ်…

တရားတာတွေ မတရားတွေမလိုအပ်ဘူး။

ဒါကြောင့်…

အိမ်ကြီးထဲ ဝင်ထွက်ရမှ…

"ဒေါ်ဒေါ်ရွှေ… "

"ဟင်… "

"ကျွန်တော့်ကို နိုင်းချင်ရာခိုင်းပါနော်… အားမနာပါနဲ့… ကျွန်တော်တို့မှာ မိတွယ်အားထားရာဆိုလို့… ဒီအိမ်ပဲရှိတာပါ… "

အဘွားကြီးနိုင်းသမျှ သွက်လက်ဖျတ်လတ်စွာ လုပ်ပေးနေမိသည်။

ဒီအိမ်မှာ ဩဇာအရှိဆုံးက ဒေါ်ဒေါ်ရွှေပဲ။

ဘိုးစဉ် ဘောင်ဆက် အိမ်တော်စိုးကြီး တာဝန်ကို ထမ်းဆောင်လာတာတဲ့… ။

စောဖေက အထာသိသည်။

အညာကိုင်တတ်၏။

ဒေါ်ဒေါ်ရွှေနှင့်ခင်မင်ရင်းနှီးမှုတွေကို အရယူနေမိသည်။

ကြာရင် မလွယ်ဘူး… ။

ကိုဝဏ္ဏထင်နှင့် ကောင်းကင်ကိုအနီးစပ် မခံနိုင်ပေ။

ဈေးဝယ်ပြီး အိမ်ပြန်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်… အိမ်ထဲအထိ လိုက်ပို့ပေးမယ်နော်… "

သူ…

အိမ်ကြီးထဲဝင်ဖို့ အကြံအဖန်လုပ်ရတော့သည်။

ကောင်းကင်…

မင်းကိုငါ လွှတ်မထားနိုင်ဘူး။

ငါ့ရင်ထဲမှာ မင်းကိုအချစ်ကြီးချစ်မိနေပြီ… ။

မင်းကိုတော့ ငါလုံးဝလက်လွှတ်မခံနိုင်ဘူး… ။

အိမ်ထဲ ဝင်လာခဲ့သည်။

ကောင်းကင်ကို မတွေ့ရပေ။

ဟိုလူ့ အခန်းထဲမှာပဲနေတာဖြစ်နိုင်သည်။

မင်း…

အလုပ်သဘောအရပဲလား… ။

လွန်တယ်…

သူ…

စိတ်ပူနေပြီ။

"ဒေါ်ဒေါ်ရွှေ… "

"ဟင်… "

"ကောင်းကင်ရော… "

"မောင်ဝဏ္ဏထင် အခန်းထဲမှာထင်တယ်… ကောင်းကင်က မောင်ဝဏ္ဏထင်ရဲ့… ဝေယျာဝစ္စတွေ အားလုံးတာဝန်ယူထားရတာယ်လေ… "

လိုအပ်တာထက် မင်းက ပိုနေပြီလား… ။



ဝဏ္ဏထင်ရဲ့ အခန်းထဲကကို မင်း မထွက်ချင်တော့ဘူးလား ကောင်းကင်ပြာ… ။

စောဖေ စိတ်ပူနေပြီ။

မဖြစ်ဘူး…

အလုပ်ကို အမြန်ဆုံးအောင်မြင်အောင် လုပ်ရမှာပဲဖြစ်သည်။

မင်းကို ဟိုလူ့အနားမှာအကြာကြီး နေလို့မဖြစ်သေးပါဘူး… ။

"မောင်စောဖေ… "

"ဗျာ… "

"မင်း… မနက်စာ ထမင်းကို ဒီမှာပဲလာစားနော်… "

"ဟာ… မဟုတ်တာပဲ… ရပါတယ်… ဒေါ်ဒေါ်ရွှေတို့ အလုပ်ရှုပ်ပါတယ်… ကျွန်တော်ဖြစ်သလို စားတတ်ပါတယ်… "

စောဖေအတွက် မနက်စာညစာကို ချိုင့်နှင့်ပို့ပေးတတ်၏။

"လာစားပါကွဲ… တို့ဘဝတူတွေပဲ… မင်းအားရပါးရစားလို့ရအောင်ပါ… လူငယ်ဆိုတော့ စားနိုင်တယ်… မင်းကို… ယောကျာ်းသားတစ်ယောက်အနေနဲ့ အားကိုးရမှာပဲလေ… "

"ဟုတ်သားပဲ အစ်ကိုစောင်းကြီး… မငွေတို့က ခင်တတ်ပါတယ် လာစားပါ… "

မငွေဆိုတဲ့ မိန်းကလေးကပါ သူ့ကို ဖေါ်ဖေါ်ရွှေရွှေခေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စောဖေက ကျွမ်း၏။

အထာညက်နေပြီ။

အမိက လူတွေကို စတင်စည်းရုံးရေး ဆင်းလိုက်သည်။

အောင်မြင်၏။

ဒီအိမ်ကြီးထဲ ဝင်ထွက်နိုင်ဖို့ စောဖေအမိက ကြိုးစားနေမိသည်။

"မောင်ရင်… "

"ဗျာ… "

"မင်း… ကောင်းကင်ပြာကို ရှာနေတာလား… "

"ဗျာ… "

"အဟင်း… ကောင်းကင်နဲ့မောင်ဝဏ္ဏထင်တို့ နီးစပ်သွားမှာ မင်းအရမ်းကြောက်နေလား… "

ဒေါ်ဒေါ်ရွှေကတော့ သူကောင်းကင်ကို စိတ်ဝင်စားနေတာ သဘောကျသလိုရယ်မောပြီး ပြောနေသည်။

"အဟဲ… "

ချော်လဲ ရောထိုင်လိုက်သည်။

"မောင်ဝဏ္ဏထင်က ကိုယ့်ကျင့်တရားတွေကို စောင့်ထိန်းတတ်တဲ့ယောက်ျားကောင်းတစ်ယောက်ပါ…မောင်စောဖေရယ်… စိတ်ချပါ…

"ဟို… ဟို… ကျွန်တော်က ကောင်းကင်အတွက် စိတ်မချလို့ပါ… ဒီကောင်မလေး ခိုကိုးရာမဲ့နေရတဲ့အထဲ လူအထင်



အမြင်သေးမှာကို စိတ်ပူလို့ပါ… "

"လောလောဆယ်တော့… မောင်ဝဏ္ဏထင်စိတ်တွေ ပြောင်းသွားအောင် လှေကျင့်ပေးနေရလို့လေ… "

ဒေါ်ဒေါ်ရွှေကိုယ်တိုင်က ကောင်းကင်ကို အသုံးချချင်နေတဲ့ သဘောပင်… ။

စောဖေ မကျေနပ်… ။

စိတ်ပူနေမိသည်။

ကောင်းကင်ဆိုတဲ့ မိန်းကလေးက စောဖေအတွက် ပဲဖြစ်၏။

ခဏကြာတော့…

ကောင်းကင်ထွက်လာသည်။

သူ့ကိုတွေ့တော့ အထိတ်တလန့်နှင့်မျက်လုံးလေး ပြူးသွား၏။

"ကောင်းကင်… "

"ဟင်… "

"ဒီမှာလေ… ဒေါ်ဒေါ်ရွှေတို့ကိုကူညီနေတာ… "

ကိုစောဖေ…

ရှင် ဘာဖြစ်နေတာလဲ။

ကျွန်မကို ပိုင်ဆိုင်ဖို့ ရှင်စိတ်ကူးယဉ်မနေနဲ့…

ရှင့်ကိုမုန်းတယ်… ။

ဒုစရိုက်သမားတစ်ယောက်ရဲ့ ဇနီးမယားဘဝကို ကျွန်မ ဘယ်တော့မှမခံယူဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်တယ်...

သေချင်တယ်။

"ကောင်းကင်... "

"ဟင်... "

"မင်း... လိုအပ်တာထက် ပိုလှုအခန်းထဲမှာ မနေပါနဲ့..."

ရှင်နဲ့ဘာဆိုင်လဲ...

မမေးနဲ့... ။

ကြောက်နေမိသည်။

ကိုဝဏ္ဏထင်ရဲ့စိတ်တွေကို စိုးမိုးအနိုင်ယူဖို့ ကောင်းကင် ကြိုးစားချင်မိ၏။

အသုံးရှုံးမခံနိုင်လို့ပါ...

ရိုးသားစွာနဲ့ ပြုပြင်ပြောင်းလဲပေးလိုက်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေမိသည်။

"ကျွန်မကို အထင်မသေးပါနဲ့... အိမ်ထောင်ရှင်ယောက်ျားတစ်ယောက်ကို ကျွန်မဘယ်တော့မှ မပြစ်မှားဘူး... "

"ကိုယ်က စိတ်ပူလို့... "

"ပူစရာ ဘာအကြောင်းမှမရှိပါဘူး ကိုစောဖေ... ရှင်လုပ်တာနဲ့ ဒီကလူတွေမယုံသင်္ကာ ဖြစ်လာနိုင်တယ်... "

"ဖြစ်ဖြစ်ကွာ... ဘာမှမလုပ်တော့ပဲနဲ့ ထွက်သွားရင်လည်း သွားရပါစေ... "

"ကျွန်မမှာ အကြွေးတွေနဲ့အမှုတစ်ခုလည်း ရှင်းရဦးမယ်... ကျွန်မ အဲဒီ ဒုက္ခစဉ်ဆင်းရဲက လွတ်မြောက်ချင်တယ်...



ကျွန်မ ဒီအတိုင်းထွက်မပြေးချင်ဘူး... "

ဒေါ်ကျော့ကျော့စံက ဘယ်သူ့ကိုမှအလွတ်ပေးမှာ မဟုတ်ပေ။

ကိုစောဖေအပေါ်လည်း မယုံဘူး။

အားလည်းမကိုးပါဘူး။

ရှင်ကရော လူကောင်းမှမဟုတ်တာပဲ... ။

"ရှင်... သွားပါတော့... "

သူမ...

စိတ်မောနေမိသည်။

ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ဖို့အတွက် ကျွန်မဝန်လေးနေရ၏။

"မင်းကလွတ်မှာပါ... ပစ္စည်းတွေထားတဲ့နေရာသိတာနဲ့... မင်းအလုပ်ကထွက်တော့... ကိုစောဖေလည်း အလုပ်ကထွက်ပြီး နောက်မှလှုပ်ရှားမှာ... မင်းကို လုံးဝအပြစ်မရစေရဘူးကောင်းကင်... အပြစ်ခံရရင်လည်း ကိုစောဖေက တစ်ယောက်ထဲခံဖို့ ကတိပေးထားပြီးပြီ... "

ဒေါ်ကျော့ကျော့စံပြောတဲ့ စကားတွေကို ကြားယောင်လာမိသည်။

ကိုစောဖေက တစ်ယောက်တည်း ခံမည်တဲ့... ။

ကျွန်မရဲ့ ပေးဆပ်မှုက...

အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်လည်း ကျွန်မကိုအကြပ်ကိုင်မှာပဲ မဟုတ်လား ကိုစောဖေ... ။

"ကောင်းကင်... မင်းကိုငါ ချစ်တယ်... လက်ထပ်မယ်... အဲဒီကိစ္စတွေ မင်းခေါင်းထဲမှာ သေသေချာချာထည့်ထားနိုင်အောင် ငါ ထပ်ပြောတာပဲ... "

ကိုစောဖေပြောပြီး အိမ်ကြီးထဲမှပြန်ထွက်သွားတော့သည်။

သူမတစ်ယောက်တည်း တွေဝေစွာဖြင့် ကျန်ခဲ့တော့၏။

ငိုချင်လိုက်တာ...

ဒီလို လူတစ်ယောက်ကို သူမဘာလို့မငြင်းနိုင်တာလဲ... ။

တစ်ခါတစ်ရံလည်း...

အကြွေးတွေအတွက် အဖြစ်ဒဏ်ကို ကျခံလိုက်ဖို့အတွက်ပဲ ဆုံးဖြတ်မိသည်။

ဒီအလုပ်ကို မလုပ်ချင်ပါဘူး။

အရှုံးမှုန်းဆုံးပဲ...

ထွက်ပြေးချင်တယ်။

"မင်း ထွက်ပြေးလို့ လွတ်မယ်မထင်နဲ့နော်... ကောင်းကင်ပြာ... ကျော့ကျော့စံရဲ့ လက်အောက်ကနေ လွတ်မယ်မထင်နဲ့... ညည်း ဒီထက် ဆိုးဝါးတဲ့ အခြေအနေကို ရင်ဆိုင်သွားရလိမ့်မယ်... "



ဒေါ်ကျော့ကျော့စံရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ မျက်နှာတွေကို ရင်ဆိုင်ရမှာအကြောက်ဆုံးပဲ... ။

ကျွန်မ ဘာဆက်လုပ်ရမလဲ...

ကြောက်လိုက်တာ...

"ကောင်းကင်..."

"ရှင်... "

"မောင်စောဖေက... ညည်းကိုဘာတွေပြောသွားလဲ... "

အိမ်တော်စိုးကြီးက ရယ်ကျဲကျဲနှင့် ပြောနေသည်။

"ညည်းအတွက်... မောင်စောဖေက တော်တော်လေးစိတ်ပူပင်နေတာတာသားပဲ... "

"အဟင်း... "

သူမ...

ရယ်လိုက်သည်။

ကိုစောဖေက အိမ်တော်စိုးကြီးကို အတော်လေးစည်းရုံးထားနိုင်ပုံရ၏။

"မောင်စောဖေက...သဘောကောင်းပါတယ် ကောင်းကင်... ညည်းလေးအပေါ်မှာလည်း သံယောဇဉ်ကြီးတယ်... လူဖို့ကြီးဆို ဟုတ်လား... "

ကျွန်မ ဘာမှမသိဘူးဟု အော်ဟစ်ပစ်ချင်တဲ့ စိတ်တွေဖြစ်လာမိသည်။

နှုတ်ခမ်းတွေပေါ်မှ ရှက်ပြုံးလေးတွေကို မဖျောက်ဖျက်ရဲပေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်စိုးကြီးအကြည့်တွေက ကြောက်စရာကောင်းလောက်အောင် အကဲခတ်နေတဲ့မျက်ဝန်းတွေဖြစ်ကြောင်း ကောင်းကင် သိနေသည်။

အနေအထိုင် အတော်လေး ဆင်ခြင်နေရ၏။

ကိုစောဖေကတစ်မျိုး...

ကောင်းကင်ကိုချစ်လို့တဲ့...

လက်ထပ်မယ်တဲ့... ။

ဟွန်း...

ရှင်နဲ့တန်လို့လား...

ပြောချင်တဲ့စကားတွေကို သူ့ရင်ထဲမှာပဲသိမ်းထားလိုက်ရသည်။

"အစ်ကို... ထမင်းစားတော့မယ်... "

အိမ်တော်စိုးကြီးအနားမှ လှည့်ထွက်လာခဲ့မိသည်။

ဿ ဿ ဿ



## အခန်း (၁၅)

"အစ်ကို... "

"ဟင်... "

"ထမင်းစားရအောင်... "

"အင်း... "

"အစ်ကိုရောဂါက... ဘဝကိုအရှုံးပေးပြီး စိတ်ဓါတ်ကျနေလို့ မဖြစ်သေးပါဘူး... "

"ကောင်းကင်... "

"ရှင်... "

"မင်း... ငါ့အပေါ်... တကယ်ပဲ စိတ်ရင်းစေတနာနဲ့ ကူညီစောင့်ရှောက်နေတာလားကွာ... "

သူ့...

မယုံနိုင်...

www.burmeseclassic.com

www.burmeseclassic.com



အယ်လင်နှင့် ပတ်သက်နေတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

"ယုံတာ မယုံတာတော့… အစ်ကိုကိစ္စပါ… ကျွန်မက လုပ်စရာရှိတာ လုပ်ရမှာပဲ… "

အစ်ကိုဝဏ္ဏထင်ကို ယုံပါလို့ သူမပြောရမှာ ဝန်လေးနေမိသည်။

မယုံပါနဲ့…

အစ်ကို…

ကျွန်မကို မယုံပါနဲ့…

"အစ်ကိုစိတ်ဓါတ်တွေကို အစ်ကိုလျှော့ကျင့်ပါ… မာကျောအောင်ကြိုးစားပါ… ကျန်းမာရေးအတွက် ပြန်ပြီးလေ့ကျင့်ပါ… ဆေးကုမှုတွေကို အတိအကျပြန်ယူပါ… "

"အစ်ကို… သဘောပေါက်ပါပြီ…ကောင်းကင်ပြောသလိုပဲ… အစ်ကို ကြိုးစားပါ့မယ်… အစ်ကိုဘဝကို အစ်ကိုပြန်လည်ထူထောင်နိုင်အောင် ကြိုးစားပါ့မယ်… "

"ကျွန်မ… ဝမ်းသာလိုက်တာအစ်ကိုရယ်… ကျွန်မ အရမ်းဝမ်းသာတာပဲ… "

"အစ်ကိုအနားမှာ ကောင်းကင်နေပေးပါ… အစ်ကိုအင်အားတွေရှိပြီး စိတ်ဓါတ်မာကျောလာနိုင်မယ်ထင်တယ်… "

"ဟုတ်ကဲ့… အစ်ကို ကောင်းကင်နေပေးပါ့မယ်နော်… "

သူ…

အင်အားတွေ ပြည့်လာသည်။



ကော်င်းကင်ကို ယုံကြည်လာမိ၏။

ဒီ မိန်းကလေး သူ့အပေါ် ရက်စက်မှာမဟုတ်ဘူးဟု ထင်မိလာသည်။

"ဒါဆို… အစ်ကို ထမင်းစား… "

"အင်း… "

"အစ်ကိုနဲ့ သင့်မြတ်မဲ့ အစားအစာတွေ ကျွန်မကိုယ်တိုင်… စီစဉ်ထားတာလေ… "

ကောင်းကင်ရယ်…

မင်းနဲ့အစောကြီးက ဘာလို့မဆုံမိတာလဲ… ။

အယ်လင်က အစ်ကိုဘဝကြီးကို အသေသတ်ခဲ့တာပါ… ။

အိမ်ထောင်ရေး ကံမကောင်းဘူး။

အရမ်းစိတ်ပျက်စရာ ကောင်းတယ်… ။

မင်း ရောက်လာမှ အစ်ကို့စိတ်တွေ အေးချမ်းသွားသလိုပဲ… ။

သူ…

ထမင်းစား၍ကောင်းလာသည်။

အိပ်လို့ရလာ၏။

လမ်းလျှောက်တာပင် အတော်လေးအလေ့အကျင့်ရလာပြီဖြစ်သည်။

"အစ်ကို မင်းကိုကျေးဇူးတင်ပါတယ်… မင်းရောက်လာမှ အင်အားတွေ ပြည့်လာသလိုပဲ… "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ...

အစ်ကိုကို ခွန်အားတွေပြည့်ပြီး နေကောင်းစေချင်ပါတယ်။

စိတ်ဓါတ်တွေ မာကျောစေချင်ပါတယ်။

ဘဝမှာ အောင်မြင်တဲ့လူသားတစ်ယောက် ဖြစ်စေချင်ပါတယ်အစ်ကို...

"ကောင်းကင်... "

"ရှင်... "

"အစ်ကို့အနားမှာ မင်းအားပေးဖို့နေပေးပါ... "

"စိတ်ချပါ အစ်ကို... "

မမအယ်လင် ဝင်လာသည်။

သူမ...

အပြင်ထွက်ပေးလိုက်သည်။

ကျန်းမာရေးချို့တဲ့နေတဲ့ယောက်ျားတစ်ယောက်ဆီလာတွေ့တာ ဒီလောက်အထိ အလှအပတွေပြင်မထားသင့်ဟု ထင်မိသည်။

မမအယ်လင်က လိုအပ်တာထက် ပြင်ဆင်လာတာတွေ့ရ၏။

"တွေ့လား... ကောင်းကင်... ယောက်ျားဘာတွေပဲ ဖြစ်နေဖြစ်နေ... မိန်းမက အလှပြင်တောင်မပျက်ဘူး... "

အိမ်တော်စိုးကြီးက ပြောသည်။

ကောင်းကင်တုံ့ပြန်မပြောမိ... ။



"ကောင်းကင်... "

"ရှင်... "

"ညည်းနဲ့အယ်လင်တို့က မိတ်ဆွေတွေဆိုတော့... ငါပြောလိုက်တာ အူားနာစရာပဲ... "

"ကိစ္စမရှိပါဘူး... အိမ်တော်စိုးကြီး အစ်ကို့အကျိုးစီးပွားကို ကျွန်မလိုလားပါတယ်... "

အိမ်တော်စိုးကြီး ဒေါ်ရွှေရွှေရဲ့ ကျေနပ်နေတဲ့အပြုံးကို တွေ့လိုက်ရသည်။

"ကောင်းကင် ရောက်လာမှ မောင်ဝဏ္ဏထင် အတော်လေးပြောင်းလွဲသွားတယ်နော်... "

"ကျွန်မ... ကြိုးစားနေပါတယ်... အိမ်တော်စိုးကြီး ကျွန်မတာဝန်ကို ကျေပွန်ချင်ပါတယ်... "

"ညည်းလေးကို... အားကိုးပါတယ်ကွယ်... "

အစ်ကို့ကို စိတ်ပူနေမိသည်။

မမအယ်လင်ရောက်လာတာ ကောင်းသောလာခြင်းဟုတ်တာ သူမသိနေသည်။

အစ်ကို ဘာဖြစ်မလဲ...

စိတ်သောကတွေ ရောက်ရမလား။

ဘုရားရေ...

ကျွန်မနဲ့ ဘာဆိုင်လို့လဲ...

အစ်ကိုတို့လင်မယားကိစ္စ... ။

ကျွန်မ ဒီလောက်အထိ စိတ်ပူနေစရာမလိုဘူးဟု ဆင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း... "

"ဝုန်း... "

"ဝုန်း... "

"ဟင်... "

အပေါ်ထပ်မှ အသံတွေကြားရ၏။ ကောင်းကင်တို့တွေ စိတ်ပူသွားပြီး အပေါ်ထပ်သို့ပြေးတက်လာခဲ့ကြသည်။

"မင်းထွက်သွား... ငါ့ကိုဒုက္ခလာမပေးပါနဲ့... မင်းဘာဖြစ်ချင်လဲ ပြောပါ... "

"ကျွန်မ... ရှင့်ကိုကူညီရင်းမယ်... စည်းစိမ်ဥစ္စာတွေ အားလုံးတစ်ယောက်တစ်ဝက်စီပဲ... ရှင်လွှဲပေးပါ... "

"ပေးမယ်... မင်းကူညီရင်းပေးတော့... ငါ ဒီလောက်အထိ စိတ်သောကတွေ အရှေ့က်မခံနိုင်တော့ဘူး... "

"ကောင်းပြီ... ရှင်အမြန်ဆုံး ကူညီရင်းပေးပါ... အခုတော့... ကူညီရင်းပေးနိုင်ပြီပေါ့... "

"မင်း... မင်း... "

"ဟင်း... ဟင်း... ဟင်း... "

"ရှင့်အနားမှာ ကောင်မလေးချောချောတစ်ယောက် ရှိနေပြီပဲလေ... "

"ဘာ... "

"ကျွန်မက ရှင့်ကိုဒုက္ခပေးနေတဲ့ မိန်းမတစ်ယောက်ပဲ... ရှင့်စိတ်တွေကို ပျော်ရွှင်ချမ်းမြေ့မှုတွေ ပေးနိုင်တဲ့ကောင်းကင်ပြာ... "



"မင်းတော်တော့... ဆက်မပြောနဲ့တော့... မဟုတ်တာတွေ ငါ့ကို လာပြောမနေပါနဲ့... "

အော်ဟစ်သံကြီး ထွက်ပေါ်လာသည်။

"မင်း ထွက်သွား... ထွက်သွားစမ်း... မင်း ဖြစ်ချင်တာတွေ အကုန်လုံးဖြစ်အောင် လုပ်ပေးမယ်... မင်း ငါ့အနားကိုလုံးဝ မလာနဲ့... "

ကောင်းကင် အခန်းထဲက နားထောင်ပြီး အစ်ကို့အတွက် စိတ်မကောင်းဖြစ်နေမိသည်။

ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်...

ကျွန်မ...

စိတ်မကောင်းဖြစ်လိုက်ရတာ...

"ဝုန်း... "

"ဒိုင်း... "

မမအယ်လင် ပြန်ထွက်သွားသည်။

အစ်ကိုရှိနေတဲ့ အခန်းထဲ သူမပြေးဝင်လာခဲ့မိ၏။

"အစ်ကို... "

"ဟင်... "

"ဒါတွေ အဲဒီလောက်ကြီးမနေပါနဲ့ အစ်ကိုရယ်... စိတ်တွေကို လျှော့ပါနော်... "

"ဒီမိန်းမ... ဒီမိန်းမ... အစ်ကို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်နေတယ်... အစ်ကို့နဲ့ကူညီရင်းပြတ်စဲပေးပါတဲ့... "

"ဟင်... "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအကြည့်တွေက အစ်ကိုဆီ ဆတ်ခနဲရောက်သွားရသည်။

မျက်နှာလေး ညှို့မှိုင်းပြီး စိတ်သောကတွေ ဖိစီးနေပုံပင်... ။

ဝေဒနာတွေ ခံစားနေရတဲ့ ယောက်ျားတစ်ယောက်ကို ဒီလောက်အထိ ညှဉ်းပန်းနှိပ်စက်ဖို့ မကောင်းဘူးဟု ထင်မိသည်။

"အစ်ကို... စိတ်လျှော့လိုက်ပါ... "

"ကောင်းကင်... "

"ရှင်... "

"အစ်ကိုဘာလုပ်ရမလဲ... အယ်လင်က ကွာရှင်းဖို့တောင်းဆိုနေပြီ... "

"ကျွန်မ ကြားပါတယ်... "

"အစ်ကို ဘာလုပ်ပေးရမလဲဆိုတာပဲ ပြောပါ... "

"ကျွန်မ ဘာပြောရမလဲ... အကောင်းဆုံးကတော့ အစ်ကိုနဲ့ မမအယ်လင် မကွာရှင်းဘဲ... အိမ်ထောင်ရေး ပြန်တည်တံ့အောင် ကြိုးစားသင့်တယ်လို့ ထင်တယ်... "

"အစ်ကို မမှားဘူး... "

"အစ်ကို တင်ချက်ထောက်... အလျှော့ပေးကြည့်ပါလား..."

"အလျှော့ပေးရမယ်... "

"အင်း... "

"မဖြစ်နိုင်ဘူး... ဒီမိန်းမနဲ့အစ်ကို ဘယ်နည်းနဲ့မှ အဆင်ပြေအောင် ကြိုးစားလို့ဖြစ်နိုင်တော့ဘူး... "



"ကျွန်မကြောင့်... အစ်ကိုမာကျောနေတာလို့ မမက ထင်မှာပေါ့... ဘာပဲဖြစ်ဖြစ် အစ်ကိုဘက်ကနေ အလျှော့ပေးလိုက်ပါ... "

မင်းကြောင့်...

ဟုတ်တယ်... ။

အယ်လင်က ဒီလိုစွပ်စွဲချင်လို့ မင်းကိုပို့လိုက်တာပဲ။

ငါသိတယ်...

မိန်းမချောလေးတစ်ယောက်ကို မင်းငါ့အနားပို့တာ အကြောင်းရှိတယ်... ။

ငါ့ကို ထောင်ချောက်ဆင်တာပဲ... ။

"အစ်ကို... "

"ဟင်... "

"ကျွန်မ တောင်းပန်ပါတယ်... "

ကျွန်မ...

ထွက်သွားချင်ပါတယ်... ။

အစ်ကို့ကို ဒုက္ခပေးဖို့ ကျွန်မလုံးဝမကြံ့ုးစားချင်ပါဘူး။

"မမအယ်လင်အကြိုက်ကိုလိုက်ပြီး အိမ်ထောင် ရေး အဆင်ပြေအောင်... အစ်ကိုကြိုးစားသင့်ပါတယ်... အစ်ကိုက ယောက်ျားတစ်ယောက်ပဲ... "

သူ...

တွေဝေသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လင်က သူ့ကိုစွပ်စွဲချင်၏။

သူ ရှာဖွေစုဆောင်းထားတဲ့ စည်းစိမ်ဥစ္စာတွေကို သုံးဖြုန်းပစ်ချင်နေသည်။

"အယ်လင်က ပျော်ပါးသုံးဖြုန်းပစ်ချင်နေတာပဲ… အစ်ကို လက်ခံရမလား… "

"အစ်ကို ခံစားချက်တွေကို ကျွန်မနားလည်ပါတယ်…ဒါပေမဲ့ အစ်ကိုဘက်ကနေ… နောက်ဆုံးအနေနဲ့ အလျှော့ပေးညှိနှိုင်းစေချင်ပါတယ်… "

"ကောင်းကင်စကားတွေကိုနားထောင်မယ်…အစ်ကို ညှိနှိုင်းကြည့်မယ်… "

"ကောင်းတယ်အစ်ကို… မမအယ်လင့်ကိုလည်း သဘောပေါက်အောင်ပြောပြပါ… အစ်ကိုစိတ်တွေကို လျှော့ပစ်စေချင်ပါတယ်… အိမ်ထောင်ရေးကို အတတ်နိုင်ဆုံးတည်မြဲအောင် ကြိုးစားစေချင်ပါတယ်… "

"ကောင်းကင်… "

"ရှင်… "

"မင်းဟာ… စိတ်သဘောထားဖြူစင်တဲ့ မိန်းမတစ်ယောက်ပဲ… "

အစ်ကိုရယ်… ကျွန်မကို အထင်မကြီးပါနဲ့… ။

တကယ်တော့…

အစ်ကိုအနားမှာ ကျွန်မရောက်လာတာ ရိုးသားမှုတွေ လုံးဝမရှိပါဘူး။ ဒုက္ခပေးဖို့ပါ… ။



အစ်ကိုရဲ့ စည်းစိမ်ဥစ္စာတွေထားတဲ့နေရာ ထောက်လှမ်းဖို့ပဲ… ။

"အစ်ကို… "

"ဟင်… "

"ကျွန်မကိုလည်း သိပ်အထင်မကြီးပါနဲ့…ဘာပဲဖြစ်ဖြစ် ကျွန်မ တောင်းပန်ချင်တာကတော့ အစ်ကိုအိမ်ထောင်ရေးကို… အဆင်ပြေအောင် ကြိုးစားပါ… "

သူမ… ပြန်ထွက်လာခဲ့မိသည်။

အောက်ထပ်သို့ အရောက်တွင် မမအယ်လင်နှင့် တွေ့၏။

"ကောင်းကင်… "

"ရှင်… မမ… "

"ကိုကိုက… ညည်းကို ဘာတွေပြောလဲ… "

"မမနဲ့အိမ်ထောင်ရေးကို တည်မြဲအောင်ပြန်ကြိုးစားဖို့… ပြောပါတယ်… "

"ဘာ… "

"မမ… "

"ပြော… "

"အစ်ကိုနဲ့ ပြန်ပြီးညှိနှိုင်းပါလား မမရယ်… "

"မဖြစ်နိုင်ဘူး… "

"ဖြစ်နိုင်ပါတယ်… အစ်ကိုဝတ္ထာထင်က ကြိုးစားမယ်လို့ ပြောနေပြီပဲ… "

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက… မမနဲ့အိမ်ထောင်ရေး အဆင်ပြေအောင်ပြန်ပြီး ကြိုးစားမယ်ဟုတ်လား… ကောင်းကင်… "

"အင်း… "

"ဟား… သူနဲ့ မမက စိတ်သဘောထားချင်းမှ မတိုက်ဆိုင်တာပဲ… "

"မမဘက်က… နည်းနည်းပါးပါး ဆင်ခြင်လိုက်ပါလား… "

ကောင်းကင်…

ညည်းက လာပြီး ရိုးသားပြနေတယ်။

မေမေစ် ခေါ်လာမဲ့ မိန်းကလေးဟာ ညည်းလိုရိုးသားမယ်လို့ မထင်မိဘူး။ အယ်လင်က အကြံနှင့်… ။

မေမေစ်ဟာ ဘယ်လိုမိန်းမမျိုးလည်းဆိုတာ အယ်လင်သိပြီးသားဖြစ်သည်။

"အစ်ကိုဟာ… ယောက်ျားကောင်းတစ်ယောက်ပါမမ… "

"မမက… အရှုံးကျနေပြီး ယောက်ျားကိုပြုစုယုယတာတွေဘာတွေ ဘာမှမလုပ်ချင်တာဘဲ ကောင်းကင်… မမက လွတ်လပ်ပျော်ရွှင်စွာပဲ နေချင်တယ်… "

"မမ… "

"ဟင်… "

"အတတ်နိုင်ဆုံး ညှိနှိုင်းလိုက်စေချင်ပါတယ် မမရယ်… "

"ဟင်း… ဟင်း… ဟင်း… "

အယ်လင်ရယ်နေမိသည်။

ဒုက္ခတစ်ယောက်နှင့် ဆက်ပြီး ပေါင်းဖို့ဆိုတာ မဖြစ်နိုင်ပေ။



"မမ စိတ်ညစ်တယ်… မမက အိမ်ထောင်ရှင်မ ဘယ်တော့မှမဖြစ်ချင်ပါဘူး… ကောင်းကင် တကယ်တော့…ညီမလေးနဲ့ကိုကိုပဲ လိုက်ဖက်ညီတာပါ… "

"မမ… "

"မမသွားတော့မယ်… "

"မမ… အဲဒီလိုမဆုံးဖြတ်ပါနဲ့… ကျွန်မတောင်းပန်ပါတယ် အစ်ကို ညှိနှိုင်းကြည့်ပါလား… "

"မမ… စိတ်ရှုပ်တယ်…သွားတော့မယ်နော် ကောင်းကင်… ညီမလေးကို ကျေးဇူးတင်ပါတယ်… ကိုကိုကို ညီမလေးဘဲ ဆက်ပြီးပြုစုနော်… "

မမအယ်လင်က ဘယ်လိုမိန်းမမျိုးလဲ…

ယောက်ျားတစ်ယောက်ကို ဒီလောက်အထိ ဥပေက္ခာမပြုသင့်ဟု ထင်မိသည်။ ကောင်းကင် စိတ်ညစ်သွားမိ၏။

အစ်ကိုကို သနားသွားရသည်။

မလွယ်ဘူး…

အပေါ်ထပ်သို့ ပြန်တက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ကျွန်မအိမ်ထောင်ရေးကို ရှေ့ဆက်ပြီး မသွားနိုင်တော့ဘူး ကိုကို... "

"ကိုကိုဘက်က... အတတ်နိုင်ဆုံး အလျှော့ပေးမယ်လို့ ပြောတာပြီးပြီ... "

"ကိုကိုက... ကောင်းကင် စကားတွေကို အတော်လေး နားထောင်တာပဲ... "

"အယ်လင်... "

"အချစ်မပါတဲ့ အိမ်ထောင်ရေးကို... ရှေ့ဆက်ဖို့ ကိုကိုက... ကြိုးစားမလို့လား... "

"အခုချိန်မှာတော့ အချစ်ဆိုတာကို မပြောကြဘဲ... အိမ်ထောင်ရေးတည်မြဲဖို့... ကြိုးစားကြတာပေါ့ အယ်လင်..."



"ကျွန်မကတော့ ပြောရမယ်... ကိုကို့လို ဒုက္ခိတ... "

"အယ်လင်... မင်း ဆက်မပြောနဲ့တော့... ကိုယ်တောင်းပန်ပါတယ်... မင်းသွားပါတော့... "

"ကျွန်မ... ပြတ်ပြတ်သားသားပြောရမှာပဲကိုကို... ကျွန်မဘဝကိုမနှစ်နိုင်ဘူး... ကောင်းကင် ကျေနပ်အောင် ကျွန်မကို လာညှိနှိုင်းမနေပါနဲ့... "

"ဟုတ်တယ်အယ်လင်... ကောင်းကင်လို မိန်းမမျိုးကို... ငါ နောက်ကျမှတွေ့လိုက်ရတယ်... ငါ့ဘဝ ဒီလောက်အထိ ဒုက္ခမတွေ့နိုင်ဘူး... "

"ရှင်ပြောချင်တာပြော... ကျွန်မကတော့ ရှင်နဲ့တစ်ယောက်တစ်ဝက်စီ စည်းစိမ်တွေခွဲဝေပြီး ကွာရှင်းလိုက်ဖို့ပဲ... "

"မင်း... မင်း... "

"ရှင်... ဒေါသတွေ သိပ်မကြီးပါနဲ့... ကျွန်မနဲ့ကွာရှင်းပြတ်စဲဖို့ပဲ ကြိုးစားပါ... ရှင်နဲ့ကျွန်မလမ်းခွဲလိုက်တာ အကောင်းဆုံးပါပဲ... "

"အယ်လင်... မင်းသဘောပဲနော်... ငါကတော့... မင်းဆန္ဒအတိုင်း ကွာရှင်းပေးဖို့ပဲ... "

"ကျွန်မ ကွာရှင်းချင်တယ်... ရှင့်မှာ ကောင်းကင် ရှိနေပြီပဲဟာ... "

"ကောင်းကင်နဲ့ငါ ဘာမှမဆိုင်ဘူး... ရိုးရိုးမိတ်ဆွေတွေ... သူက ငါ့ကိုလူနာတစ်ယောက်အနေနဲ့ ... ပြုစုပေးတာပဲ... ကောင်းကင်ကဖြူစင်တဲ့ မိန်းကလေး... "

www.burmeseclassic.com

www.burmeseclassic.com



"ရှင်... အမှန်းတင်လှချည်လား... ကောင်မလေး ချောချော လေးဆိုတော့လည်း... "

"မင်း... မင်း တော်တော့... ဆက်မပြောနဲ့တော့... ငါ့ကိုယ် ကျင့်သိက္ခာတွေကို ထောင်ချောက်ဆင်ပြီး မင်းကစော်ကား တာမဟုတ်လား... "

"စကားကို အကုန်မပြောနဲ့ဦးကိုကို...နောက်မှပတ်ဝန်းကျင် မှာ ကျော်မကောင်းကြားမကောင်းဖြစ်နေဦးမယ်... "

"မင်း... ထွက်သွားစမ်း... "

ဒီမိန်းမနှင့် ဘယ်လိုမှညှိနှိုင်း၍ မရမှန်းသိလာသည်။

သူ...

စိတ်ညစ်လာမိသည်။

အယ်လင်က သူ့စိတ်တွေကို အနှောင့်အယှက်ဖြစ် အောင် လုပ်နေခြင်းပင်... ။

ငွေကြေးကို မမက်မောတော့... ။

ကွာရှင်းလိုက်တာ အကောင်းဆုံးပဲ...

"ကျွန်မက ကိုကို့အတွက်... ကောင်မလေးချောချောလေး တစ်ယောက်အစားထိုးပေးထားခဲ့ပါတယ်နော်... ဟင်း... ဟင်း... ဟင်း... "

အယ်လင်ရယ်နေသည်။

ဝတ္ထုထင် ဒေါသတွေကို အတတ်နိုင်ဆုံး ထိန်းချုပ် ထားလိုက်၏။

ဒေါသကြီးလို့ မဖြစ်ဘူး... ။



သူ့စိတ်တွေ ကယောင်ချောက်ချားနှင့် အင်အားမဲ့ နေလို့မဖြစ်သေး... ။

ကောင်းကင်က ပြောသည်။

စိတ်ကို ထိန်းချုပ်ပါတဲ့... ။

အစ်ကို့မှာ အင်အားတွေလိုအပ်နေသေးသည်တဲ့။

"အစ်ကိုဘဝကို မနှစ်ပစ်လိုက်ပါနဲ့... ပြန်ပြီး ထူထောင်နိုင် အောင် ကြိုးစားပါ... "

ကောင်းကင်ပြောတဲ့ စကားတွေကို ပြန်၍ကြား ယောင်လာမိသည်။

"ကျွန်မတို့ ကွာရှင်းပြတ်စဲဖို့ပဲ ဆုံးဖြတ်ပါကိုကို... အကောင်း ဆုံးရွေးချယ်မှုပဲ... ကျွန်မကိုယ်တိုင်က ကိုကို့ဇနီးမယား တစ်ယောက်အဖြစ် မနေချင်တော့တာ... "

အယ်လင်က ပြတ်သားနေသည်။

သူ့စိတ်ထဲမှာ အိမ်ထောင်ရေး ပြိုကွဲမှာကိုတော့ အကြောက်ဆုံးပဲဖြစ်၏။

ဂုဏ်သိက္ခာတွေအတွက်ပါ... ။

အခုလည်း... ဘာထူးလဲ... ။

အယ်လင်ကြောင့် ဂုဏ်သိက္ခာကျဆင်းမှုတွေရော စိတ်ညစ်ညူးရှုပ်ထွေးမှုတွေရော ခံစားနေရသည်။

"ကောင်းပြီ... အယ်လင်... မင်းကိုငါကွာရှင်းပေးမယ်... မင်းလိုချင်တာတွေပြော... "

"ကျွန်မပြောပြီးပြီပဲ... ရှင့် စည်းစိမ်တစ်ဝက်ကို ရရင်တော်

www.burmeseclassic.com

www.burmeseclassic.com



ပြီလေ… ”

“ငါ့ရှေ့နေတွေနဲ့ တိုင်ပင်ပြီး မင်းနဲ့ကွာရှင်းဖို့ စီစဉ်မယ်… မင်းကျေနပ်တယ်မဟုတ်လား အယ်လင်… ”

အယ်လင် တွေဝေသွားသည်။

ဥပဒေကြောင်းအရ ခုကိစ္စတယောက်ျားကို အယ်လင်က စွန့်ပစ်တာ ခံစားခွင့်ရှိနိုင်ပါ့မလားဟု စဉ်းစားနေမိ၏။

ကောင်းကင်နှင့် ကိုကိုက ဘာတစ်ခုမျှငြင်းခုန်းခြင်း ရှိကြတာမဟုတ်… ။

ကိုကိုက ခုကိစ္စတ… ။

“ရှေ့နေတွေ ဘာတွေနဲ့လုပ်စရာမလိုပါဘူးကိုကို… ကျွန်မ ကုတ္တိုင်းမှာရှိတဲ့ မြေနဲ့ကားရယ် ငွေကြေးအသင့်အတင့်ရရင် ကိုကို့ကို ကွာရှင်းပေးမယ်… ”

အယ်လင့်မှာလည်း အကြွေးတွေပတ်ချာဝိုင်းနေ၍ လုပ်ရခြင်းဖြစ်သည်။

ကိုကိုက ငွေကြေးတွေအားလုံးကို ထိန်းချုပ်ထား၍ သူမမှာ အသုံးစွဲရခက်နေ၏။ ဒုက္ခရောက်နေသည်။

ကိုကိုနှင့် အမြန်ဆုံးကွာရှင်းပြတ်စဲမှ ဖြစ်တော့မည်။

“ကောင်းပြီ… အယ်လင်… မင်းတောင်းတာကို ငါပေးမယ် မင်း… ကျေနပ်ပြီမဟုတ်လား… ”

“ကိုကို… ”

“မင်းသွားတော့… ”

“အယ်လင်က ရက်စက်တာမဟုတ်ပါဘူး… ကောင်းကင်



ဟာ ကိုကို့အတွက်ပိုပြီး သင့်တော်လို့လမ်းရှင်းပေးတာပါ… ”

“ဘာ… ”

“နောက်ပိုင်း… ကိုကိုအရမ်း စိတ်ချမ်းသာသွားမှာပါကိုကို မဟုတ်ဘူးလား… ”

“တောက်… ”

သူ… ဒေါသဖြစ်ပြီး ကျန်ခဲ့သည်။

“အိမ်တော်စိုးကြီး… ”

“အိမ်တော်စိုးကြီး… ”

“လာပါပြီ… ”

သူ့အခန်းထဲသို့ အိမ်တော်စိုးကြီးဝင်ရောက်လာရသည်။

“မောင်ဝဏ္ဏထင်… ဘာဖြစ်လို့လဲ…ဒေါ်ဒေါ်ရွှေဘာလုပ်ပေးရမလဲ… ”

ဒေါသတွေနှင့် တုန်တုန်ရီရီဖြစ်နေ၍ အိမ်တော်စိုးကြီးကို ဘာမှမပြောနိုင်သေး… ။

“အိမ်တော်စိုးကြီး… ”

“ပြောပါ… ”

“ကျွန်တော်နဲ့အယ်လင်… ကွာရှင်းပြတ်စဲတော့မယ်… ”

“ဟင်… ”

“ကျွန်တော် ဆုံးဖြတ်ပြီးပြီ… အိမ်တော်စိုးကြီးအားလုံး စီစဉ်ပေးပါ… ”

“မောင်ဝဏ္ဏထင်… ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကို ဘာမှမပြောပါနဲ့တော့... ကျွန်တော် ဆုံးဖြတ်ပြီးပြီ... သူတောင်းဆိုတာတွေပေးပြီး ကွာရှင်းလိုက်တာအကောင်းဆုံးပဲ... "

"မောင်ဝဏ္ဏထင်... စိတ်နိုင်တယ်ဆိုရင်လည်း ဒေါ်ဒေါ်ရွှေ ဘာမှမပြောလိုတော့ပါဘူးကွယ်... "

ဒေါ်ရွှေကလည်း ကွာရှင်းလိုက်တာကို သဘော အကျဆုံးဖြစ်နေသည်။

မောင်ဝဏ္ဏထင်ကို ဒုက္ခပေးနေတဲ့ မိန်းမ... ။

ငွေကြေးဥစ္စာတွေကို မက်မောသည်။

"ဒီမိန်းမကို မင်းရှာဖွေထားတဲ့ ဝစ္စည်းဥစ္စာတွေ... ပေးလိုက်ရမှာ နမြောတယ်ကွယ်... "

"ကျွန်တော် ပေးတော့မယ်... မနမြောတော့ဘူး... ဒီမိန်းမ ကျွန်တော့်အနားမှာမရှိမှ ကျွန်တော့်စိတ်ချမ်းသာမယ်ထင်တယ်... "

"ဒေါ်ဒေါ်ရွှေ... အားလုံးစီစဉ်ပေးပါမယ်... "

"ကျွန်တော် အနားယူတော့မယ်... ကျွန်တော်အနားကို... ဘယ်သူမှ မလာစေနဲ့... "

လောလောဆယ်...

ကောင်းကင်ကိုပင် မတွေ့ချင်ဘဲဖြစ်နေမိသည်။



## အခန်း (၁၇)

"ကောင်းကင်... "

"ရှင်... "

"ညည်းအတွက်... အခွင့်အရေးတစ်ခုပဲ... "

"ရှင်... "

ဒေါ်ကျော့ကျော့စံ သူမကိုလာပြီးတွေ့သည်။

"မောင်ဝဏ္ဏထင်နဲ့ အယ်လင်တို့... ကွာရှင်းတော့မယ်... "

တကယ်တော့...

ကျွန်မ...

စိတ်မကောင်းဖြစ်နေတာပါ... ။

အစ်ကို အိမ်ထောင်ရေးကို မပျက်ပြားစေချင်ပါဘူး။

"မောင်ဝဏ္ဏထင်... ပိုင်ဆိုင်တဲ့စည်းစိမ်ဥစ္စာတွေက... အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ… ရွှေတွေအတုံးလိုက်ရှိသေးတယ်တဲ့ အယ်လင်… ပြောပြတာပဲ… ”

“လောလောဆယ် ကျွန်မကိုတောင်… အတွေ့မခံဘူး… ”

“စိတ်မလျှော့ပါနဲ့… ညည်းခဏလေး သည်းခံလိုက်နော်… မောင်ဝဏ္ဏထင်က ညည်းဘက်… စိတ်တွေတိမ်းညွတ်နေတယ်လို့ အယ်လင်ကပြောတယ်… ”

သူမ…

ငြိမ်သက်နေမိသည်။

ရင်ထဲမှာ…

နာကျင်နေမိသည်။

အစ်ကိုရယ်…

အဲဒီလို အခြေအနေမျိုးတွေကို ကျွန်မရှုံရာမိတာ အမှန်ပါပဲ… ။

ရိုးသားဖြူစင်ချင်တယ်… ။

အစ်ကိုက ဒုက္ခိတ…

ရေနစ်နေတဲ့ လူတစ်ယောက်လို မြက်တစ်ပင်ကလည်း အစ်ကို့အတွက် အားကိုးရာပဲမဟုတ်လား… ။

“ညည်း… လှပ်ရှားနော်ကောင်းကင်… ဝဏ္ဏထင်ကို အတည်ယူဖို့ ညည်းမကြိုးစားရဘူး… ”

“ကျွန်မ… ”

“ညည်း ဒီကိုရောက်လာတာ မကောင်းမှုဒုစရိုက်တွေကို… ကျူးလွန်ဖို့ ကျုပ်တို့နဲ့သဘောတူပြီး လိုက်လာတာပဲ… ”



ကျွန်မကို အကျပ်ကိုင်ဖို့အတွက် ဒေါ်ကျော့ကျော့စံက လာခြိမ်းခြောက်နေသည်။

“ညည်း… အကြွေးတွေ ဆပ်နိုင်တယ်ထားဦး… ကျုပ်တို့ဘက်ကတော့ ကျုပ်တို့အကျိုးအမြတ်မရှိဘဲနဲ့…ညည်းဘက်က လိုက်ပေးမှာမဟုတ်ဘူးနော်… ”

ရှင်ကြီးရဲ့ အကျင့်တွေကို သိပါတယ်…

လူတွေကို ဒုက္ခပေးဖို့အတွက် ရှင်ကြီးလူဖြစ်နေတာမဟုတ်လား… ။

“ညည်း… ယောကျ်ားတစ်ယောက်နဲ့ ညအိပ်ဖူးတယ်… ”

“ဒေါ် ကျော့ကျော့စံ… ”

သူမကြောက်လန့်တကြားနှင့် အော်ဟစ်တားဆီးမိသည်။

မဟုတ်ဘူး။

ကျွန်မဘယ်ယောကျ်ားနဲ့မှ ညမအိပ်ဖူးဘူး… ။

ရှင်ကြီး အကောက်ကြံတာပဲ…

“ကျွန်မကို… ဒေါ်ကျော့ကျော့စံ အကောက်ကြံတာပဲ… ”

“ဘာ… အေ့… ”

ဒေါ်ကျော့ကျော့စံ နှုတ်ခမ်းသားတွေကို တင်းကျပ်စွာဖြင့် ပြုံးလိုက်သည်။

“ညည်း… ဒါမျိုးဘယ်ပြောလို့ရမလဲ… ကျုပ်က သက်သေလုပ်မှာ… ”

ကောင်းကင်…

www.burmeseclassic.com

www.burmeseclassic.com



ညည်း… နပါသေးတယ်။

"ကျော့ကျော့စံနဲ့ယှဉ်ပြိုင်ဖို့… ညည်း မကြိုးစားနဲ့နော်… ညည်းလောက်ကို သနားတယ်… "

"ရှင်… ရှင်… "

"ညည်းလုပ်ရမှာက… ကျုပ်ခိုင်းတဲ့အကြောင်းပဲ… ညည်း လုပ်ဆောင်ပါ… "

ကျွန်မ…

မလုပ်နိုင်ဘူး…

အော်ပစ်ချင်မိသည်။

နှုတ်ခမ်းတွေက ဟစျမရ…

ဒေါ်ကျော့ကျော့စံကို ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ကြောင်း သူမသိနေသည်။

"ကောင်းကင်… "

သူမ မော့ကြည့်လိုက်မိသည်။

"ညည်း သတိထားနော်… ညည်းအတွက် အကောင်းဆုံး အစီအစဉ်ကို ကျုပ်ကလုပ်ပေးတာပဲ… ညည်း နာခံပါ… "

ကျွန်မ နာခံရတော့မယ်…

မတတ်နိုင်ဘူး။

ငြင်းဆန်လို့မှ မရတာ…

ကောင်းကင်ရဲ့ မကောင်းကြောင်းတွေကို ပြောရ တော့မည်။

တကယ့်ကို…



ကြောက်စရာကောင်းတဲ့ မိန်းမကြီးပဲ… ။

"ကိုစောဖေဟာ… ညည်းအတွက်ပဲ ကောင်းကင်… "

"ကျွန်မ… ကိုယ်ရေးကိုယ်တာကိစ္စတွေက ကျွန်မပဲ… ဆုံး ဖြတ်ပါရစေ အန်တီစံ… "

"ဒါကတော့… ညည်း သဘောပဲလေ… ကျုပ်ကတော့… ညည်းနဲ့အသင့်တော်ဆုံးက ကိုစောဖေလို့ပဲထင်တယ်… "

ဖောက်ထွင်းဝိဇ္ဇာကြီး တစ်ယောက်ကို ကျွန်မက လက်ထပ်ရမှာလား…

မဖြစ်နိုင်တာပဲ…

ရှင်ကြီးလက်ထဲက လွတ်မြောက်ချင်ပြီ။

"မောင်ဝဏ္ဏထင်ကို… ညည်းမကောင်းကြောင်းတွေ မပြော ချင်ဘူး… ယောက်ျားတစ်ယောက်နဲ့ ညည်းအခန်းထဲမှာ တွေ့တယ်… အဲဒီမှာသေတယ်… ညည်းက အလောင်းကို ဖျောက်ဖျက်ပစ်လိုက်တယ်… "

"ရှင်… ရှင်… "

"ညည်း… ငြင်းဖို့မကြိုးစားနဲ့နော်… ကျုပ်တို့အတွက် အကာ အကွယ်တွေလုပ်ပြီးသားပဲဟာ… "

ကျွန်မက ရိုးသားသူ…

အသိုင်းအဝိုင်းလည်းမရှိဘူး။

ရှင်ကြီးကို ဘယ်လိုယှဉ်ပြိုင်ရမလဲ… ။

ကြောက်တယ်…

ဒီ မိန်းမကြီးကို ကြောက်တယ်…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သွားမယ်... ညည်း ... အလုပ်က မောင်ဝဏ္ဏထင်ကို အတတ်နိုင်ဆုံး အယုံသွင်းဖို့ပဲကောင်းကင်... "

ဒေါ်ကျော့ကျော့စံ ပြန်၍ထွက်လာခဲ့ပြီး ကိုစောဖေကိုတွေ့သည်။

"ကိုစောဖေ... "

"ပြော... "

"ကောင်းကင်က သိပ်လုပ်ချင်ပုံမရဘူးနော်... မောင်ဝဏ္ဏထင်အပေါ် သံယောဇဉ်ကြီးနေပုံပဲ... "

စောဖေလည်း ရင်ထဲမှာ ကောင်းကင်အတွက် ခံစားနေရသည်။

ကောင်းကင်က ဝဏ္ဏထင်လို ယောကျ်ားတစ်ယောက်ကိုပဲ နှစ်သက်မှာပဲ။

"ကိုစောဖေ... "

"ဟင်... "

"ကောင်းကင်ကို ရှင်သဘောကျ နှစ်သက်တယ်မဟုတ်လား..."

"အင်း... "

"ရှင်... ကြိုးစားပေါ့... "

စောဖေလည်း ပေါက်တဲ့နဖူးမထူးတော့ဘူးဟု ဆုံးဖြတ်လိုက်မိသည်။

ကောင်းကင်ကို နှစ်သက်နေမိ၏။

ရအောင်ယူမယ်...



ကျော့ကျော့စံ အကြံအစည် အောင်မြင်ရင်လည်း ငွေတွေရမယ်... ။

အိုကေပဲ...

အကြံအစည်အောင်မြင်အောင် လုပ်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"ငါ ကြိုးစားမယ်... ကျော့ကျော့စံ... ငါ့မှာ ငွေလိုနေတယ် ကောင်းကင်ကို လက်ထပ်မယ်... "

"ဒီကိစ္စအောင်မြင်ရင် ကောင်းကင်နဲ့အတူနေလို့ရပြီ...ကျွန်မ ကောင်းကင်ကို ပြောပြထားပြီးပြီ... "

"ကောင်းကင်က... ဘာပြောလဲ... "

"ဘာပြောရမလဲ... ကျွန်မစကားတွေကို လွန်ဆန်နိုင်တာ မှမဟုတ်တာပဲ... ရှင့်အတွက်ဖြစ်စေရပ့ါမယ်... "

ကိုစောဖေကို တမင်မက်လုံးပေးလိုက်ခြင်းသာ ဖြစ်သည်။

ကောင်းကင်က ရှင့်ကိုကြိုက်မလား... ။

အို သေတော့မယ်...

ကျော့ကျော့စံကြောင့် ရှင်ဒုက္ခရောက်ရတာ မမှတ်သေးဘူးလား... ။

ကိုစောဖေက အရင်ကလို ရိုးသားတဲ့ကိုစောဖေ မဟုတ်တော့။

ဒုစရိုက်သမားကြီးဖြစ်နေပြီ...

www.burmeseclassic.com

www.burmeseclassic.com



ဖောက်တွင်းဝိဇ္ဇာကြီး…

မပိုင်ရိုတာမရှိ …

သူ့လက်ထဲမှာ မိသွားလျှင် ကိုစောဖေက တာဝန်ယူတတ်သည်။

အခြားသူကို မလွှဲချ… ။

"ရှင်… ကြိုးစားပါ… "

အယ်လင်တို့ အိမ်ထောင်ရေးက ပြိုကွဲတော့မည် ဖြစ်သည်။

မောင်ဝဏ္ဏထင်အတွက်ကောင်းကင်ဟာ အလိုအပ်ဆုံး မိန်းကလေးဖြစ်သွားတော့မည်။

အကွက်ပဲ…

ဒေါ်ကျော့ကျော့စံ သဘောကျကျေနပ်လို့ မဆုံးအောင်ပင်ဖြစ်နေမိသည်။

"ကျွန်မ… သွားတော့မယ်… အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပါ… "

ကျော့ကျော့စံ ပြန်ထွက်သွားသည်။

စောဖေ ကျန်ခဲ့သည်။

အယ်လင်နဲ့ သူ့ခင်ပွန်းက ကွာရှင်းပြတ်စဲကြတော့မည်ဖြစ်သည်။

ကောင်းကင်အတွက် စိတ်ပူသွားမိ၏။

ဝဏ္ဏထင်ဆိုတဲ့ ကောင်က လူလွတ် ဖြစ်သွားသည်။

"အယ်လင်ကတော့… ကောင်းကင် ကိုအစားထိုးပြီး လက်



တော့မယ်… "

စောဖေတွေးပြီး မကျေမနပ်ကြီးဖြစ်သွားရတော့သည်။

ကောင်းကင်ကို စောင့်ကြည့်ရမယ်။

အလစ်ပေးလို့ မဖြစ်ဘူး။

သူတို့အကြံအစည်ကိုလည်း အောင်မြင်အောင် အမြန်ဆုံးကြိုးစားရမည်။

အချိန်တွေဆွဲထားလို့ မဖြစ်တော့ဘူး။

စောဖေ အိမ်ကြီးထဲသို့ ဝင်လာခဲ့မိသည်။

"မောင်စောဖေ… အတော်ပဲကွယ်… ဒေါ်ဒေါ်ရွှေ လည်းအပြင်ကို ခိုင်းချင်လို့… "

"ဘာခိုင်းမလို့လဲ… ဒေါ်ရွှေရွှေ… "

"စာချုပ်အဝယ်ခိုင်းမလို့ပါ… "

"ရှေ့နေတွေနဲ့ စီစဉ်မှာမဟုတ်ဘူးလား… "

"အင်းလေ… ဒေါ်ဒေါ်ရွှေတို့က လိုရမယ်ရဝယ်ထားချင်တာပါ… "

"ဒေါ်ဒေါ်ရွှေ… "

"ပြော… "

"မောင်ဝဏ္ဏထင်တို့က… တကယ် ကွဲကြတော့မှာလား… ဒေါ်ဒေါ်ရွှေ… "

"အင်း… "

"မတားဘူးလား… "

www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး… မောင်ဝဏ္ဏထင်က စိတ်ညစ် မခံတော့ဘူးတဲ့… "

"ကောင်းကင်ပြာကြောင့်များလား… "

"မဟုတ်ပါဘူး… "

"အခုကောင်းကင်ပြာကိုတောင်… အနားအလာမခံဘူး…"

"ဟုတ်လား… "

"သူ ကွာရှင်းပြတ်စဲတာ ကောင်းကင်ပြာနဲ့ မပတ်သက်စေချင်လို့ထင်ပါရဲ့ကွယ်… "

"ကျွန်တော်တောင် … စိတ်မကောင်းဖြစ်ရတယ် အိမ်တော်စိုးကြီးရယ်… "

"မတတ်နိုင်ဘူးလေ… အယ်လင်က မောင်ဝဏ္ဏထင်ကို စိတ်အနှောင့်အယှက်ပေးနေတာ ကြာပြီပဲ… ကောင်းကင်နဲ့တော့ မဆိုင်ပါဘူး… မောင်ဝဏ္ဏထင်ရဲ့ ကိုယ်ကျင့်တရားတွေကို ကျူပ်ယုံတယ်… "

ဒေါ်ရွှေပြောပြီး ထမင်းဟင်းတွေ ချက်ရဦးမည်ဟု အခန်းထဲပြန်ဝင်သွားသည်။

စောဖေအိမ်ကြီးထဲမှာ ကောင်းကင်ကို ရှာနေမိ၏။

ကောင်းကင်ကို ဝဏ္ဏထင်က အနားကပ်မခံဘူးတဲ့။

ဝဏ္ဏထင်က ကိုယ်ကျင့်တရားတွေ ကောင်းလွန်းတဲ့ ယောကျ်ားတစ်ယောက်ပဲ… ။

ကောင်းကင်…

မင်း… ရှောင်နေတာလား…



ငါ့ကိုလာမတွေ့ဘူး။

သူမ အိပ်ခန်းကအပေါ်ထပ်မှာ…

စောဖေတက်သွားပြီး ကောင်းကင်နှင့် တွေ့ချင်စိတ်တွေ ပြင်းပြလာမိသည်။

မဖြစ်သေးဝါဘူး။

ရိုပ်မိလို့ မဖြစ်သေးဘူး။

ကောင်းကင်နှင့် လက်ထပ်ဖို့အတွက် ငွေကြေးဥစ္စာတွေက လိုအပ်နေသေးသည်။

စိတ်တွေကို လျှော့ပစ်လိုက်မိ၏။

ကောင်းကင်ကတော့ အောက်ထပ်ဆင်းမည့်အလုပ်ကိုစောဖေကိုတွေ့လိုက်ရ၍ ပြန်ပြေးဝင်နေမိသည်။

ဒီလူကြီး သူမကိုရှာနေတာပဲဖြစ်နိုင်၏။

မုန်းလိုက်တာ…

ရှင့်အသက်အရွယ်ကြီးနဲ့ ကျွန်မကိုလက်ထပ်မလို့လား… ။

ရွံတယ်။

အစ်ကို…

ကျွန်မကို ဝင်ခွင့်ပေးပါ… ။

တတ်နိုင်ရင် မမအယ်လင်ကို မကွာရှင်းအောင် ကျွန်မပြောချင်တယ်။

"ကောင်းကင်… မောင်ဝဏ္ဏထင်အနားကို မသွားနဲ့ဦးနော် တစ်ယောက်တည်းနေချင်တယ်တဲ့… "

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်စိုးကြီးက ပြောခဲ့သည်။

ကောင်းကင်တစ်ယောက်တည်း ငြိမ်သက်စွာဖြင့် ပြန်ထိုင်နေမိ၏။

ကိုစောဖေကတစ်မျိုး…

ရှင်ကြီးကို ကျွန်မစိတ်ကူးထဲကောင် ထည့်လို့မရပါဘူး… ။

ကိုစောဖေထွက်သွားမှ ကျွန်မအပြင်သို့ ထွက်လာခဲ့မိသည်။

အောက်ထပ်သို့ ဆင်းလာခဲ့၏။

အိမ်တော်စိုးကြီးအနားသို့ ရောက်လာသည်။

"ကောင်းကင်… "

"ကျွန်မပျင်းလို့ အိမ်တော်စိုးကြီးကိုကူညီမလို့… "

"ကောင်းတယ်… ဒီသီးနှံတွေ လှီးပေး… "

"ဟုတ်ကဲ့… "

ကျွန်မ…

ကိုဝဏ္ဏထင်တို့အကြောင်း သိချင်နေသည်။

"အိမ်တော်စိုးကြီး… "

"ပြော… "

"မမအယ်လင်နဲ့အစ်ကိုက… တကယ်ပဲ ကွာရှင်းပြတ်စဲကြတော့မှာလား… "

"ဟုတ်တယ်လေ… ညနေကျရင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးကြမှာ… "



ကျွန်မ စိတ်မကောင်းလိုက်တာဟု ပြောရင်း အိမ်တော်စိုးကြီးတို့က လက်ခံပါ့မလားဟု တွေးမိနေသည်။

အမှန်တကယ်ပါပဲ… ။

ဒုက္ခိတ အစ်ကိုကိုသနားနေမိသည်။

မမအယ်လင်… ရက်စက်တယ်… ။

အကြင်နာတရား ကင်းမဲ့လွန်းပါတယ်။

"ကောင်းကင်… "

"ရှင်… "

"လူတွေက မယောဂပါနေဦးမယ်လို့ ထင်နေကြဦးမယ်… ကောင်းကင်… "

"ရှင်… "

"လွတ်ကင်းအောင် နေစေချင်တဲ့သဘောရှိတယ်… "

"အိမ်တော်စိုးကြီး… "

"ပြော… "

"မမအယ်လင်မရှိတော့ဘူးဆိုရင်… ကျွန်မတို့လည်း ဒီမှာဆက်ပြီး မနေသင့်တော့ဘူးထင်ပါတယ်… "

"မဟုတ်တာဘဲ… မင်းရှိနေပါ… မောင်ဝဏ္ဏထင်ကိုယ်တိုင် မင်းကို လိုလားမှာပါကွယ်… "

ကိုဝဏ္ဏထင် ကိုယ်တိုင်က ကျွန်မကို လက်မခံဘဲ အလုပ်ကနေ ထုတ်ပစ်ချင်နေမိသည်။

"မောင်ဝဏ္ဏထင်က… မင်းအပေါ်… သံယောဇဉ်ရှိနေပါပြီကွယ်… "

www.burmeseclassic.com

အိမ်တော်စိုးကို သူမဆက်ပြီး ရင်မဆိုင်ရဲတော့သဖြင့် အသီးအနှံတွေကို အာရုံစိုက်ပြီး လှီးနေမိသည်။

"ကောင်းကင်ပြာ... "

"ရှင်... "

"မောင်ဝဏ္ဏထင်အနားကနေ... မင်းဘယ်မှ မသွားပါနဲ့..."

ကောင်းကင်ရင်ထဲမှာ အသက်ရှူမွန်းကျပ်သွားသလို ခံစားလိုက်ရသည်။



## အခန်း (၁၈)

ကိုဝဏ္ဏထင်နှင့် မအေယ်လင်တို့ ကွာရှင်းပြတ်စဲလိုက်သည်။

တရားဝင်ကွာရှင်းပြီး မမအေယ်လင် ယူချင်တာတွေ ယူစေ၏။

ကျွန်မ စိတ်မကောင်းလိုက်တာ...

မမအေယ်လင်ကတော့ ပျော်နေသည်။

"ကောင်းကင်... "

"ရှင်... "

"ကိုကို့က ဒီလောက်လေးပေးလိုက်ရတာကို မမအတွက် အရှုံးရသွားပြီလို့မထင်နဲ့... "

"ရှင်... "

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီမှာ အများကြီးကျန်သေးတယ်... မမသိတာပေါ့... ကိုကိုက အရမ်းချစ်းသာတာပဲ... "

"မမ... "

"ဟင်... "

"ဒီလောက်ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို...မမ ဘာလို့ လက်လွှတ်ဆုံးရှုံးခံရတာလဲ... "

"ကောင်းကင်အတွက်... "

"ရှင်... "

"ကိုကို့ကို ... ကောင်းကင်ပဲ... ပျော်ရွှင်ချမ်းမြေ့အောင်... စောင့်ရှောက်ပြုစုပါ... "

"မမ...ကျွန်မနဲ့ကိုကိုက ရိုးရိုးသားသားခင်မင်ကြတာပါ... ကျွန်မကြောင့် မမတို့ပြိုကွဲတာမျိုးတော့... "

"မဟုတ်ပါဘူး... နောက်တာပါကွယ်... မမမှာ အကြောင်းရှိလို့ပါ... ကိုကို့ကိုလည်းထပ်ပြီး မနှောင့်ယှက်ချင်တော့ဘူး မမက အကျင့်မကောင်းဘူးလေ... "

အယ်လင်က ရှုပ်ပွေချင်တဲ့အကျင့်စရိုက်ကို ပြင်လို့မရပေ။

ကိုကို့ကိုထပ်ပြီး ဒုက္ခမပေးချင်လို့ပါ။

"ကွာရှင်းလိုက်တာက ကိုကိုနဲ့မမအတွက်... အကောင်းဆုံးလို့ပဲ ထင်လိုက်တယ်... "

"မမရယ်... "

"ကောင်းကင်... "

"ရှင်... "



"မင်းက... မမထင်တာထက် ရိုးသားတယ်... မမအရှင်းဆုံး ပြောမယ်နော်...ကိုကို့ကိုထောင်ချောက်ဆင်ချင်လို့...မေမေစံ ဆီက လူတွေကိုငှါးတာ... "

"ရှင်... "

"ညီမလေးက ရိုးသားတယ်... ကောင်းပါတယ်... ကိုကို့ အတွက် ညီမလေးရှိတာ... မမစိတ်ချပြီ... "

မမ...

ကျွန်မကို အထင်မကြီးပါနဲ့။

ရိုးသားတဲ့မိန်းမတစ်ယောက်မဟုတ်... ။

အစ်ကိုကို့ ဒုက္ခပေးဖို့ပါ... ။

"မမ သွားတော့မယ်... "

မမအယ်လင် ထွက်သွားသည်။

အစ်ကိုနှင့် တွေ့ခွင့်မရသေးပေ... ။

"ကောင်းကင်... "

"အိမ်တော်စိုးကြီး ... "

"မောင်ဝဏ္ဏထင်ကို... အားပေးဖို့သွားပါ... "

"ကျွန်မကို လက်ခံပါ့မလား... ဒေါ်ဒေါ်ရွှေ... "

"သွားလိုက်ပါ... "

သူမ...

အစ်ကိုနှင့် ရင်မဆိုင်ချင်ပေ။

ရှင့်ကိုထပ်ပြီး ဒုက္ခပေးမဲ့ မိန်းမတစ်ယောက်ရောက် လာတာပါပဲ။

"မင်းလည်း သည်းခံပါ... မောင်ဝဏ္ဏထင်ကို အပိုင်ယူပါ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်… "

"သွားလေ… "

အိမ်တော်စိုးကြီးက ဖွတ်အတင်းပင် သွားနိုင်းနေတော့သည်။

သူမ ဝင်ခဲ့မိ၏။

"အစ်ကို… "

အစ်ကို ငြိမ်သက်နေသည်။

"စိတ်ညစ်နေလား… "

သူမအား မောင်းထုတ်မလားဟု ထင်မှတ်နေမိတာပါ… ။

"လမ်းလျှောက်ရအောင်နော်… "

"ငါ… ဒီနေ့ နားချင်တယ်… "

"အစ်ကို… အနားယူတာ များနေပြီပဲ… လမ်းတော့ နည်းနည်းလျှောက်လိုက်ပါ အစ်ကိုရယ်နော်… "

"ကောင်းကင်… "

"ရှင်… "

"မင်း… ငါ့အနားမှာနေတာ ကောင်းသောနေခြင်းမျိုးလား ကောင်းကင်… "

"အစ်ကိုရယ်… ဒါတွေ ဆက်မတွေးနေပဲ… ကျွန်မတာဝန်ကို ကျေပြွန်အောင်ပဲ ထမ်းဆောင်ပါရစေနော်… "

"ငါသိချင်တယ်… မင်းဖြေပါ… မင်းဟာ အယ်လင်နဲ့ပတ်သက်နေတဲ့မိန်းမတစ်ယောက်… ငါ့အနားမှာ ရှိနေတဲ့ မိန်းမတွေဟာ ငါ့အပေါ်မရိုးသားမှာ ငါအရမ်းကြောက်နေပြီ… "



ကျွန်မ…

ထွက်ပြေးသွားချင်မိသည်။

အစ်ကို့ကို ဘယ်လိုဖြေရမလဲ…

"ကောင်းကင်… ညည်းအမြန်ဆုံး ကြိုးစားပါ… မောင်ဝဏ္ဏထင်ရဲ့ ယုံကြည်မှုတွေကိုအမြန်ဆုံးရယူပါ…သူတော်ကောင်းယောင်ဆောင်မနေနဲ့နော်…ကျော့ကျော့စံအကြောင်း ကောင်းကောင်းသိသွားရမယ်… "

ဒေါ်ကျော့ကျော့စံရဲ့ စကားတွေကိုကြားယောင်လာမိသည်။

"ကောင်းကင်… "

"ရှင်… "

"ဖြေလေ… "

"အစ်ကိုက ကျွန်မကိုအထင်သေးနေမှတော့… ကျွန်မဘာမှ မဖြေချင်တော့ဘူး… "

သူမ…

ထလိုက်သည်။

ဖြစ်ရာဖြစ် ဒီကနေထွက်သွားဖို့ သူမဆုံးဖြတ်လိုက်၏။

"ကောင်းကင်… "

သူ…

ခေါ်လိုက်သည်။

ကောင်းကင်ဆိုတဲ့ မိန်းကလေးကို သူ သံယောဇဉ်တွယ်နေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ လေးလံနေသည်။

ဒုက္ခတတစ်ယောက်ဖြစ်၍ မိန်းမက စွန့်ပစ်သွားကြောင်း ပတ်ဝန်းကျင်ကအပြစ်တင်ဝေဖန်ကဲ့ရဲ့ကြမှာလား… ။

"မင်း… မသွားပါနဲ့…"

"ကျွန်မကို…အစ်ကိုမယုံဘူးမဟုတ်လား…"

"ကောင်းကင်…"

"ရှင်…"

"အစ်ကို့အနားမှာ မင်းမရှိလို့မဖြစ်ဘူး… အစ်ကို့ကိုစိတ်ဓါတ်တွေ ကြံ့ခိုင်လာအောင် မင်းလှေကျင့်ပေးစမ်းပါ…"

အစ်ကိုရယ်…

ကျွန်မ အစ်ကို့ကို သံယောဇဉ်တွယ်မိသွားရသည်။

မမအယ်လင်ကတော့ နောက်သလို ပြောင်သလိုနှင့် ကိုကို့ကို ကွာရှင်းတာ ကောင်းကင်အတွက်တဲ့… ။

စိတ်တွေ လှုပ်ရှားနေမိသည်။

"ကောင်းကင်ကို… အစ်ကိုယုံကြည်ပါတယ်…"

သူမ…

ထိုင်လိုက်သည်။

ရင်ထဲမှာ…

မွန်းကျပ်လာရသည်။

ကျွန်မကို မယုံပါနဲ့…

"အစ်ကို… လမ်းလျှောက်လေ…"

"ဟင်…"

"ရှုပ်ပါတယ်ကွာ… ဒီနေ့ကစပြီး ကောင်းကင်ရဲ့စကားတွေကို အစ်ကိုနားထောင်မယ်… အစ်ကိုဘဝ တိုးတက် ကောင်းမွန်လာအောင် ကြိုးစားမယ်…"



"ကောင်းတယ်… အစ်ကို… အရမ်းကောင်းတယ်… အစ်ကို့မှာ အင်အားတွေရှိလာတာ ကျွန်မအရမ်းဝမ်းသာတာပဲ…"

ကျွန်မရင်ထဲမှာ လှိုက်လှိုက်လှဲလှဲဝမ်းသာမိသွားသည်။

အစ်ကို့ကို ကျန်းမာစေချင်၏။

ဘာပဲဖြစ်ဖြစ်…

ဒုက္ခိတဘဝက လွတ်မြောက်စေချင်မိနေသည်။

"လမ်းလျှောက်မယ်နော် အစ်ကို…"

"အင်း…"

သူမ…

လမ်းလျှောက်ဖို့အတွက် ခြံထဲသို့ ခေါ်ဆောင်လာခဲ့သည်။

ခြံထဲရောက်လာ၏။

"အစ်ကို…"

"ဟင်…"

"စိတ်ကိုလျှော့ချမပစ်လိုက်နဲ့နော်… ဆရာဝန်ကြီးကပြောတယ်… အစ်ကို့ရောဂါက လေ့ကျင့်ခန်းမှန်မှန်လုပ်ရမှာတဲ့ စိတ်ဓါတ်ကို ကြံ့ခိုင်အောင်လုပ်ရမှာတဲ့…"

"အစ်ကို… ပြောပြီးပြီပဲ… ကောင်းကင်ရဲ့စကားတွေကို နားထောင်တော့မယ်ဆိုတာလေ…"

အစ်ကိုရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေသလိုပင်...

လမ်းကို အရင်ကထက် ကြာမြင့်စွာ လျှောက်နေသည်။

သူမ စိတ်ညစ်ရတာ ကိုစောဖေပဲ... ။

အကြည့်တွေက စူးရှနေသည်။

မလိုတမာတဲ့ အကြည့်တွေ...

ကျွန်မ စိတ်တွေက ရိုးသားချင်ပေမဲ့ အခြေအနေက မလွယ်ပေ။

ကောက်ကျစ်ယုတ်မာဖို့ အကျပ်ကိုင်တိုက်တွန်းခြင်း ခံနေရတယ်... ။

"ကောင်းကင်... "

"ရှင်... "

"ဒီနေ့ အစ်ကိုနဲ့ကောင်းကင်... ဈေးဝယ်ထွက်မယ်... "

"ရှင်... "

"ဘာရှင်လဲ... ဆိုင်တွေရောက်တော့ အစ်ကိုကားပေါ်မှာပဲနေမယ်... ကောင်းကင်က ဈေးဝယ်လေ... "

"ကျွန်မ ဈေးမဝယ်ချင်ပါဘူး... အစ်ကို ကားလျှောက်စီးချင်တယ်ဆိုရင်လည်း စီးမယ်လေ... ဘယ်သွားချင်လဲ... "

"အစ်ကိုက ကောင်းကင်ကို... အသုံးအဆောင်ပစ္စည်းတွေဝယ်စေချင်တာ... "

သူ...

ကောင်းကင်ဆိုတဲ့ ကောင်မလေးကို သံယောဇဉ်တွယ်မိနေသည်။



ညှိုးညှိုးနွမ်းနွမ်းလေး ဖြစ်နေတာကို မကြည့်ရက်တော့ပေ။

"မင်း... ဈေးဝယ်ပါ... "

"ဟင့်အင်း... ကျွန်မအတွက် ဘာမှမလိုအပ်ပါဘူး... မမအယ်လင်ပေးထားတဲ့ အဝတ်အစားတွေက အကောင်းစားတွေပဲဟာ... "

"ကောင်းကင်... မင်း ဘာလို့... ဒီလောက်အထိ ရိုးသားနေရတာလဲ... ကိုကို့ဘဝမှာ မင်းလိုရိုးသားတဲ့ မိန်းကလေးတစ်ယောက် လိုအပ်တယ်... အစ်ကို့အနားကနေ မင်းဘယ်မှမသွားပါနဲ့နော်... "

ကောင်းကင်ရဲ့ မျက်ဝန်းလေးတွေကို သူအနှစ်သက်ဆုံးပင်... ။

ဖြူစင်နေသည်။

အကြင်နာတွေ ပြည့်နေ၏။

အယ်လင့်ကြောင့် သူ့စိတ်တွေ လှုပ်ရှားနေတဲ့အချိန်တွင် ကောင်းကင်က ငြိမ်သက်အောင် ဖန်တီးနိုင်စွမ်းရှိနေသည်။

အစ်ကို့ ရင်တွေ အေးချမ်းနေတယ်။

အင်အားတွေ ပြည့်နေတယ်... ။

ကောင်းကင်ကြောင့်ပါ...

"ကောင်းကင်... "

"ရှင်... "

"ကိုယ့် အပြင်ထွက်မယ်... ကားလျှောက်စီးမယ်... အစ်ကို့စိတ်တွေလန်းဆန်းတက်ကြွလာအောင်လုပ်မယ်...ဒရိုက်ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသွားပြောလိုက်... ”

ကိုစောဖေအနားသွားဖို့ ကောင်းကင်တွန့်ဆုတ်နေမိသည်။

ဒီလူကြီးကို မုန်းတယ်... ။

အစ်ကိုက မသိဘူး။

ကျွန်မစိတ်တွေကို အရမ်းတုန်လှုပ်ချောက်ချားစေတာပဲ။

“အစ်ကိုတို့... အပေါ်ပြန်တက်ပြီး အဝတ်အစားတွေလဲမယ်... ဒရိုင်ဘာကို အသင့်ပြင်ထားလို့ ပြောရမယ် ကောင်းကင်... သွားပြောလိုက်လေ... အစ်ကိုလမ်းလျှောက်လေ့ကျင့်လိုက်ဦးမယ်... ”

ဒရိုင်ဘာ ကိုစောဖေအနားသို့ သူမထွက်လာခဲ့မိသည်။

“အစ်ကိုက အပြင်ထွက်မယ်တဲ့... ကိုစောဖေ...ကားအဆင်သင့်ပြင်ထားပါနော်... ”

“ကောင်းကင်... ”

“ရှင်... ”

“မင်း... ဒီလူနဲ့ခင်ခွာခွာနေပါ... ”

“ကျွန်မတာဝန်က ကိုဝဏ္ဏထင်နဲ့ ပူးကပ်ဖို့မဟုတ်ဘူးလား”

“လိုတာထက် ပိုနေပြီ... ”

“ကျွန်မကို ယုံကြည်မှုရယူနေတာပဲကိုစောဖေ... ရှင်လိုက်ပြီး သဝန်ကြောင်နေစရာမလိုဘူးထင်တယ်... ”

“ကောင်းကင်... ”



“ရှင်... ကားအဆင်သင့်ပြင်ထားပါ... ”

“နေဦး... ”

“ကျွန်မကို... အစ်ကိုကတစ်မျိုးထင်သွားမယ်... ”

“မင်းကို... ငါပြောထားပြီးပြီနော်... ငါလက်ထပ်မဲ့မိန်းမက မင်းပဲ... ”

“ကျွန်မ သွားတော့မယ်... ”

ရှင့်ဟာရှင် သတ်မှတ်ချင်သတ်မှတ်မသတ်မှတ်ချင်နေ...

ကျွန်မ စိတ်ကူးထဲတောင်မထည့်ဘူး။

ထွက်လာခဲ့သည်။

“ကောင်းကင်... မင်းသတိကြပ်ကြပ်ထားနော်... မင်းကိုယ်မင်း အဟုတ်ကြီးထင်မနေနဲ့... ”

ကိုစောဖေကို ကျောခိုင်းပြီး သူမထွက်လာခဲ့မိတော့သည်။

“အစ်ကိုအထဲဝင်တော့မယ်... ”

အစ်ကိုက တက်ကြွနေသည်။

ကောင်းကင်သိပါတယ်... ။

အစ်ကိုစိတ်တွေကို တက်ကြွအောင် အစ်ကိုကြိုးစားနေတာမဟုတ်လား။

အိမ်ထဲ ပြန်ဝင်လာသည်။

“ကောင်းကင်... ”

“ရှင်... ”

“မင်း...အဝတ်အစားလဲထားနော်...အလှအပဆုံးပြင်ထား...”

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို… "

"ဟင်… "

"အစ်ကိုက… ကာရှင်းပြတ်စဲထားတာ… "

"ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်စမ်းပါနဲ့… ကောင်းကင်အလှဆုံးပြင်ထားတာ အစ်ကိုမြင်ချင်တယ်… "

ကျွန်မအလှအပတွေမြင်ပြီး တတွဲတွဲမလုပ်ရဲပေ…။

ကိုစောဖေကို ကြောက်ရသည်။

"သွားလေ… ကောင်းကင်ပြင်တော့… အစ်ကိုလည်းအဝတ်အစားလဲပြီး စောင့်နေပြီ… "

"အစ်ကို့အဝတ်အစားတွေ… ကျွန်မထုတ်ပေးမယ်နော်… အဆင်နုနုလေးတွေဝတ်ရမယ်… "

အစ်ကို့အတွက် အဝတ်အစားတွေကို ထုတ်ပေးနေမိသည်။

ကောင်းကင်ကတော့ အစ်ကို့ဘဝကိုအင်အားတွေပြန်လည်ပြည့်ဝစေချင်မိ၏။

ဒုက္ခိတဘဝမှ လွတ်မြောက်စေချင်မိသည်။

စိတ်ဓါတ်တွေကျမသွားစေချင်ပေ။

"ကျွန်မ… အလှဆုံး ပြင်လာခဲ့မယ်နော်… အစ်ကို… "

အစ်ကို့အနားမှ ပြေးထွက်လာခဲ့မိသည်။



## အခန်း (၁၉)

ကောင်းကင်က အလှဆုံးပြင်ခဲ့မိသည်။

အစ်ကို့ကို ပျော်ရွှင်စေချင်လို့ပါ… ။

စိတ်ဓါတ်တွေကျနေတဲ့ အစ်ကိုကိုပြန်ပြီး အင်အားတွေဖြည့်စေချင်မိသည်။

ဒုက္ခိတဘဝက လွတ်မြောက်စေချင်လို့ပါ။

ကိုစောဖေ အကြည့်တွေကို အမြင်ကတ်စရာကောင်းလောက်အောင်ရင်ဆိုင်နေရသည်။

စိတ်အညစ်ရဆုံးပဲ။

ထကယ့်ကို…

မလွတ်လပ်တဲ့ဘဝ… ။

ရှင်ကြီးက ကျွန်မကိုပိုင်ဆိုင်ဖို့ ကြိုးစားနေတာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်တွေ ဝင်သည်။

"ကောင်းကင်… လိုချင်တာတွေသွားဝယ်… ကိုစောဖေ … နောက်ကလိုက်သွားပါ… "

ကိုစောဖေက အကြိုက်ပဲပေါ့။

ကျွန်မက ငြင်းဆန်သည်။

"ကောင်းကင်အတွက် ဘာမှမလိုပါဘူးအစ်ကိုရယ်… မဝယ်ပါရစေနဲ့… "

"ဝယ်ပါကောင်းကင်… အစ်ကို စိတ်ချမ်းသာအောင် ဝယ်ပါနော်… အစ်ကို ကားပေါ်ကစောင့်နေမယ်… ကိုစောဖေ နောက်က လိုက်သွားပေးပါ… "

"ဟုတ်သားပဲ ကောင်းကင်… ဆရာ့ဆန္ဒကို လိုက်လျော ပေးလိုက်ပါ… လာ… သွားကြမယ်… "

ကိုစောဖေက သူ့မနှင့်လွှဲလပ်စွာ သွားလာလှုပ်ရှားချင်သူဖြစ်သည်။

အတော်ပဲဖြစ်သွား၏။

မြူးကြွသွက်လက်နေသည်။

"ကောင်းကင်… "

"ဟင်… "

"ဝဏ္ဏထင်က မင်းအပေါ်… အတော်လေး လိုက်လျောလာပြီနော်… "

"လောလောဆယ်တော့… "

"ကောင်းကင်… "



"ရှင်… "

"မင်းကို ငါချစ်တယ်… "

"ရှင်… ရှင်… "

"မင်း စဉ်းစားထားပါ… ပြီးတော့ ကိုဝဏ္ဏထင်အနားမှာ… မင်းကို ကြာကြာထားလို့မဖြစ်ဘူး… "

"ကျွန်မတို့က ရိုးရိုးသားသားခင်မင်ကြတာပါ… "

"မင်းအပေါ်… ဝဏ္ဏထင်က အတော်လေးစိတ်ဝင်စားနေပြီပဲ… "

"ကျွန်မ… တာဝန်ကို အေးအေးဆေးဆေးထမ်းဆောင်ပါရစေ… "

"မင်း… အကြောင်းမပြန်နဲ့နော်… "

သူမ…

ငြိမ်သက်နေမိသည်။

ပစ္စည်းဝယ်ရတာပင် စိတ်မဝင်စားတော့ပဲ စိတ်ညစ်နေရ၏။

ကိုစောဖေက အနားမှာကပ်နေသည်။

တွဲလျှောက်နေ၏။

"ကိုယ့်ကို… အမှတ်တရပစ္စည်းလေးတစ်ခုလောက်… ဝယ်ပေးပါလား… "

"ကျွန်မပိုင်တဲ့ ပိုက်ဆံမှမဟုတ်တာပဲ… "

"ဘာပဲဖြစ်ဖြစ်…မင်းအမှတ်တရဝယ်ပေးရင်ဖြစ်တာပဲဟာ…"

"ကျွန်မ… သူများပိုက်ဆံကို အလွဲသုံးစားမလုပ်ချင်ပါဘူး…"

www.burmeseclassic.com

www.burmeseclassic.com



"မင်း... သိပ်ကြီးကျယ်ချင်နေပါလား... ကောင်းကင်..."

"ကျွန်မကို အလုပ်သဘောအရပဲ... ဆက်ဆံပါ... "

"မင်းကို...ငါချစ်တယ်...လက်ထပ်မယ်...မင်းအဲဒါကိုမေ့မပစ်နဲ့... မင်းကြောင့် ကျော့ကျော့စံလို မိန်းမရဲ့အလုပ်ကို ငါလက်ခံတာ... "

"အဲဒါ... ရှင့်ကိစ္စပဲ... "

"မင်း...ငါ့အချစ်ကိုလက်မခံရင် အလုပ်ကိုဆက်မလုပ်တော့ဘူး..."

"ဘာရှင့်... "

"ငါ... ထွက်သွားတော့မယ်... မင်းအကြောင်းတွေကို ငါဖုန်းဆက်ပြီးပြောမယ်... "

စောဖေကတော့ မစားရတဲ့အမဲ သဲနဲ့ပစ်ဖို့ပဲ ကြံစည်နေမိသည်။

ကောင်းကင်...

မင်းကို ဘယ်သူ့လက်ထဲမှ အရောက်မခံနိုင်ပါဘူး။

မထူးတော့ဘူး... စောဖေ

မင်းဘဝမှာ ဘယ်တော့မှအကောင်းဖြစ်လာတော့မှာမဟုတ်ဘူး။

ဆိုးပစ်မယ်... ။

ကောင်းကင်ဆိုတဲ့ကောင်မလေးကို အရမ်းချစ်နေမိပြီ။

ရအောင်ယူပြမယ်...

ဒီတစ်ခါတော့...



ချစ်သူကို လုံးဝလက်လွှတ်မခံနိုင်တော့အောင် ဖြစ်ရသည်။

"ကောင်းကင်... "

သူမလက်တွေကို ဆုပ်ကိုင်သဖြင့် ဆတ်ခနဲ ရုန်းပစ်လိုက်သည်။

"ရှင်... အဲဒီလိုမလုပ်ပါနဲ့... "

"မင်း... ငါ့အချစ်ကို လက်ခံပါ... "

ငြင်းဆန်လျှင် ကျွန်မအကြောင်းတွေကို ဖွင့်ပြောမှာ ကြောက်နေမိသည်။

အစ်ကိုက ခုမှစိတ်ဓါတ်တွေ တက်ကြွရွှင်လန်းလာရတာပါ။

စိတ်သောကရောက်စရာတွေ မကြုံတွေ့စေချင်သေးပေ။

ဒုက္ခတဘဝမှ လွတ်မြောက်စေချင်မိသည်။

အင်အားတွေ ပြည့်စေချင်၏။

"ကိုစောဖေ... "

"ပြော... "

"ကျွန်မ... စဉ်းစားမယ်... "

"မင်း... တကယ်လား..."

"အင်း...လောလောဆယ်တော့ ဘာမှဖွင့်မပြောပါနဲ့...ကျွန်မအစ်ကိုဆီက ဘာသတင်းမှမရသေးဘူး... အစ်ကိုဆီက ယုံကြည်မှုတွေ ရင်းနှီးမှုတွေ ရယူဦးမယ်... "

www.burmeseclassic.com

www.burmeseclassic.com



"မင်း... ဆင်ခြေပေးတာလား... ကောင်းကင်... "

"ကျွန်မကို ပေးထားတဲ့တာဝန်ပဲလေ...အလုပ်တွေမအောင်ပဲ ကျွန်မကိုရှင်ခေါ်သွားမလား... ဒေါ်ကျော့ကျော့စံရဲ့ အကြွေးတွေကို ရှင်ဆပ်ပေးမလား... "

စောဖေမှာ ငွေမရှိဘူး။

လောလောဆယ်တော့ စောဖေဘာမှမလုပ်နိုင်သေးပဲဖြစ်နေသည်။

"ကျွန်မတို့ အလုပ်ကိုပဲ... အာရုံစိုက်သင့်တယ်... ရှင် စဉ်းစားကြည့်လေ... ဒီလောက်ထောမဲ့အလုပ် ဘယ်မှာရှာမလဲ... "

ကိုစောဖေက လောဘသမား...

မက်လုံးပေးလိုက်သည်။

ကြာလာတော့လည်း...

ကောင်းကင် အထာသိလာရသည်။

ခပ်အအ မဟုတ်တော့... ။

"ကျွန်မအကြောင်းတွေ... သိသွားရင် အစ်ကိုကမုန်းမှာပါ ကျွန်မကို ချစ်မှာမဟုတ်တာဘဲ... "

စောဖေ ငြိမ်သွားရသည်။

ကျော့ကျော့စံကပြောတော့ ဒီခွင်က အရမ်းထောမဲ့ခွင်တဲ့... ။

စိတ်လောလို့ မဖြစ်ဘူး။

"ကျွန်မကို ယုံကြည်ဖို့တောင် အတော်လေးကြိုးစားနေရတာ... ရှင်နှောင့်ယှက်နေရင်... ဘယ်လိုလုပ်ကြမလဲ... "



"ကောင်းပြီလေ... မင်း ကြိုးစားပါ... အမြန်ဆုံး အောင်မြင်ဖို့လိုတယ်... မင်း ကွက်ကျော်ရိုက်မယ်ဆိုရင်တော့ စောဖေနော်... "

ရှင်ရော...

ဒေါ်ကျော့ကျော့စံရော အရမ်းကြောက်စရာကောင်းတဲ့ လူတွေပါ။

ကောင်းကင် ရုန်းမထွက်နိုင်တော့... ။

အစ်ကိုက သူမကိုမုန်းမှာပါ။

မိန်းမတွေအပေါ် အထင်မကြီးတဲ့ အစ်ကိုအတွက် ကျွန်မရဲ့မုန်းစရာအကောင်းဆုံး မိန်းမတစ်ယောက်ဖြစ်သွားမှာပါပဲ။

ဒါပေမဲ့...

အစ်ကို့ကို ရောဂါဝေဒနာရှင်ကြီးတစ်ယောက်ဘဝကနေ လွတ်မြောက်စေချင်တယ်။

အင်အားတွေ ရှိနေစေချင်တယ်... ။

ဈေးဝယ်တာကိုရပ်ပြီး ကားဆီသို့ပြန်လာခဲ့ကြသည်။

အစ်ကိုက ကျေနပ်စွာ ပီတိအပြုံးတွေနှင့် ဆီးကြိုနေ၏။

"ကောင်းကင်... လိုအပ်တာတွေ ဝယ်ရဲ့လား... "

"အင်း... "

"နည်းနည်းလေးပါလား... "

"ကောင်းကင်... ဒီလောက်ပဲ လိုအပ်လို့ပါအစ်ကို... "

ပြန်ချင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုစောဖေ မောင်းတဲ့ကားကိုစီးရတာ စိတ်မလုံမလဲ ဖြစ်ရသည်။

မျက်လုံးအကြည့်တွေက မသကာတဲ့ မျက်လုံးအကြည့် တွေဖြစ်၏။

စိတ်ပျက်လိုက်တာ…

အစ်ကိုနှင့်ကျွန်မကို အကဲခတ်သလိုပဲ ကြည့်ကြည့် နေသည်။

"အိမ်ပြန်မယ်နော်… အစ်ကို… "

"ကောင်းကင်က… ပြန်ချင်ပြီလား… "

"အစ်ကို့ကို အနားယူစေချင်လို့ပါ… "

"အစ်ကို မမောပါဘူး… စိတ်ထဲမှာ ကြည်လင်နေတယ်… ကောင်းကင်… "

အပြင်ကိုမထွက်တာကြာပြီ။

ဆေးခန်းတောင်မသွားတာ…

သူ့စိတ်တွေ ကောင်းကင် ရောက်လာမှပွင့်လန်းတက်ကြွနေသည်။

အင်အားတွေ ပြည့်နေ၏။

"ကောင်းကင်လို… ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အစ်ကိုစောစောစီးစီးဆုံသင့်တယ်… "

ကိုစောဖေမျက်နှာကြီးက သုန်မှုန်နေတာ တွေ့ရသည်။

အိမ်ပြန်ရောက်ချင်နေပြီ။



အစ်ကိုက ရိုးသားတယ်ပြောလေ ကျွန်မစိတ်တွေ ထိတ်လန့်တုန်လှုပ်လေပဲ ဖြစ်နေမိသည်။

အိမ်ရောက်မှ ကျွန်မစိတ်အေးသွားရ၏။

"ကျေးဇူးပဲနော်ကိုစောဖေ… ခင်ဗျားအတွက်ဘောက်ဆူး…"

ကျွန်မ…

အိမ်ထဲပဲ အမြန်ဆုံးပြန်ဝင်လာခဲ့မိသည်။

ကိုစောဖေရှေ့မှာနေရတာ တကယ့်ကို စိတ်ချောက်ချားတုန်လှုပ်နေမိ၏။

"ကောင်းကင်… "

"ရှင်… "

"ပျော်ရဲ့လား… "

"ကျွန်မက… အစ်ကို့ကို မေးရမှာပါ… "

"အစ်ကို… အရမ်းပျော်တယ်… အယ်လင့်အရိပ်ကနေ လွတ်မြောက်သွားတာ စိတ်ချမ်းသာအေးချမ်းရတယ်… အစ်ကို့ အိမ်ထောင်သက်တစ်လျှောက်လုံး မကျေမနပ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေခဲ့ရတာပဲ… "

"အားလုံးကိုမေ့လိုက်ပါတော့နော်… စိတ်သစ်လူသစ်နဲ့ဘဝသစ်ကိုပြန်စပါ… "

"အစ်ကို… လူကောင်းပကတိပြန်ဖြစ်ချင်တယ်… "

"ကြိုးစားလေ… ဆရာဝန်ကြီးကိုယ်တိုင်က စိတ်ဓါတ်က **အရေးကြီးဆုံးလို့ပြောခဲ့တာပဲ**… လမ်းမြန်မြန်လျှောက်နိုင်အောင် အစ်ကို ကြိုးစားနော်… "

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင်... အစ်ကို့အနားမှာ နေပေးပါနော်... "

"အစ်ကို နေစေချင်သရွေ့... ကျွန်မနေမှာပါ... "

"အစ်ကိုက... ကောင်းကင်ကို အစ်ကို့အနားမှာ ထာဝရနေစေချင်တာပါ... "

ထာဝရတဲ့...

အစ်ကို့အကြည့်တွေကို ကျွန်မရှောင်လွှဲဖို့ စဉ်းစားနေမိသည်။

မဖြစ်နိုင်တာပဲ... ။

ကျွန်မကို မုန်းသွားမှာပါ။

အစ်ကို့ အနားကို ကျွန်မကောင်းသောရောက်လာခြင်းမျိုးနဲ့ ရောက်လာတာမှမဟုတ်တာပဲ အစ်ကိုရယ်...

ဖောက်ထွင်းဝိဇ္ဇာတွေနဲ့ပေါင်းပြီး အစ်ကို့ကိုဒုက္ခပေးဖို့ ရောက်လာတာပဲ။

"ကျွန်မသွားတော့မယ်... အစ်ကိုအနားယူတော့နော်... "

"ကောင်းကင်... "

"ရှင်... "

အစ်ကိုက တစ်စုံတစ်ခုပြောမည်ပြင်ပြီးမှ မပြောတော့ပေ။

"ကောင်းကင်လည်း... အနားယူတော့လေ... "

"ဟုတ်ကဲ့... "

အစ်ကို့ကို အိပ်ရာပေါ်လှဲပေးလိုက်ပြီး ပြန်ထွက်လာခဲ့မိသည်။



အပြင်မှာ ဒေါ်ရွှေနှင့်ဆုံမိ၏။

"မောင်ဝဏ္ဏထင်ကို စိတ်ဓါတ်တွေမြှင့်တင်ပေးတာ အရမ်းကျေးဇူးတင်တာပဲ ကောင်းကင်ရယ်... ဒုက္ခိတဘဝနဲ့ပဲ ... တစ်သက်လုံးနေတော့မယ်ထင်တာ... "

အိမ်တော်စိုးကြီးက ဝမ်းသာအားရဖြစ်နေသည်။

"ပြောမဲ့သာ ပြောတာ... မမကောင်းကင်နဲ့အစ်ကိုလေးတို့က လိုက်ဖက်တယ်... "

"ဟင်... "

မငွေက ရယ်မောပြီး စနောက်သလိုပြောလိုက်သည်။

ကျွန်မ...

တုန်လှုပ်နေမိသည်။

ကျွန်မကို အထင်မကြီးကြပါနဲ့...

မနှစ်သက်ကြပါနဲ့။

ကိုဝဏ္ဏထင်ကို ဒုက္ခပေးဖို့ ဟန်ဆောင်ချဉ်းကပ်နေကြတာပါ။

ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်လုံး ခြံထဲမှာဒရိုင်ဘာအဖြစ်ရောက်နေတာ...

"မောင်ဝဏ္ဏထင်တောင်... အတော်လေးလမ်းလျှောက်တဲ့အကျင့်ရလာပြီ... ဒေါ်ဒေါ်ရွှေတော့ အရမ်းဝမ်းသာတာပဲ... အဲဒါ ကောင်းကင်ကြောင့်... "

"ကျွန်မ... သွားတော့မယ်နော်... ဒေါ်ရွှေနဲ့ မငွေအတွက်လည်း ကျွန်မလက်ဆောင်တွေဝယ်လာတယ်... အစ်ကိုက

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးပေမဲ့ ကျွန်မတကယ်မလိုချင်တာက… ”

“ဝယ်ပါ… ဒေါ်ဒေါ်ရှေတို့ ကျေနပ်ပါတယ်… ကောင်းကင်က နွံနစ်နေတဲ့ပတ္တမြားလေးပဲ… ပြာဖုံးနေတဲ့ မီးခဲလေးလို့ပဲ ပြောရမလား… ”

“အရမ်းမမြှောက်ပါနဲ့နော်… အိမ်တော်စိုးကြီးအားပေးလို့လည်း အခုလိုဖြစ်တာပါ… အိမ်တော်စိုးကြီးသာ ကျွန်မကို လက်ခံဖို့ မပြောရင် အစ်ကိုက… ကျွန်မကို လက်ခံမှာမဟုတ်ဘူး… ”

အိမ်တော်စိုးကြီးကို ကျေးဇူးတင်ကြောင်း ပြောလိုက်မိသည်။

“ကောင်းကင် ကျေးဇူးသိတတ်ရင်… အိမ်တော်စိုးကြီး ဝမ်းသာပါပြီ… ”

မမအယ်လင်က ဆော့ရှာတဲ့မိန်းမတစ်ယောက်တဲ့။

“ကောင်းကင်နဲ့တော့ တခြားစီပဲ… ”

ကောင်းကင်ကို လေးစားအထင်ကြီးနေတဲ့ လူတွေနှင့် ကြာကြာရင်မဆိုင်လိုပေ။

ရှောင်ထွက်လာခဲ့မိသည်။

သူမ အိပ်ခန်းထဲ ပြန်ရောက်လာ၏။

စိတ်မောစွာဖြင့် အိပ်ရာပေါ်လှဲပြီး အိပ်ပစ်လိုက်မိသည်။

ရင်ထဲမှာ…



မော်ပန်းနေမိသည်။

အသက်ရှုမဝ… ။

ကျွန်မ…

ဘာဆက်လုပ်ရမလဲ…

အစ်ကို့ကို ဒုက္ခမပေးချင်ဘူး။

အိမ်ဖေါ်အဆင့်လောက်သာရှိတဲ့ ကျွန်မကို အထင်တကြီးအရေးတယူရှိနေသူ…

တကယ်ဆို…

ကျွန်မကြောင့် ဘယ်သူမှဒုက္ခမရောက်စေချင်ပါဘူးလေ။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လျှံကျလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

အစ်ကို အတော်လေးလမ်းလျှောက်ကျင့်ရနေပြီ ဖြစ်သည်။

ကျွန်မ ဝမ်းသာနေမိ၏။

အင်အားလည်း ပြည့်နေသည်။

ကောင်းကင်ကြောင့်ဟု အစ်ကိုပြောတိုင်း ကျွန်မ တုန်လှုပ်ချောက်ချားနေရ၏။

စိတ်တွေ မလုံမလဲဖြစ်ရသည်။

အစ်ကိုနှင့်ရင်ဆိုင်ရန် အတော်လေးခက်ခဲနေရ၏။

"ကောင်းကင်… "

"ရှင်… "

"ဒီမှာ ကြည့်စမ်း… "

သူမ…



လန့်သွားမိသည်။

အစ်ကိုက မီးခံသေတ္တာကို ဖွင့်ပြ၏။

ဘုရားရေ…

ဒေါ်ကျော့ကျော့စံလိုချင်နေတဲ့ ပစ္စည်းတွေပဲ။

သူမ စိတ်တွေ လှုပ်ရှားသွားရသည်။

မကြည့်ရဲတော့…

"ကောင်းကင်ကို… ယုံတယ်… အားကိုးတယ်… အစ်ကိုနဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်အနေနဲ့ ဖွင့်ပြတာ… "

မီးခံသေတ္တာက နံရံမှာထည့်မြှုပ်ထားပြီး ပန်းချီကားတစ်ချပ်နှင့် ကာရံထားသည်။

အစ်ကို ဘာကြောင့်ပြတာလဲ။

"အစ်ကို စိတ်တွေကို… အင်အားဖြစ်စေတဲ့ ကောင်းကင်ကို အစ်ကို အရမ်းကျေးဇူးတင်တာပဲ… "

"အစ်ကို… "

"ပြော… "

"ကျွန်မက… တာဝန်တစ်ခုကိုထမ်းဆောင်တာပါ…ကျေးဇူးတင်စရာ မလိုပါဘူး… "

"အစ်ကို့ရင်ထဲမှာ… ကောင်းကင်ကို ပြောစရာတွေအများကြီးရှိတယ်… "

အထိတ်တလန့်နှင့် ကြည့်မိသည်။

အစ်ကို့ ရင်ထဲကစကားတွေကို ကျွန်မဘာမှမကြားချင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မကြားပါရစေနဲ့...

ကျွန်မကို စူးစိုက်စွာကြည့်နေတဲ့ အစ်ကိုမျက်ဝန်းတွေနှင့် ရင်မဆိုင်ရဲပေ။

အမိပွါယ်က ရှင်းနေသည်။

သူမအား ထိုပစ္စည်းတွေပြနေတာ အကြောင်းမဲ့မဟုတ်ပေ။

အစ်ကိုမျက်ဝန်းတွေ...

ကျွန်မကို အားကိုးတကြီးဖြစ်နေသည်။

"အစ်ကို... "

"ဟင်... "

"လမ်းလျှောက်ရအောင်... "

ကောင်းကင်က သူ့ပစ္စည်းတွေကို စိတ်မဝင်စား၍ ကျေနပ်သွားရသည်။

အယ်လင်နဲ့တခြားစီပဲ။

သူ့ကိုလက်ထပ်တာ ငွေကြေး စည်းစိမ်ဥစ္စာတွေကြောင့်ဖြစ်သည်။

ကောင်းကင်မျက်ဝန်းလေးတွေက ကြည်လင်ဝင်းပနေ၏။

ပစ္စည်းတွေကို မက်မောခြင်းမရှိ... ။

မင်းကို စမ်းသပ်တာပါ။

"အစ်ကို... ကျွန်မကတော့... အစ်ကို့ကို အမြန်ဆုံးလမ်းလျှောက်စေချင်နေပြီ... "



"ဘာဖြစ်လို့လဲ... ကောင်းကင်... အစ်ကို့အနားကနေ အမြန်ဆုံးထွက်သွားချင်တာလား... "

"မဟုတ်ပါဘူး... အစ်ကို... ကျွန်မအဖြစ်ချင်ဆုံးဆန္ဒကို... ပြောပြတာပါ... "

ကျွန်မ...

အစ်ကို့အနားကနေ ထွက်ခွာသွားမှာပါ။

"အစ်ကို... "

"ဟင်... "

"သွားစို့... "

"အင်း... "

သူ...

ထသည်။

ကောင်းကင်ရဲ့ အမိန့်တွေကို သူနာခံဖို့ဆုံးဖြတ်ထားပြီးသားဖြစ်၏။

"အစ်ကို... အရမ်းတိုးတက်နေပြီနော်... "

"ဟုတ်တယ်... အဲဒါ ကောင်းကင်ရဲ့ ကျေးဇူးပဲ... အစ်ကို အရမ်းအားတက်နေတယ်... ကောင်းကင်က မိန်းကလေးပီသပြီး အိမ်ရှင်မကောင်းတစ်ယောက်လို နေထိုင်ပြုမူတတ်တယ်... "

သူ...

သဘောကျွနှစ်သက်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အမူအကျင့်တွေပဲ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မကောင်းပီသတဲ့ ကောင်းကင်...

အစ်ကို့ ရင်ထဲမှာ ကောင်းကင်ကိုတွေ့ရတာ အရမ်းအေးချမ်းတာပဲ။

ခြံထဲ ရောက်လာသည်။

လမ်းလျှောက်ကျင့်၏။

သူ...

အတော်လေး လျှောက်နိုင်နေသည်။

"အစ်ကို... တိုးတက်လာတာတွေဟာ ကောင်းကင်ရဲ့... ဖေးမကူညီမှုတွေကြောင့်ပါပဲကွယ်... "

အစ်ကို့ ချီးမွမ်းစကားတွေကို ဘာတစ်ခုမှကျွန်မ ကြားနိုင်စွမ်းမရှိပေ။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကပ်ထားမိသည်။

ဒေါ်ကျော့ကျော့စံကို ဖွင့်ပြောလိုက်လျှင် ကျွန်မ တာဝန်ပြီးဆုံးသွားပြီဖြစ်၏။

မပြောချင်ဘူး။

အစ်ကို့ ယုံကြည်မှုတွေကို ကျွန်မအလွဲသုံးစားမလုပ်နိုင်ဘူး။

"ကောင်းကင်... "

"ရှင်... "

"အစ်ကို... နေကောင်းသွားရင် အလုပ်တွေပြန်လုပ်မယ်... အခုတောင် အစ်ကိုအလုပ်တွေလုပ်လို့ရနေပြီ... "



"ကောင်းတာပေါ့အစ်ကို... လုပ်ငန်းခွင်ကို ...ချင်ရင်တောင်မှ ဒီကနေအစ်ကို ညွှန်ကြားနိုင်တာပဲ... မကြာခင် အစ်ကို လုပ်ငန်းခွင်ကို သွားနိုင်တော့မှာပါ... "

"ကောင်းကင်က အစ်ကိုရဲ့လက်ထောက်အဖြစ် လုပ်ရမှာနော်... "

"ကျွန်မက... ပညာမှ မတတ်တာပဲအစ်ကို... အိမ်ဖော်ကောင်မလေးအဖြစ်ပဲ... ကျေနပ်ပါပြီ... "

"အစ်ကိုက... ကောင်းကင်ကို အိမ်ဖော်ကောင်မလေးတစ်ယောက်လို့ မသတ်မှတ်ပါဘူး... အစ်ကိုရဲ့... "

အစ်ကို ရှေ့ဆက်ပြောမဲ့ စကားတွေကို မကြားလိုတော့သဖြင့် သူမစကားလမ်းကြောင်း ပြောင်းလိုက်မိသည်။

"အစ်ကို... လမ်းခပ်သွက်သွက်လျှောက်နော်... နေ့သေးတယ်... လမ်းလျှောက်နှုန်းကို မြှင့်တင်ထားမှ... "

ကောင်းကင် စကားလမ်းကြောင်းကို ပြောင်းပစ်တာကို သူသိသည်။

မင်းကို အစ်ကိုချစ်မိနေပြီဟု ပြောဖို့ဖြစ်ခေါ်။

မင်းဟာ ...ယ့်ကို ရိုးသားဖြူစင်တဲ့မိန်းကလေးတစ်ယောက်ပဲကောင်းကင်...

တခြားမိန်းကလေးတွေဆိုရင်အစ်ကို့ကိုမသမာနည်းနဲ့ ချဉ်းကပ်ကြမှာပဲ။

အစ်ကို အချစ်တွေ...ို အရယူမှာပဲ။

"ကောင်းကင်... "

www.burmeseclassic.com

www.burmeseclassic.com



"ရှင်... "

"ရော့... "

"ရှင်... "

သော့တွဲတစ်ခု...

အစ်ကိုက သူမလက်ထဲသို့ ထိုးထည့်နေတာ တွေ့ရသည်။

သူမ အထိတ်ထလန့်နှင့် ခြံထဲသို့ ဝေ့ဝိုက်ကြည့်မိ၏။

ကိုစောဖေမရှိဘူး။

တော်ပါသေးရဲ့... ။

အိမ်တော်စိုးကြီးနှင့် ဈေးဝယ်နေ၍ဖြစ်သည်။

"အစ်ကို... ဘာလုပ်တာလဲ... "

"အစ်ကို မီးခံသေတ္တာသော့ကို အပ်တာလေ... "

"မဟုတ်တာဘဲ... အစ်ကိုယူထားပါ...ကျွန်မကိုအဲဒီလောက် ထိ မယုံပါနဲ့နော်... ကျွန်မ လုံးဝလက်မခံပါရစေနဲ့ အစ်ကို ရယ်... "

သူမ...

ဖွတ်အတင်းပင် ပြန်ပြီးအပ်နေမိသည်။

လက်မခံချင်ပါဘူး။

အစ်ကို...

ကျွန်မ...

ကျွန်မ...

ငိုချင်လာမိသည်



အစ်ကို့ရဲ့ ယုံကြည်မှုတွေက ကျွန်မနှလုံးသားတွေကို ထိခိုက်ကြေကွဲစေရ၏။

မီးခံသေတ္တာသော့ကို အပ်တာတဲ့။

အစ်ကို့အနားကနေ ကျွန်မပြေးထွက်ချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်လာမိသည်။

သော့တွဲကိုပေးတာ ကိုစောဖေတွေ့သွားရင်တော့ မလွယ်ဘူး။

စိုးရိမ်တွေ ပူနေမိသည်။

ကျွန်မ...

ဟန်မဆောင်ချင်တော့ဘူး။

တုန်လှုပ်ချောက်ချားနေတဲ့ စိတ်တွေကို ငြိမ်သက်အောင် ထိန်းချုပ်နေရသည်။

"ကျွန်မကို အနေရအထိုင်ရခက်အောင် မလုပ်ပါနဲ့... အစ်ကို့ အနားကနေ ကျွန်မကိုမောင်းထုတ်တာနဲ့အတူတူပါပဲ... "

"အစ်ကိုက... "

"ကျွန်မတို့ အိမ်ထဲဝင်ကြရအောင်နော်... "

ကျွန်မ အိမ်ထဲဝင်ဖို့ပဲ ပြင်ဆင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

အစ်ကိုလမ်းလျှောက်၍ အတော်လေးရနေပြီဖြစ်သည်။

တစ်ယောက်တည်းပင် အကူမပါဘဲ လျှောက်နိုင်နေ၏။

အင်အားတွေလည်း အပြည့်... ။

လုပ်ငန်းတွေပင် လုပ်ဆောင်နေနိုင်ပြီဖြစ်သည်။

အားလုံးပျော်ရွှင်နေ၏။

အစ်ကိုသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့သည်။

"ကောင်းကင်ကို... အစ်ကိုအရမ်းကျေးဇူးတင်တယ်... မင်းရဲ့ ပြုစုမအားပေးကူညီမှုတွေကြောင့်ပဲ... အစ်ကိုကျန်းမာလာတာ... "



"အစ်ကို့ ကျန်းမာရေးဟာစိတ်ဓါတ်နဲ့ပဲဆိုင်တာမဟုတ်လား... အစ်ကိုစိတ်ဓါတ်မကျရင် ဘာမှမဖြစ်ပါဘူး... "

"ကောင်းကင်... "

"ရှင်... "

"မင်းကို... အစ်ကိုပြောစရာတွေရှိတယ်... "

"ကျွန်မလည်း အစ်ကို့ကို ပြောစရာတွေရှိတယ်... "

"နောက်မှပြောနော် အစ်ကို... ကျွန်မတစ်ခုမှာချင်တာက အစ်ကို ဘယ်လိုအကြောင်းအရာတွေနဲ့ ရင်ဆိုင်ရပါစေ... စိတ်ဓါတ်မကျဖို့ဘဲ... "

"ကောင်းကင်က... အစ်ကို့ကိုထားပြီး ထွက်သွားမလို့လား"

"ကျွန်မက... အစ်ကို့ဆီမှာ ခဏလာအလုပ်လုပ်နေတာပဲ... အစ်ကို့အနားမှာ အမြဲတမ်းနေလို့ ဘယ်ရမလဲ... "

"အစ်ကိုက... အမြဲတမ်းအလုပ်ခန့်ထားမယ်ဆိုရင်ရော... "

"ကံကြမ္မာဆိုတာက ပြောရခက်တယ်အစ်ကို... ကျွန်မ... အကြောင်းတွေခေါင်းထဲမထားပါနဲ့... အရေးကြီးတာက... အစ်ကို့စိတ်ဓါတ်တွေ ခိုင်မာနေဖို့ပဲ... "

အစ်ကို့ကို ကောင်းကင် ဒုက္ခမပေးရက်တော့ပါဘူး အစ်ကိုရယ်...

ကောင်းကင် အစ်ကို့အနားကိုကောင်းသောရောက်လာခြင်းနဲ့ ရောက်လာတာမဟုတ်ဘူး။

အကောက်ကြံဖို့ပဲ... ။

အစ်ကို့ မီးခံသေတ္တာထားတဲ့နေရာကို ကျွန်မသိပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေလည်း မြင်တွေ့ခဲ့ရပြီဖြစ်၏။

ဒါပေမဲ့...

မလုပ်ရက်ပေ။

အစ်ကို ရိုးသားစွာရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေဖြစ်သည်။

မတရားမယူချင်ဘူး။

ကျွန်မ...

ကိုယ့်ကျင့်တရားတွေကို အမြဲတမ်းစောင့်ထိန်းခဲ့သူပါ။

"ကောင်းကင်... "

"ရှင်... "

"ကောင်းကင်အတွက်... အစ်ကိုလက်ဆောင်ပေးချင်တယ်"

"ဟင့်အင်း... ကျွန်မ... အစ်ကို့ဆီက ဘာမှမယူချင်ပါဘူး... ဘာမှလည်း မလိုအပ်ပါဘူး... "

"ကောင်းကင်... မင်းဘာလို့ ဒီလောက်အထိရိုးအနေရတာလဲ... "

ကျွန်မ...

ငိုချင်နေမိသည်။

အစ်ကိုထင်သလို ကျွန်မရိုးအတာ မဟုတ်ပါဘူး။

"အစ်ကို့ရင်ထဲမှာ... ကောင်းကင်ကိုပြောစရာတွေ အများကြီးပဲ... "

"နောက်မှပြောနော်အစ်ကို... ကျွန်မ မီးဖိုခန်းထဲမှာ ဆိမ်တော်စိုးကြီးကို သွားပြီးကူညီဦးမယ်... "



သူမ ထွက်သွားသည်။

သူ့စိတ်တွေကို ထိန်းချုပ်ထားရ၏။

ကောင်းကင်ကိုချစ်တယ်...

အစ်ကို... လက်ထပ်ချင်တယ်။

ကောင်းကင် အစ်ကို့အနားကနေ ထွက်ခွာသွားမှာ အကြောက်ဆုံးဖြစ်သည်။

ဒုက္ခတကြီးဘဝက လွတ်မြောက်အောင် ကယ်တင်ခဲ့သည့် မိန်းကလေးဖြစ်၏။

သူ့စိတ်ဓါတ်တွေကို ပြုပြင်ပြောင်းလဲပေးခဲ့သည်။

ပြီးတော့...

မိန်းကလေးပီသတဲ့ ကောင်းကင်... ။

ကိုယ့်ကျင့်တရား ကောင်းမွန်လွန်းသည်။

သူ့စည်းစိမ်ဥစ္စာတွေနှင့်မှျားပြီး ကောင်းကင်ရဲ့စိတ်တွေကို စမ်းသပ်ကြည့်မိ၏။

ကောင်းကင်ရဲ့ မျက်ဝန်းတွေထဲမှာ လောဘရမက်တွေ လုံးဝကင်းစင်နေသည်။

မင်းဟာ ရိုးသားဖြူစင်တဲ့ မိန်းကလေး... ။

အစ်ကို ယုံကြည်တယ်။

အယ်လင်နဲ့ဘာမှမဆိုင်ဘူး။

မင်း...

ထွက်မသွားပါနဲ့...

အစ်ကို့အနားကနေ ကောင်းကင် ဘယ်မှထွက်မသွားပါနဲ့... ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်လို မိန်းကလေးနှင့်သူ့ဘဝကို အေးချမ်းစွာ တည်ဆောက်လိုသည်။

အိမ်တော်စိုးကြီးကို ခေါ်လိုက်မိ၏။

"ဘာကိစ္စရှိလဲ... မောင်ဝဏ္ဏထင်... "

"တိုင်ပင်ချင်လို့ပါ... "

"ပြော... "

"ကျွန်တော်ဖြစ်နိုင်ရင်... ကောင်းကင်ကို လက်ထပ်ဖို့ ရည်မှန်းထားတယ်... အိမ်တော်စိုးကြီး... "

"လောလောဆယ်တော့... မင်း အိမ်ထောင်ပြိုကွဲသွားတာ မကြာသေးဘူးမဟုတ်လား... "

"လောလောဆယ်မဟုတ်ပါဘူး... ကျွန်တော် ဆုံးဖြတ်ထားတာပါ... "

"ကောင်းပါတယ်မောင်ရင်... အိမ်တော်စိုးကြီး သဘောတူပါတယ်... ကောင်းကင်ဟာရိုးသားဖြူစင်တဲ့မိန်းကလေးပါ"

"အိမ်ထောင်ရှင်မပီသတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေလို့ ကျွန်တော်ဆုံးဖြတ်တာပါ... အိမ်တော်စိုးကြီး... "

"ကောင်းပါတယ်... မောင်ဝဏ္ဏထင်... အရမ်းကောင်းပါတယ်... "

အိမ်တော်စိုးကြီးလည်း ကောင်းကင်ကို သဘောကျမိသည်။

ဆင်းရဲတာက အရည်အသွေးမဟုတ်။

ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်မလေးဖြစ်၍ အိမ်တော်စိုးကြီး ပို၍ပင်သဘောကျနေမိသည်။



မောင်ဝဏ္ဏထင်ရဲ့ ဆုံးဖြတ်ချက်တွေကို ထောက်ခံနေမိ၏။

အောက်ထပ် ပြန်ဆင်းလာသည်။

"မောင်စောဖေပါလား... "

မောင်စောဖေနဲ့ ဆုံသည်။

"ဈေးသွားဖို့ အဆင်သင့်ဖြစ်ပြီလားလို့ လာမေးတာပါ... ဈေးသွားတော့မလား အိမ်တော်စိုးကြီး... ကျွန်တော်ခြင်းတောင်းတွေ ယူသွားမယ်နော်... "

စောဖေကတော့ ကောင်းကင်နှင့်တွေ့ချင်၍ အလစ်ဝင်လာခြင်းဖြစ်သည်။

အိမ်တော်စိုးကြီးနှင့်ပဲ တွေ့ရ၏။

ကောင်းကင်...

မင်းနဲ့ဝဏ္ဏထင် အရမ်းရောတာ တွေ့နေရတယ်။

စောဖေစိတ်ထဲမှာ မကျေမနပ်နှင့် ဒေါသစာကြီးဖြစ်နေမိသည်။

ကောင်းကင်ကို ချစ်မိနေ၏။

လက်လွှတ်မခံနိုင်ပါဘူး။

ငွေကြေးစည်းစိမ်ဥစ္စာတွေထက် ကောင်းကင်ကို ပို၍ မက်မောနေမိသည်။

ကောင်းကင်ရေ...

မင်း... ဘယ်မှာလဲ... ။

ဝဏ္ဏထင်ဆိုတဲ့ သူဌေးအနားမှာပဲ မင်းကပ်နေတာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"မောင်စောဖေ… "

"ဗျာ… "

"မင်း… ဘာရှာနေတာလဲ… "

"ကောင်းကင်ပါ… "

"တွေ့ချင်လို့လား… "

"ဟုတ်… "

"မီးဖိုချောင်ထဲမှာလေ… မငွေနဲ့ဝိုင်းကူလုပ်နေတယ်… "

"အေးကွယ်… ပြောလိုက်မယ်… ဒီနေ့ ဒေါ်ဒေါ်ရွှေဈေး… မသွားဘူးမောင်စောဖေ… "

စောဖေ ခြံထဲသို့ ဆင်းလာခဲ့သည်။

ကောင်းကင်ကို စောင့်နေမိ၏။

တွေ့ရင် ဘာပြောရမလဲ…

ဒီကနေ…

ထွက်သွားပြီး လက်ထပ်ဖို့ပြောရမှာပဲ။

ခဏကြာတော့…

ကောင်းကင်ဆင်းလာသည်။

"ကျွန်မကို… ဘာကိစ္စတွေ့ချင်တာလဲ ကိုစောဖေ… "

"အလုပ်ကိစ္စ တိုးတက်မှုတွေကို… သိချင်လို့ပါ… "

"မတိုးတက်ဘူး… "

"မင်းနဲ့ဒီလောက်အထိ ရင်းနှီးနေတာပဲ… မင်းဘာမှမသိသေးဘူးလား… "

"မသိသေးဘူး… ကျွန်မနဲ့က အလုပ်သဘောပဲ ဆက်ဆံနေတာပဲဟာ… အတွင်းရေးကိစ္စတွေသိဖို့ဆိုတာ အချိန်ယူရ



မယ်ရှင့်… "

အချောင်သမားတွေလက်ထဲကို အစ်ကိုပစ္စည်းတွေကို အရောက်မခံနိုင်ပါဘူး။

ကျွန်မဘဝကို အနစ်မွန်းခံတော့မယ်။

ဖြစ်ချင်ဖြစ် ရင်ဆိုင်မယ်…

အစ်ကို့ကို ဒုက္ခရောက်အောင်တော့ ကျွန်မလုံးဝမလုပ်တော့ဘူး။

ဆုံးဖြတ်ထားမိသည်။

"မင်း…သက်သက်မပြောချင်လို့မဟုတ်လား ကောင်းကင်…"

"ကျွန်မမှ မသိသေးတာပဲ… ရှင့်ကိုဘယ်လိုပြောရမလဲ… ကျွန်မ တကယ်မသိတာပါ… "

"မင်းနဲ့ဝဏ္ဏထင် အတော်လေးရင်းနှီးနေတာပဲ… "

"ရိုးရိုးသားသားပါ… "

"မင်းကိုငါမယုံဘူး… ကောင်းကင်… မင်းငါတို့ကို ပတ်မို့မကြိုးစားနဲ့နော်… မင်းအကြောင်းတွေ ဝဏ္ဏထင်ကိုပြောလိုက်မယ်… "

"ရှင်… "

"ကောင်းကင်… မင်းကိုငါ လက်ထပ်မယ်… "

ရင်ထဲမှာ…

နာကျင်နေမိသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာဖြင့် ဖိကပ်ထားမိ၏။

ကျွန်မအကြောင်းလေးတွေကို အစ်ကိုသိမှာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေမိသည်။

"ကောင်းကင်... "

"ဟင်... "

"မင်း...ငါ့ကိုဥပက္ခာပြုမယ်လို့ မစဉ်းစားနဲ့နော်... "

"ကျွန်မလက်ကို လွှတ်ပါ... ရှင် အကျပ်မကိုင်ပါနဲ့... ကျွန်မ တောင်းပန်ပါတယ်... "

သူမလက်တွေကို ဆတ်ခနဲရုန်းပစ်လိုက်မိသည်။

ဒေါသတွေ ပေါက်ကွဲနေမိ၏။

မတတ်နိုင်...

ကျွန်မက သူတို့ထောင်ချောက်ထဲတိုးဝင်မိသွားပြီး မဟုတ်လား။

လူယုတ်မာတွေ...

လောဘရမက် တက်လွန်းသည်။

သူများပစ္စည်းကို မတရားလိုချင်တပ်မက်နေကြ၏။

မုန်းလိုက်တာ...

ရွံလိုက်တာ...

"ကျွန်မသွားတော့မယ်... အိမ်ရှင်တွေ အထင်လွဲအောင်... မလုပ်ပါနဲ့... "

"မင်းလည်း ဝတ္ထုထင်နဲ့လိုအပ်တာထက်ပိုပြီး ပတ်သက်ဖို့ မစဉ်းစားပါနဲ့နော်... "

ခြိမ်းခြောက်နေသည်။

"ဒီတစ်ခါတော့... မင်းကိုငါလုံးဝလက်လွှတ်မခံနိုင်တော့ဘူး ကောင်းကင်... "



သူမ...

မကြားချင်။

ကိုစောဖေအနားကနေ ထွက်သွားဖို့ပဲ ခြေလှမ်းတွေပြင်လိုက်သည်။

"မင်းကိုငါချစ်တယ်... လက်ထပ်မယ်... လုပ်ငန်းကိစ္စ... မအောင်မြင်လည်း မင်းနဲ့ငါလက်ထပ်မယ်... မင်းအကြွေးတွေကိုဆပ်ပေးဖို့ ငါကြိုးစားမယ်... ကျောက်ကျောက်စံကို ဘာမှကြောက်စရာမလိုပါဘူး ကောင်းကင်... "

"ကျွန်မ... သွားတော့မယ်... "

"ဒီတစ်ပတ်အတွင်း... မင်းကိစ္စမထူးခြားရင်... ဒီကနေ ... ထွက်သွားမယ်... "

ရှင့်ကို ကျွန်မလက်မထပ်နိုင်ဘူးဟု ပြောပစ်ချင်မိသည်။

အစ်ကို့အတွက် သူမ ထိန်းချုပ်နေရ၏။

ကျန်းမာရေးကောင်းသွားတဲ့အချိန်ရောက်မှ သူမ ဒီကနေထွက်သွားဖို့ ဆုံးဖြတ်ထားပြီဖြစ်သည်။

ဒေါ်ကျောက်ကျောက်စံကို ရင်ဆိုင်မယ်။

ကျွန်မအပြစ် ကျွန်မခံယူမယ်။

ကိုစောဖေကို ကျွန်မလက်မထပ်ဘူး။

ရှင့်လိုဖောက်ထွင်းဝိဇ္ဇာတစ်ယောက်ရဲ့ လက်ထဲမှာ ကျွန်မဘဝကို အနှစ်မြှုပ်မခံနိုင်ပါဘူး။

အိမ်ထဲဝင်လာခဲ့သည်။

"ကောင်းကင်... "

www.burmeseclassic.com

www.burmeseclassic.com



"ရှင်... "

"မောင်စောဖေက ညည်းအတွက်... အရမ်းစိတ်ပူသလိုပဲ နော်... "

"တစ်ရွာထဲသားချင်းတွေပဲ... အိမ်တော်စိုးကြီးရယ်... "

"ကောင်းကင်... "

"ရှင်... "

"မောင်ဝဏ္ဏထင်ကို ဂရုစိုက်ပါနော်... ညည်းလေးကြောင့် မောင်ဝဏ္ဏထင် ကျန်းမာရေးကောင်းလာတာ... စိတ်ဓါတ်အားတွေလည်း ပြည့်လာတယ်... "

ကောင်းကင်ကို အိမ်တော်စိုးကြီး သဘောကျနေမိသည်။

မောင်ဝဏ္ဏထင် စိတ်ချမ်းသာဖို့က အဓိကပဲဖြစ်၏။

"ကောင်းကင်ကို... အိမ်တော်စိုးကြီးပြောစရာရှိတယ်... "

"ရှင်... "

"တစ်နေ့ကျရင်... သမီးက ဒီအိမ်ကြီးရဲ့ အရှင်သခင်ဖြစ်ချင်ဖြစ်လာမှာ... "

"ရှင်... "

"အနေအထိုင်အပြောအဆိုကအစ... ဆင်ခြင်ဖို့ ပြောချင်တာပါ... "

"ကျွန်မဘာကိုမှ မမျှော်လင့်ပါဘူး... အစ်ကိုနေကောင်းသွားရင် ကျွန်မဒီကနေထွက်သွားမှာပါ... "

"မဟုတ်တာပဲကောင်းကင်... မင်း ဘယ်လိုမှမသွားရဘူး... သမီးလေးက မောင်ဝဏ္ဏထင်အနားမှာပဲနေပါ... မောင်



ဝဏ္ဏထင် စိတ်ဓါတ်ကျအောင် မင်းမလုပ်ပါနဲ့... "

ကျွန်မ...

ဒီမှာ နေလို့မဖြစ်ပါဘူး။

ဒေါ်ကျော့ကျော့စံနှင့် ကိုစောဖေတို့က အကျပ်ကိုင်ပြီး ချုပ်ကိုင်နေသည်။

ရုန်းထွက်လို့မရဘူး။

"ကောင်းကင်ရယ်... မောင်ဝဏ္ဏထင်အနားမှာပဲ နေပေးပါနော်... မောင်ဝဏ္ဏထင်ကို စိတ်ဓါတ်တွေကျသွားအောင် မလုပ်ပါနဲ့... "

အိမ်တော်စိုးကြီးက တောင်းပန်စကားတွေ ပြောနေသည်။

မဖြစ်နိုင်ပါဘူး။

ကျွန်မကို အိမ်တော်စိုးကြီးတို့ မုန်းတီးသွားမှာပါ။

"အိမ်တော်စိုးကြီးရယ်... ကျွန်မကို မျှော်လင့်မနေပါနဲ့... လောကကြီးထဲမှာ ဖြစ်ချင်တာတွေလည်း ဖြစ်ချင်မှဖြစ်လာမှာပါ... "

သူမ...

ထွက်လာခဲ့မိသည်။

"ကောင်းကင်... ညည်းဘယ်မှထွက်မသွားနဲ့နော်... ငါ... တောင်းပန်ပါတယ်... မောင်ဝဏ္ဏထင်က ညည်းကိုအလိုအပ်ဆုံးပဲ... "

မကြားချင်ဘူး။

ကျွန်မ ဘာမှမကြားချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး။

အိမ်တော်စိုးကြီးတို့ မျှော်လင့်နေသလို လုံးဝမဖြစ်နိုင်ပါဘူး။

ကျွန်မ ဒီအိမ်ကြီးထဲကို ရောက်လာတာ အကောက်ကြံဖို့ပါ... ။

"မင်း... ငါ့ကိုလက်ထပ်ရမယ်...ဝဏ္ဏထင်နဲ့လိုအပ်တာထက်ပိုပြီး မပတ်သက်ရဘူး... ပတ်သက်ရင် မင်းအကြောင်းတွေ ဖွင့်ပြောလိုက်မှာပဲ... "

ကိုစောဖေရဲ့ ခြိမ်းခြောက်စကားတွေကို ကြားယောင်နေမိသည်။

ကျွန်မ ဒီကနေထွက်သွားမှ အေးမှာပါ။

ဒေါ်ကျော့ကျော့စံကို ရင်ဆိုင်လိုက်ဖို့ပဲ ကျွန်မဆုံးဖြတ်လိုက်သည်။

အစ်ကို့ကို ဒုက္ခမပေးပါဘူး။

ကျွန်မကြောင့် အစ်ကိုဝဏ္ဏထင် ဒုက္ခမရောက်စေရဘူး။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာရသည်။

အိပ်ခန်းထဲ ဝင်လာခဲ့မိ၏။

ကြေကွဲစွာ ငိုရှိုက်ပစ်လိုက်မိသည်။



## အခန်း (၂၂)

"ကောင်းကင်... "

"ရှင်... "

"ညည်း... အလုပ်က ဘာမှမထူးခြားသေးဘူးလား.. "

"ဟင့်အင်း... "

"ဘာအေ့... "

"ကျွန်မ လုံးဝမထူးခြားသေးလို့ပါ... "

"ကိုစောဖေကပြောတော့... ညည်းနဲ့မောင်ဝဏ္ဏထင်က.. အတော်လေး ခင်မင်ကျွမ်းဝင်နေကြပြီဆို... "

"ဟင့်အင်း... ကျွန်မနဲ့ရင်းနှီးပေမဲ့ သူ့အတွင်းရေးကိုဖွင့်ပြောလောက်တဲ့အထိတော့ မရင်းနှီးကြသေးပါဘူး... "

သူတို့လက်ထဲကိုတော့ အစ်ကိုပစ္စည်းတွေ မရောက်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဆုံးဖြတ်ပြီးပြီ။

"ညည်း... လိမ်နေတာ မဟုတ်လား ကောင်းကင်... "

"ကျွန်မ... အမှန်အတိုင်းပြောတာပါ... "

"ကောင်းပြီလေ... ကျုပ်စုံစမ်းလို့ သိရင်တော့... ညည်း ... မလွယ်ဘူးနော်... "

ဒေါ်ကျော့ကျော့စံကတော့ မိမိခိုင်းစေတာကို ကောင်းကင်မလုပ်ချင်ဘူးဆိုတာ သိနေသည်။

ကောင်းကင်ရဲ့ မျက်ဝန်းတွေထဲ ထိုးဖောက်ဝင်ရောက်မတတ် အကဲခတ်ကြည့်နေမိ၏။

မောင်ဝဏ္ဏထင်ပင် လူကောင်းပကတိနီးပါးဖြစ်နေသည်။

"ကျုပ်... သိရသလောက်တော့ မောင်ဝဏ္ဏထင်က ညည်းကို လက်ထပ်ဖို့အထိ ရည်မှန်းထားတယ်ဆို... "

"မဟုတ်ပါဘူး... လုံးဝမဟုတ်ပါဘူး... ကျွန်မလိုမိန်းကလေး အဆင့်လောက်ကို သူကမှန်းပါ့မလား... "

"ကိုစောဖေကထင်နေတယ်... ညည်းနဲ့အရမ်းရင်းနှီးနေလို့ ဖြစ်မှာပေါ့... "

"ကျွန်မအပေါ် ရင်းနှီးကျွမ်းဝင်တာမှန်ပေမဲ့... ပစ္စည်းတွေ ထားတဲ့နေရာတော့ ကျွန်မမသိသေးဘူး... "

သူမ...

လိမ်လိုက်သည်။

မပြောတော့ဘူး။



မကြာခင်...

ကျွန်မ ဒီကနေထွက်သွားမယ်... ။

အစ်ကိုကို ဒုက္ခမပေးဖို့ ကျွန်မဆုံးဖြတ်ထားပြီးသားပဲ။

တစ်ပတ်အတွင်း ကျွန်မသွားမယ်။

ဒီမှာ မနေတော့ဘူး။

အစ်ကို့အခြေအနေက အတော်လေးတိုးတက်နေပြီဖြစ်သည်။

ကောင်းကင်မရှိလည်း ဘာမှမဖြစ်တော့ပါဘူး။

"ကောင်းကင်နော်... ညည်း ကျုပ်ကိုတော့ပတ်မယ်လို့... မကြိုးစားနဲ့... ကျော့ကျော့စံအကြောင်း ကောင်းကောင်း သိစေရမယ်... "

"ကျွန်မ သိပါတယ်... "

"ကျုပ်တို့ကတော့... မစားရတဲ့အမဲ သဲနဲ့ပက်မှာနော်... ညည်းကိုထောင်ထဲပို့ပစ်မှာ... "

ကျွန်မ...

ထောင်ထဲသွားရမှာလည်း ဝန်မလေးတော့ပါဘူး ဒေါ်ကျော့ကျော့စံ... ။

အပြစ်တွေက ကျွန်မကျူးလွန်ခဲ့တာပဲ။

အစ်ကို ကျူးလွန်ခဲ့တာမှ မဟုတ်တာ...

ကျွန်မအကြောင်း မကောင်းပြောရင် ရှင်တို့လည်း ဒီကနေ ထွက်သွားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ကို အဖြစ်မှန်တွေ ကျွန်မရှင်းပြသွားမှာပါ။

"တစ်ပတ်အတွင်းမှာ ညည်းလုပ်ရမဲ့တာဝန်ကို... ကျေပြွန်အောင်လုပ်ပါ... "

"ဟုတ်ကဲ့... "

ဒေါ်ကျော့ကျော့စံ ကောင်းကင်အခန်းထဲက ထွက်လာတော့ အောက်ထပ်တွင် အိမ်တော်ထိန်းကြီးဒေါ်ရွှေနှင့် ဆုံမိသည်။

"ဒေါ်ကျော့ကျော့စံရောက်လာတာနဲ့... အတော်ပဲ... ဒီမှာ ကျွန်မတို့ တိုင်ပင်စရာရှိနေလို့... "

"ဘာများလဲ... ဒေါ်ရွှေ... "

"ထိုင်ပါဦး... "

မောင်ဝဏ္ဏထင်နဲ့ကောင်းကင်ကို လက်ထပ်ပေးချင်ကြောင်းပြောဖို့ဖြစ်သည်။

"မောင်ဝဏ္ဏထင်က ကောင်းကင်ကို... သဘောကျနေတယ် လက်ထပ်ဖို့ပြောနေတယ်... "

"ရှင်... "

"ကောင်းကင်ကတော့ငြင်းမှာပဲ... အဲဒါ ဒေါ်ကျော့ကျော့စံက ဖျောင်းဖျနားချပေးဖို့ပါပဲ... "

ကြည့်စမ်း...

ဒီလောက်အထိ ရင်းနှီးနေကြပြီပဲ။

ကောင်းကင်ကပြောတော့ သိပ်ပြီးမရင်းနှီးသေးတဲ့ပုံ...



"မောင်ဝဏ္ဏထင်က... ကောင်းကင်ကိုအရမ်းမြတ်နိုးတယ် သော့တောင်အပ်တာ... "

"ဟင်... "

ဒေါ်ကျော့ကျော့စံ အတော်လေးဟန်ဆောင်နေရသည်။

ကောင်းကင်...

ညည်း ကျူပ်ကိုလိမ်တာပဲ... ။

မောင်ဝဏ္ဏထင်က ညည်းကို သော့တောင်အပ်နေပြီပဲဟာ...

ဘာမှမထူးခြားဘူးဟု ပြောသည်။

ဒေါ်ကျော့ကျော့စံကြိတ်ပြီး ဒေါသတွေဖြစ်နေမိ၏။

မဖြစ်ဘူး...

ဒီကိစ္စ အမြန်ဆုံးလှုပ်ရှားမှ...

"ကျွန်မ ဒီမှာညအိပ်ပြီးလှုပ်ရှားမှဖြစ်မယ်ထင်တယ်ဒေါ်ရွှေ... ဒီမှာ ခဏနေပြီး ကောင်းကင်ကိုဖျောင်းဖျပေးရမှာပဲ... ဒီတောင်မလေးက အရမ်းရိုးသားတယ်... "

"မောင်ဝဏ္ဏထင်က... အရမ်းနှစ်သက်မြတ်နိုးနေတာ... ကောင်းကင်ကသာ... သဘောတူလက်ခံရင် အဆင်ပြေပြီ"

အိမ်တော်စိုးကြီးကလည်း မောင်ဝဏ္ဏထင်ရဲ့ဘဝကို တည်ငြိမ်စေချင်သည်။

ချမ်းသာတာ ဆင်းရဲတာက အကြောင်းမဟုတ်ပေ။

"မောင်ဝဏ္ဏထင်ရဲ့ စည်းစိမ်ဥစ္စာတွေ... ကောင်းကင်လက်

www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်မှာပဲ…ကောင်းကင်က ရှောင်ဖယ်နေတယ်လေ…”

“ကျွန်မ… ဖျောင်းဖျပေးမယ်… အိမ်တော်စိုးကြီး ဘာမှမပူပါနဲ့… ”

ဒေါ်ကျော့ကျော့စံ ဒီမှာ နေမှဖြစ်တော့မည်ဖြစ်သည်။

ကောင်းကင်ကို ချုပ်ကိုင်ရမယ်။

“ကျွန်မ ကိုစောဖေနဲ့လည်းတိုင်ပင်ပြီး… ဒီကိစ္စ အမြန်ဆုံး စီစဉ်မယ်… ”

ဒေါ်ကျော့ကျော့စံ အောက်ထပ်မှတစ်ဆင့် ခြံထဲသို့ ထွက်လာခဲ့သည်။

“ကိုစောဖေ… ”

“ဟင်… ”

“ရှင်နဲ့အရေးတကြီး တိုင်ပင်စရာရှိတယ်… ”

“ဘာဖြစ်လာတာလဲ… ကျော့ကျော့စံ… ”

“ဘာဖြစ်ရမှာလဲ… ကောင်းကင်ပေါ့… ကျွန်မတို့ကို ပတ်နေတယ်… ”

“ဘာလဲ… ”

“ကောင်းကင်က မောင်ဝဏ္ဏထင်နဲ့လက်ထပ်ဖို့အဆင့်ထိ… ရောက်နေပြီ… ”

“ဘာ… ”

စောဖေ…

အလန့်တကြား အော်မိသည်။

ကောင်းကင်နဲ့ဝဏ္ဏထင် လက်ထပ်တာကို လုံးဝ



လက်မခံနိုင်ဘူး။

“ကောင်းကင်… လက်ထပ်မှာကို… ကျုပ်လက်မခံဘူး… ကောင်းကင်… ကျုပ်နဲ့ပဲ လက်ထပ်ရမယ်… ”

“ကျွန်မတို့ ဘယ်လုပ်ကြမလဲ… ကောင်းကင်ကတော့ … ကျွန်မတို့အလုပ်ကို လက်မခံချင်တဲ့သဘောပဲ… ”

“ကောင်းကင်ကို အကျုပ်ကိုင်ပြီး မေးရမှာပဲ… ”

“ကောင်းကင်ကို… ဒီမှာဆက်ထားဖို့ မဖြစ်တော့ဘူး… ကျွန်မတို့ အကြောင်းတွေသိတော့မယ်… ဒီကောင်မက သူတော်ကောင်း ကြက်သူခိုးလုပ်ချင်နေတာပဲ… ”

“မရဘူး… ကျုပ်… ကောင်းကင်ကိုခေါ်ပြီး ထွက်သွားတော့မယ်… ကျုပ် ကောင်းကင်ကို လုံးဝလက်လွှတ်မခံနိုင်တော့ဘူး… ”

“ကျွန်မ… အကြွေးတွေရော… ”

“ကျုပ်ဆပ်မယ်… ”

“အလုပ်က အောင်မြင်ခါနီးမှ ကျွန်မအဆုံးရှုံးမခံနိုင်ဘူး… ဒီကောင်မကို အကျုပ်ကိုင်ပြီးမေးရမယ်… ”

“ကျုပ်… ကျုပ် ကောင်းကင်ကိုလက်လွှတ်မခံနိုင်ဘူး… မင်းအကြွေးတွေကို ကိုယ်ဆပ်မယ် ကျော့ကျော့စံ… ဝဏ္ဏထင်နဲ့တော့ အနိုးစပ်မခံနိုင်ဘူး… ”

စောဖေတစ်ယောက် ဆတ်ဆတ်ထိမခံနိုင်အောင် ခြစ်ရသည်။

ကောင်းကင်ကို လက်လွှတ်မခံနိုင်ဘူး။

www.burmeseclassic.com



"ညကျရင်… ကောင်းကင်ကို ခဏဆင်းခဲ့ဖို့ ကျွန်မ… ချိန်းလိုက်မယ်… "

"ကောင်းတယ်… ကျော့ကျော့စံ… ကျုပ်လည်း တွေ့ချင်တယ်… "

"ကိုစောဖေ… "

"ဟင်… "

"ကောင်းကင်ဆိုတဲ့ကောင်မလေးကို… သိပ်ပြီးချစ်မြတ်နိုးနေလား… "

"ဒီလောက်ချစ်စရာကောင်းတဲ့ကောင်မလေးကို… မချစ်ဘဲနေမလား… "

"ကျွန်မကိုရော… "

"မင်းကတော့… လူတွေအပေါ် ဘယ်တော့မှအချစ်တွေ… အကြွင်းနာတွေမရှိတဲ့ မိန်းမတစ်ယောက်ဘဲ… "

"အဟက်… "

ကျော့ကျော့စံကြောင့် စောဖေဘဝပျက်ခဲ့ရသည်။

အခုတော့…

ကောင်းကင်ဆိုတဲ့ကောင်မလေးကို စောဖေလက်ထပ်ပြီး လူကောင်းပဲလုပ်ဖို့ ဆုံးဖြတ်ထားမိသည်။

ည…

ကောင်းကင်ကို ချိန်းထားသည်။

စောဖေ စိတ်တွေလှုပ်ရှားနေသည်။

ဝဏ္ဏထင်နှင့်လက်ထပ်မည့်အရေးကို အကြီးအကျယ်



ဖျက်ရမည်ဖြစ်သည်။

လက်မခံနိုင်ဘူး…

မင်း…

ငါ့ကိုပဲ လက်ထပ်ရမယ်ကောင်းကင်…

ဒေါ်ကျော့ကျော့စံနှင့် ကိုစောဖေတို့ ကောင်းကင်ကို စောင့်နေကြသည်။

တစ်အိမ်လုံး…

တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်သည်။

ညဥ့်နက်တဲ့အချိန်တွင်…

ခြံထဲသို့ ကောင်းကင်ဆင်းလာတော့သည်။

"ကောင်းကင်… "

"ရှင်… "

"ညည်းကို… မောင်ဝဏ္ဏထင်က လက်ထပ်မယ်တဲ့… "

"ရှင်… "

"ဘာရှင်လဲ… ညည်း ရှိုးအချင်ယောင်ဆောင်မနေစမ်းပါနဲ့"

"မဟုတ်တာဘဲ… ကျွန်မလို အဆင့်လောက်ကို အလွယ်တကူလက်ထပ်မယ်ဆိုတာ မဖြစ်နိုင်တာဘဲ… "

"အိမ်တော်စိုးကြီးက ပြောတာပဲ… ကောင်းကင်… "

"ဟင်… "

အစ်ကိုရယ်…

ကျွန်မကို လက်ထပ်ဖို့ အိမ်တော်စိုးကြီးကို ဖွင့်ပြောလိုက်ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာဘဲ။

"ကောင်းကင်... "

"ဟင်... "

"ပစ္စည်းတွေ ဘယ်မှာထားသလဲ... ညည်းအပေါ် လုံးဝ... အမှုမပတ်စေရပါဘူး... ကိုဇော်ဖေတစ်ယောက်တည်း ခံမှာပါ... နောက်ဆုံး... ငါကိုယ်တိုင် အပြစ်တွေခံယူမယ်... "

သူမ...

ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ တွေဝေစွာဖြင့် ရပ်နေမိသည်။

မပြောဘူး။

ကျွန်မဘာဝဘဲ အနစ်မွန်းခံမယ်။

ရှင်တို့ လုပ်ချင်တာ လုပ်ပါ။

"ကောင်းကင်... "

"ကျွန်မ... ဘာမှမသိဘူး... ပစ္စည်းတွေထားတဲ့နေရာလည်း ကျွန်မ လုံးဝမသိဘူး... ဒေါ်ကျော့ကျော့စံ လုပ်ချင်တာ လုပ်ပါ... "

"ဘာအေ့... "

ဒေါ်ကျော့ကျော့စံ ဒေါသတကြီးနှင့် ကောင်းကင်ကို ကြည့်မိသည်။

"ညည်းက... ကျုပ်တို့နဲ့မပူးပေါင်းချင်တဲ့ သဘောလား... ကောင်းကင်... "

"ကျွန်မ... ဘာမှမလုပ်နိုင်ဘူး... "



"ညည်း... သူတော်ကောင်းလုပ်နေလို့...ညည်းတစ်ယောက်တည်း မောင်ဝဏ္ဏထင်နဲ့လက်ထပ်ပြီး စည်းစိမ်တွေအရယူမယ်ပေါ့လေ... "

"ကိုဝဏ္ဏထင်နဲ့လည်း ကျွန်မလက်မထပ်တော့ဘူး... ကျွန်မ ဒီကနေထွက်သွားတော့မယ်... အစ်ကိုကို ဒုက္ခမပေးချင်တော့လို့ပါ... သူများပစ္စည်းဥစ္စာတွေ ပျက်စီးအောင်... ကျွန်မ မလုပ်နိုင်တော့ဘူး... "

"ကျော့ကျော့စံ... "

"ရှင်... အသာနေစမ်းပါ... ဒီကောင်မ သိပ်လူပါးဝတယ်... ညည်း... ကျုပ်ကို အာခံလို့ရမယ်မထင်နဲ့... "

ကောင်းကင် ပေပြီးရပ်နေမိသည်။

"ညည်းက... သူတော်ကောင်း လုပ်တော့မယ်ပေါ့လေ... ဟုတ်လား... ကောင်းကင်ပြာ... ကျုပ်တို့ကိုပါ ဖေါ်ထုတ်မယ်ပေါ့... "

ဒေါ်ကျော့ကျော့စံရဲ့ မျက်ဝန်းတွေက မီးဝင်းဝင်းတောက်နေသည်။

ပါးစပ်ထဲရောက်ကာနီးမှ ထမင်းလုတ်ပုတ်ချခံလိုက်ရတာပဲ။

ကောင်းကင်ကြောင့်...

မောင်ဝဏ္ဏထင်ရဲ့ ပစ္စည်းတွေထားတဲ့နေရာ ညည်းသိကိုသိရမယ်။

"ညည်းကို... ထောင်ထဲပို့ပစ်မယ်... 'ကျုပ်အကြွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



အတွက်ရော… ကိုဘစံကိုသတ်တဲ့အမှုရော… ”

“ကျွန်မ… ဘယ်သူ့ကိုမှမသတ်ဘူး… ရှင်တို့ရဲ့အကြံအစည်တွေကို အားလုံးပြောပြီး ကျွန်မအပြစ်တွေကို ကျွန်မခံယူမယ်… ”

“ဘာ… ”

“ကျော့ကျော့စံ… မင်းဘာဖြစ်နေတာလဲ… ကောင်းကင်ကို မထိနဲ့… ”

“ဒီကောင်မကြောင့် ကျွန်မတို့ကောင်းကောင်းဒုက္ခရောက်တော့မယ်… ကျွန်မတို့ကိုတောင် ထောင်ထဲပို့မဲ့မိန်းမ… ”

ဒေါ်ကျော့ကျော့စံ ကောင်းကင်ကိုလွှတ်ထားလို့မဖြစ်တော့မှန်းသိလိုက်သည်။

ဘယ်လိုလုပ်ရမလဲ။

“ကျွန်မတို့ ငယ်ထိပ်မြွေပေါက်တာပဲကိုစောဖေ… ညည်းကို ကျုပ်တို့အလွတ်ပေးမယ်မထင်နဲ့… ညည်းလည်း ဒုက္ခကောင်းကောင်းရောက်စေရမယ်… ညည်းဘယ်မှာမှ ခိုနားစရာမရှိဘူးဆိုတာ… ညည်းနားလည်ရဲ့လား… ”

ကောင်းကင်အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

ရှင်တို့နဲ့ မပူးပေါင်းနိုင်တော့ဘူး။

ကျွန်မ ချေးထားတဲ့အကြွေးတွေအတွက် ရှင်ကြီးကြိုက်သလို အရေးယူပါ။

ကိုစောဖေဆိုတဲ့ လူကြီးတစ်ယောက်ရဲ့ကောက်



ကျစ်စွာ အပိုင်သိမ်းပိုက်ခြင်းလည်း ကျွန်မ လုံးဝမခံယူဘူး…။

အားလုံးကို ရင်ဆိုင်မယ်… ။

မနက်ဖြန်…

ကျွန်မ ဒီကနေ ထွက်ခွာသွားဖို့ပဲ ဆုံးဖြတ်ထားလိုက်မိသည်။

“ကျွန်မတို့… ဒီကနေ ညတွင်းချင်းပဲ ထွက်သွားကြမယ်… ကိုစောဖေ… ရှင်လည်းကောင်းကင်ကိုရစေရမယ်…ကျုပ်အကြောင်း… ညည်း… ကောင်းကောင်းသိစေရမယ်… ကောင်းကင်… ”

သူမ…

အားလုံးကိုကျောခိုင်းပြီး အိမ်ကြီးထဲသို့ ပြေးဝင်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ကောင်းကင်... "

"ဟင်... "

မီးက ဖျတ်ခနဲ တစ်အိမ်လုံးလင်းထိန်သွားတော့၏။

ကိုဝဏ္ဏထင် ရပ်နေ၏။

ပြီးတော့...

အိမ်တော်စိုးကြီး...

မငွေ...

"ဟင်... အစ်ကို မတ်တတ်ရပ်နိုင်နေပြီပဲ... ကျွန်မ ဝမ်းသာလိုက်တာ အစ်ကိုရယ်... "

"မင်း... မင်း ဒီအချိန်ကြီး မြဲထဲဆင်းတာ... ဘာအကြံအစည်ရှိနေလဲ... "

"ဟင်... "



ကျွန်မ အမှန်အတိုင်းဝန်ခံလိုက်ဖို့ ဆုံးဖြတ်ချက်လိုက်သည်။

စိတ်တွေကို စုစည်းလိုက်မိ၏။

အစ်ကို့ကို ကြည့်မိသည်။

ဒေါသရောင်တွေနှင့် ဝင်းဝင်းတောက်နေသော မျက်ဝန်းတွေနှင့် ရင်ဆိုင်မိ၏။

သူမ...

တုန်လှုပ်သွားမိသည်။

သတ္တိမရှိတော့ဘူး။

အစ်ကို မှန်းတီးနာကြည်းသွားမှာ အကြောက်ဆုံးဖြစ်သွားရသည်။

အမှန်တရားကို ရင်မဆိုင်ရဲတော့... ။

နှုတ်ခမ်းတွေက လှုပ်ရှားမရ။

"ကောင်းကင်... "

"ရှင်... "

"ညည်း... ဟို... မောင်စောဖေဆီ သွားတာလား... "

"မဟုတ်ပါဘူး... အန်တီစံနဲ့ စကားပြောရင်း ညဉ့်နက်သွားတာပါ... "

အိမ်တော်စိုးကြီးရဲ့ အမေးကို သူမဖြေလိုက်သည်။

အမှန်တရားကို ကောင်းကင်ပြောဖို့ တုန်လှုပ်နေမိ၏။

ကြောက်လာမိသည်။

ရင်မဆိုင်ရဲတော့...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ...

အစ်ကို... မုန်းမှာကြောက်တယ်... ။

အရမ်းကြောက်တာပဲ။

စိတ်တွေကို တည်ငြိမ်အောင် အတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။

"ကျွန်မ... ကျွန်မ... အန်တီစံက တွေ့ချင်တယ်ဆိုလို့... သွားတွေ့တာပါ... "

"သြော်... ဒေါ်ရွှေပြောနိုင်းထားတဲ့ကိစ္စပြောတာဖြစ်မယ်... ရုတ်တရက်ဆိုတော့ ကြောင်သွားတယ်... ဒေါ်ကျော့ကျော့စံကလည်း မနက်မှအိမ်ထဲမှာ ပြောလည်းရတာပဲ... "

ဒေါ်ကျော့ကျော့စံက အိမ်ထဲမှာမနေဘဲ အလုပ်သမားတန်းလျားမှာပဲနေမည်ဟု ပြောနေခဲ့သည်။

"မင်း... အိမ်ထဲကနေ ထွက်သွားတာ မောင်ဝဏ္ဏထင်က လသာဆောင်ကနေ တွေ့လိုက်တာ... "

သူမ...

သတိမထားမိ... ။

အစ်ကိုကလည်း လသာဆောင်မှာရှိနေတာပဲ။

"အစ်ကို... အရက်သောက်နေတာလားဟင်... "

"မဟုတ်ပါဘူး... အိပ်လို့မရလို့ ထွက်ကြည့်နေတာပါ... "

"ကျွန်မလည်း အိပ်လို့မရဘူး... ဒေါ်ဒေါ်စံနဲ့ စကားပြောချင်လို့ထွက်လာတာပါ... "

"ကောင်းကင်... "

"ရှင်... "



"အစ်ကို့အခန်းထဲကို... ကောင်းကင်လာခဲ့နော်... အစ်ကို ပြောစရာရှိတယ်... "

"ဟုတ်ကဲ့... "

အစ်ကို အပေါ်တက်သွားသည်။

သူမ...

နောက်မှ လိုက်တက်လာခဲ့မိသည်။

အစ်ကို့ကို ကျွန်မဘယ်လိုပြောရမလဲ...

အခုအခြေအနေက...

အမှန်တရားတွေကို ရင်ဆိုင်ရမည့် အခြေအနေတစ်ခုဖြစ်နေသည်။

ကျွန်မ ရင်မဆိုင်ရဲ။

အစ်ကို့အမုန်းတွေကို ကျွန်မလုံးဝ ရင်မဆိုင်ရဲဘဲဖြစ်နေသည်။

ဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးမှမပြောဖြစ်တော့ဘဲ...

"ကောင်းကင်... "

"ရှင်... "

"အစ်ကိုညက... အိပ်လို့မရဘူး... အစ်ကိုရင်ထဲမှာ ကောင်းကင်ကိုပြောမဲ့ စကားတွေအများကြီးရှိနေတယ်... "

အစ်ကို့ကို မကြည့်ရဲ... ။

"လသာဆောင်မှာ အစ်ကိုထွက်ရပ်နေတုန်း ကောင်းကင်ခြံထဲဆင်းသွားတော့... အစ်ကိုအရမ်းစိတ်ပူသွားရတယ်... ဒေါ်ကျော့ကျော့စံကို အစ်ကိုက လုံးဝယုံကြည်တာမဟုတ်ဘူး... "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ…

ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ အစ်ကိုရှေ့မှာ ဝေ့ပ မယှက်ရပ်နေမိသည်။

ရင်ထဲမှာ တုန်လှုပ်ချောက်ချားနေ၏။

အစ်ကို့ကို အမှန်တွေ ဖွင့်ပြောပြီး ဝန်ခံလိုက်ရင် ကောင်းမလား။

ဒေါ်ကျော့ကျော့စံရော ကိုစောဖေရောက အစ်ကို့ ကို ဒုက္ခပေးဖို့ရောက်နေတဲ့လူတွေ…

နှုတ်ခမ်းတွေက လှုပ်ရှားလို့မရ…

အစ်ကို အော်ဟစ် မောင်းထုတ်ပစ်လိုက်မှာကို အကြောက်ကြီး ကြောက်နေမိသည်။

"ကောင်းကင်… အစ်ကို့ကို အမှန်အတိုင်းပြောစမ်းပါ… အစ်ကို့အနားကို ချဉ်းကပ်လာတာ… အစ်ကို့ကိုဒုက္ခပေးဖို့ မဟုတ်ဘူးမဟုတ်လား… "

"ဟင့်အင်း… "

ကျွန်မ…

အမှန်တွေကို ရင်မဆိုင်ရဲဘူး။

သတ္တိမရှိတာပါ။

"ကျွန်မလေ… အစ်ကို့ကို စိတ်ချမ်းသာစေချင်တာပါ… အစ်ကို့ကို အင်အားတွေပြည့်ပြီး… အလုပ်တွေကို ထက် ထက်မြက်မြက်ပြန်လုပ်စေချင်တာပါ… "

"ကောင်းကင်ရယ်… အစ်ကိုစိတ်က… မိန်းမတွေကို မယုံ ဘူး… အထင်သေးစိတ်တွေရှိနေတယ်… ဒါပေမဲ့… ကောင်း



ကင်ကိုတော့… အစ်ကိုယုံပါတယ်… "

သူမ…

တောင့်တောင့်လေး ရပ်နေမိသည်။

"ကောင်းကင်… "

"ရှင်… "

"အစ်ကို… ကောင်းကင်ကိုချစ်တယ်… လက်ထပ်မယ်… ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်စုလေးတစ်ခု တည်ဆောက် မယ်… အစ်ကို့အနားမှာ ကောင်းကင်… ထာဝရနေမယ်… မဟုတ်လားဟင်… "

"ရှင်… "

"ကောင်းကင်ကို… အစ်ကိုချစ်တယ်… "

"ဟင်… "

အစ်ကိုက ကျွန်မကိုယ်လုံးလေးကို ဆတ်ခနဲပွေ့ယူ ပွေ့ဖက်ထားမိသည်။

"ကောင်းကင်ကို အရမ်းချစ်တယ်… အရမ်းချစ်တယ်… အစ်ကို့အနားမှာ ကောင်းကင်ထာဝရနေပါ… "

အစ်ကို့ ရင်ခွင်ထဲမှာ ကျွန်မကိုယ်လုံးလေး တင်း ကျပ်စွာ နစ်မြုပ်နေသည်။

အသက်ရှူလို့ပင် မဝတော့…

ကျွန်မ ရုန်းဖယ်ပစ်လိုက်ဖို့ပင် မေ့လျော့နေမိသည်။

ငိုချင်နေမိ၏။

ဝမ်းနည်းကြေကွဲမှုတွေက လိုက်တက်လာသည်။

အစ်ကို…

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မချစ်ပါနဲ့။

အစ်ကို့အနားကို ကျွန်မကောက်ကျစ်ယုတ်မာတဲ့ စိတ်တွေနဲ့ရောက်လာတာပါ။

ဒေါ်ကျော့ကျော့စံနဲ့ ကိုစောဖေတို့အကြောင်းကို ကျွန်မ ဖွင့်ပြောသင့်သည်။

ဟင့်အင်း...

ကျွန်မ ရင်မဆိုင်ရဲဘူး။

အစ်ကိုမုန်းသွားမှာကို ကျွန်မအရမ်းကြောက်တယ် အစ်ကိုရယ်...

"ကောင်းကင်... "

ကျွန်မ မျက်နှာလေးမော့သွားသည်။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လျှံကျလာ၏။

"ကောင်းကင်... ဘာလို့ငိုတာလဲ... ဘာမှဝမ်းနည်းကြေကွဲစရာတွေမရှိတော့ပါဘူး... ကောင်းကင်ကို စိတ်ချမ်းသာအောင်ထားမှာပါ... "

အစ်ကို့ ရင်ခွင်ထဲကနေ သူမရုန်းထွက်လိုက်မိသည်။

မဖြစ်နိုင်ပါဘူး။

အေးချမ်းပျော်ရွှင်ဖွယ်ကောင်းတဲ့ အိမ်ထောင်တစ်ခုကို အစ်ကိုနဲ့ကျွန်မတည်ဆောက်ဖို့ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူးအစ်ကို... ။

အစ်ကို့အနားကနေ သူမချာခနဲလှည့်ထွက်ပြေးလာခဲ့မိသည်။



အိပ်ခန်းထဲ ဝင်လာခဲ့မိ၏။

"အဟင့်... အဟင့်... အဟင့်... "

"အဟင့်... "

ကြေကွဲစွာဖြင့် ငိုပစ်လိုက်မိသည်။

"ကောင်းကင်... "

"ဟင်... "

သူမ အိပ်ခန်းထဲထိ အစ်ကိုလိုက်လာ၍ တုန်လှုပ်ချောက်ချားသွားရသည်။

"ဘာလို့ ငိုနေတာလဲ ကောင်းကင်... ဘာလို့ စိတ်ထိခိုက်ရတာလဲ... အစ်ကို့ကို မယုံလို့လား... "

ကျွန်မ ဘာပြောရမလဲ။

ငြင်းဆန်ရမလား။

အမှန်တွေကို ဝန်ခံရမလား...

"ကောင်းကင်... "

"ရှင်... "

"အစ်ကို့ကို မငြင်းပါနဲ့နော်... မနက်ဖြန် အိမ်တော်စိုးကြီးကို ဖွင့်ပြောပြီး အစ်ကိုတို့လက်ထပ်ဖို့ စီစဉ်မယ်... "

"အစ်ကို... "

"ဟင်... "

"ကျွန်မ... "

"မင်း... ငြင်းမလို့လား... အစ်ကိုကတော့ လက်မခံဘူး... ကောင်းကင်ကို လက်ထပ်မယ်... အစ်ကို နောက်မဆုတ်တော့ဘူး... အစ်ကို့အနားမှာ ကောင်းကင်လိုအပ်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



သူ…

ကောင်းကင် ငြင်းလိုက်မှာ အကြောက်ဆုံးဖြစ်နေသည်။

"အစ်ကို့အနားမှာ ကောင်းကင်ရှိမနေလို့မဖြစ်ဘူး… အစ်ကို့အနားကနေ ကောင်းကင်ဘယ်မှမသွားပါနဲ့… "

ကျွန်မဟာ ကောက်ကျစ်ယုတ်မာတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ အစ်ကိုသိသွားရင်ရော…

"ကောင်းကင်… အနားယူတော့နော်… မနက်ကျရင် အစ်ကိုတို့လက်ထပ်ဖို့ကိစ္စ စီစဉ်မယ်… "

အစ်ကို ထွက်သွားသည်။

မဖြစ်နိုင်ဘူး။

ကျွန်မ ဘာလို့ငြင်းဆန်ဖို့ အင်အားတွေမဲ့နေရတာလဲ။

အစ်ကို့အနားကနေ ကျွန်မထွက်သွားတာ အကောင်းဆုံးပဲ။

အိပ်၍မရ… ။

မျက်လုံးတွေ ကြောင်နေသည်။

မနက်မိုးလင်းလျှင်…

အစ်ကိုက အိမ်တော်စိုးကြီးကို ဖွင့်ပြောပြီးလက်ထပ်ဖို့ကိစ္စ စီစဉ်တော့မည်ဖြစ်သည်။

မဖြစ်နိုင်တာဘဲ…

ဒေါ်ကျော့ကျော့စံက အကျယ်ကိုင်တော့မည်။

ကိုစောဖေကလည်း အစ်ကိုနှင့်ကျွန်မလက်ထပ်မှု



ကို လက်ခံမှာမဟုတ်။

"မင်းကို… ငါလက်ထပ်မယ်… ကောင်းကင်…ငါကလွဲပြီး မင်းဘယ်သူ့ကိုမှ လက်မထပ်ရဘူး… "

ကိုစောဖေရဲ့စကားတွေကို ကြားယောင်လာ၍ တုန်လှုပ်ချောက်ချားနေမိသည်။

ဆောက်တည်ရာမရတော့… ။

အစ်ကိုနှင့် ကျွန်မကြားမှာ အနှောင့်အယှက်အဟန့်အတားတွေက တစ်ပုံကြီးပဲ…

မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။

"ကောင်းကင်… "

"ကောင်းကင်… "

သူမနာမည်ကို ခေါ်နေသံကြား၍ သူမထလိုက်မိသည်။ မျက်လုံးတွေက ဖွင့်မရ။

"ကောင်းကင်… "

"ကောင်းကင်… "

"ဟင်… "

သူမ ထလိုက်သည်။

ဒေါ်ကျော့ကျော့စံ…

"အစောကြီး ကျွန်မအခန်းထဲ ဘာဝင်လုပ်တာလဲ… ဒေါ်ကျော့ကျော့စံ… "

"နေမြင့်နေပြီ… ညက ဘယ်အချိန်မှအိပ်လဲကောင်းကင်… မနက်အစောကြီးဘဲ အိမ်တော်စိုးကြီးက ညည်းနဲ့မောင်ဝဏ္ဏ

www.burmeseclassic.com

www.burmeseclassic.com



ထင်လက်ထပ်မဲ့အကြောင်းလာပြောတယ်… ”

“ရှင်… ”

“ညည်း… ဘာမသိချင်ယောင်ဆောင်နေရတာလဲကောင်းကင်… မောင်ဝဏ္ဏထင်နဲ့လက်ထပ်ဖို့ကိစ္စတောင် စီစဉ်နေပြီပဲ… ကျုပ်တို့ကိစ္စ… ”

လောဘရမက်ကြီးလှန်းသော ဒေါ်ကျော့ကျော့စံကို ကြည့်မိသည်။

အစ်ကို့ကို ဒုက္ခပေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ကြောင်း ကျွန်မဆုံးဖြတ်ထားမိ၏။

“ဘယ်လိုလဲ…ကောင်းကင်… ကျုပ်တို့ဆက်ပြီး သည်းမခံနိုင်တော့ဘူးနော်… ညည်းပြောလေ… ပစ္စည်းတွေဘယ်မှာထားသလဲ… ”

“ကျွန်မမှ မသိတာ… ”

သိရင်လည်း ကျွန်မလုံးဝမပြောနိုင်ပါဘူး ဒေါ်ကျော့ကျော့စံ… ။

အစ်ကို့ကို ဒုက္ခမပေးတော့ဘူး။

“ညည်း… လိမ်တာ ညည်းကကျုပ်တို့ကို… သစ္စာမဲ့ပြီး တစ်ယောက်တည်း ကောင်းစားဖို့လုပ်မှာမဟုတ်လား… ”

“ကျွန်မ… အစ်ကို့ကိုလက်မထပ်ပါဘူး… ဒီကနေ ထွက်သွားမှာပါ… ဒေါ်ကျော့ကျော့စံတို့ကိစ္စလည်း ကျွန်မလုံးဝလုပ်မပေးနိုင်ပါဘူး… ”

“ဘာ… ”



ကောင်းကင်ရဲ့ စကားကြောင့် ဒေါ်ကျော့ကျော့စံ ဒေါသထွက်သွားရသည်။

“ညည်း… တော်တော်လှုပ်ါးဝတာပဲ ကောင်းကင်… ကျုပ်အကြွေးတွေကို ညည်းဘယ်လိုဆပ်မလဲ… ညည်းက သူဌေးကိုလက်ထပ်ပြီး ကျုပ်အကြွေးပြန်ဆပ်မဲ့သဘောလား… ”

“ကျွန်မ… ဒီကနေ ထွက်သွားမှာပါ… အကြွေးကိစ္စဘော့ ဒေါ်ကျော့ကျော့စံ ဆန္ဒအတိုင်းသာလုပ်ပါတော့… ”

“ညည်း… ညည်း… ”

ဒေါ်ကျော့ကျော့စံ မခံမရပ်နိုင်အောင်ပင် ဒေါသတွေဖြစ်သွားရသည်။

ဒီလောက်ခွင်ကောင်းကြီးမိပြီးမှ လက်လျှော့လိုက်ရတော့မလို ဖြစ်နေသည်။

ကိုစောဖေကလည်း ကောင်းကင်နှင့်ဝဏ္ဏထင်တို့လက်မထပ်ရင် သဘောကျမှာပဲ

“ညည်းက… ကျုပ်ကိစ္စတွေကို လုပ်ပေးဖို့ငြင်းဆန်ရင်တော့ ကျုပ်ကလည်း… ညည်းကိုထောင်ထဲပို့ရမှာပဲ… ”

ဒေါ်ကျော့ကျော့စံ ဒေါသတကြီးပြောပြီး ထွက်သွားသည်။

မစားရတဲ့အမဲ သဲနဲ့ပက်ရမယ်။

ကောင်းကင်…

ညည်းလှုပ်ါးဝတာပဲ… ။

အခုတစ်လော…

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးကျပ်တည်းပြီး ဒေါ်ကျော့ကျော့စံ ဒုက္ခရောက်နေသည်။

လုပ်ကိုင်သမျှ မအောင်မြင်တဲ့ အရှုံးတွေနှင့် ရင်ဆိုင်နေရ၏။

ဒုက္ခအခက်အခဲတွေပဲ တွေ့နေရ၍ ဒေါသတွေ ပေါက်ကွဲနေရသည်။

ကောင်းကင်ကို မကျေမနပ်ဖြစ်ရသည်။

ဒေါသတွေ ပေါက်ကွဲရ၏။

ကျုပ် အလုပ်တွေကို လက်မခံချင်တဲ့ကောင်းကင် ညည်းလည်း ဒုက္ခကောင်းကောင်းရောက်စေရမယ်။

"ကိုစောဖေ... "

"ဟင်... "

"ကောင်းကင်နဲ့ဝဏ္ဏထင်တို့က... လက်ထပ်တော့မှာ... ရှင် နောက်ကောက်ကျန်ခဲ့ပြီ... ကောင်းကင်က... ကျုပ်တို့ကိစ္စ ကိုလည်း လုပ်မပေးနိုင်ဘူးတဲ့... ဒီကောင်မက တစ်ကိုယ် ကောင်းဆန်ပြီး သူ့ဌေးမကြီးလုပ်တော့မယ်... "

"ဘာ... "

စောဖေ လုံးဝလက်မခံနိုင်လောက်အောင် ဒေါသတွေဖြစ်ရသည်။

ကောင်းကင်ကို သူဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး... ။

ဝဏ္ဏထင်ကလည်း ကောင်းကင်ကိုချစ်မနေရဘူး



"ကျုပ်တို့... ဒီကနေ ထွက်သွားမယ်ကျော့ကျော့စံ... ကောင်းကင်က... ကျုပ်တို့ကိုဒုက္ခပေးတော့မယ်... ဒီက ထွက်သွားပြီးမှ ဝဏ္ဏထင်ဆီကို ကျုပ်ဖုန်းဆက်ပြီး ကောင်း ကင်ကို ဝဏ္ဏထင်ချစ်မနေစေရဘူး... မုန်းတီးစေရမယ်... ကျုပ် ကောင်းကင်ကို... တစ်နည်းနည်းနဲ့ သိမ်းပိုက်မယ်... "

"ကျွန်မက... ဒီလောက်ထောမဲ့ ခွင်ကြီးကိုလက်လွှတ်လိုက် ရတော့မှာလား... "

"ကျုပ်တို့... လစ်ထွက်သွားမှဖြစ်မယ်ကျော့ကျော့စံ... မဖြစ် နိုင်တော့မဲ့အတူတူ စွန့်လွှတ်လိုက်တာပဲ ကောင်းတယ်... "

"တောက်... "

ကျော့ကျော့ မကျေမနပ်နှင့် တောက်ကိုပြင်းထန်စွာ ခေါက်မိသည်။

ကိုစောဖေနှင့်အတူ ဒီခြံကြီးထဲကနေ လစ်ထွက်သွားဖို့ ပြင်ရ၏။

ကောင်းကင်...

ညည်း... သိမယ်။

ကျော့ကျော့စံအကြောင်း ညည်းကောင်းကောင်း သိရမယ်။ ဒေါသတကြီး ကြိမ်းဝါးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ကောင်းကင်ဟာ... ခင်ဖျားထင်သလို ရိုးသားဖြူစင်တဲ့... မိန်းကလေးတစ်ယောက်မဟုတ်ဘူး ကိုဝဏ္ဏထင်... ခင်ဖျား ပစ္စည်းတွေကို ဖောက်ထွင်းခိုးယူဖို့အတွက်... ခင်ဖျားအနား မှာ ကပ်နေတာပါ... "

"မဖြစ်နိုင်ဘူး... ကိုစောဖေ... ကျုပ်မယုံဘူး... ကောင်းကင် ဟာ အရမ်းရိုးသားတဲ့ မိန်းကလေး... "

"တကယ်ပါ... အခုဆိုရင် သူ့စိတ်ကို သူသိလို့ ရှောင်ထွက် သွားပြီလေ... ခင်ဖျား ပစ္စည်းတွေထားတဲ့နေရာပြောလိုက် တယ်မဟုတ်လား... မကြာခင် ဖောက်ထွင်းဝိဇ္ဇာတွေကို လက်ထောက်ချပြီး ခင်ဖျားအိမ်ကိုဖောက်ထွင်းလိမ့်မယ်... "

"ဗျာ... "

စောဖေ ဖုန်းချလိုက်သည်။

ဝဏ္ဏထင်...



မင်း ကောင်းကင်ကို လုံးဝမချစ်ရဘူး။

မုန်းတီးနာကြည်းနေစေရမယ်။

ငါ ကောင်းကင်ကို ချစ်တယ်...

လက်ထပ်ယူမယ်။

ငါတစ်ယောက်တည်းပဲ ကောင်းကင်ကို ပိုင်ဆိုင်စေ ရမယ်။

ကောင်းကင်ကို စတွေ့တည်းက စောဖေချစ်ခင် မြတ်နိုးသွားရသည်။

စောဖေနောကျနေပြီ။

ချစ်ရတဲ့ ကောင်းကင်ကို ဘယ်လိုနည်းနဲ့မဆို ရ အောင် လက်ထပ်မယ်... ။

ကောင်းကင် ဘယ်မှာရှိလည်းဆိုတာ စောဖေသိပြီး သားဖြစ်သည်။

ကျော့ကျော့စံဆီမှာ ရှိနေ၏။

အကြွေးကိစ္စအတွက် ကျော့ကျော့စံက ကောင်းကင် ကို အလွတ်မပေးပေ။

စောဖေ...

ကျော့ကျော့စံဆီရောက်လာသည်။

ထင်တဲ့အတိုင်းပင် ကောင်းကင်ကိုတွေ့လိုက်ရ၏။

"ကျွန်မက... ဒီဟာမကို ထောင်ထဲထည့်မလို့... "

"ထည့်စရာမလိုတော့ဘူး... ကျော့ကျော့စံ... မင်းအကြွေး ကို ငါဆပ်မယ်... "

ကျော့ကျော့စံရဲ့ အကြွေးကိုငါဆပ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျော့ကျော့စံရဲ့အကြွေးကို သူက အပုံလိုက်ပြန်ဆပ်ပေးလိုက်သည်။

"ကောင်းတယ်… ကိုစောဖေ… ကျွန်မအကြွေးကျေပြီ… ဒီကောင်မလေးကိုတော့ရှင့်လက်ထဲပဲအပ်လိုက်တော့မယ်…"

ကျော့ကျော့စံက ရင်ကော့ပြီးလှည့်ထွက်သွားတော့သည်။

ကောင်းကင် ထိုင်နေ၏။

"ကောင်းကင်… "

ကိုစောဖေရဲ့အသံကြောင့် ကောင်းကင်အသိဝင်လာပြီး ဆတ်ခနဲကြည့်လိုက်မိသည်။

ရှမ္မက်တွေဝေနေတဲ့ မျက်လုံးတွေနှင့် ရင်ဆိုင်လိုက်ရ၏။

ကြောက်လိုက်တာ…

ကျွန်မမှာ ပြေးစရာမြေမရှိတော့ပါဘူး။

သူများအကြွေးတွေကိုယူပြီးတော့ ကျွန်မတစ်နည်းနည်းနှင့် ပေးဆပ်ရတော့မည်ဖြစ်ကြောင်း သိလိုက်သည်။

"ကောင်းကင်… မင်းကို ငါအရမ်းချစ်တယ်… မင်းကို… ငါလက်ထပ်မယ်… "

သူမကိုယ်လုံးလေးကိုဖက်ရန် ကြိုးစားလိုက်သဖြင့် သူမဆတ်ခနဲနောက်သို့ တွန့်ဆုတ်သွားမိသည်။

ရှင့်ကိုမချစ်ဘူး။

မုန်းတယ်…

ရွံတယ်… ။



ဖောက်ထွင်းဝိဇ္ဇာကြီး တစ်ယောက်ကိုကျွန်မလက်ထပ်ရမလား။

"ကျွန်မ… ရှင့်အကြွေးတွေကို တစ်လအတွင်းပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်… ကျွန်မ ရှင်နဲ့လက်မထပ်နိုင်ဘူး"

"မရဘူး… ငါဘယ်လို ဆင်ခြေမျိုးကိုမှ လက်မခံဘူး…မင်းကို လုံးဝလက်လွှတ်မခံနိုင်တော့လို့ပါ ကောင်းကင်… "

စောဖေ လက်လွှတ်မခံနိုင်ဘော့။

ကောင်းကင်ပြာကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံတော့ပဲ ရအောင်ယူမည်ဖြစ်၍သည်။

အခန်းထဲမှာ ဘယ်သူမှမရှိဘူး။

စောဖေနဲ့ ကောင်းကင်ပြာပဲရှိနေတယ်။

ကျော့ကျော့စံက သူ့ငွေရသည်နှင့် တစ်ချိုးတည်းလစ်ထွက်သွားပြီဖြစ်သည်။

"ကိုစောဖေက ဝတ္တုထဲကလို ချမ်းချမ်းသာသာမထားနိုင်ပေမဲ့… ကောင်းကင်ကိုစိတ်ချမ်းသာအောင်တော့ထားမှာပါ…"

"ရှင်… ရှင်… ကျွန်မအသားကို မထိနဲ့နော်… ကျွန်မ ရှင်နဲ့ လုံးဝလက်မထပ်နိုင်ဘူး… မဖြစ်နိုင်ဘူး… ကျွန်မ ရှင့်ကို မချစ်ဘူး… "

"မင်း… ချစ်စရာမှမလိုဘဲ ကောင်းကင်… ငါကတော့ မင်းကိုချစ်တယ်… မြတ်နိုးတယ်… နှစ်သက်တယ်… "

စောဖေ ရှေ့တိုးလိုက်သည်။

လောကကြီးထဲမှာ တရားမျှတတာတွေ မမျှတတာတွေ ငါမသိဘူးကောင်းကင်… ။

www.burmeseclassic.com

www.burmeseclassic.com



မင်းကို… ငါချစ်တယ်။

ရယူဖို့ ပိုင်ဆိုင်ချင်တယ်။

“မင်း… ငါ့ကို ငြင်းဆန်ဖို့ မကြိုးစားပါနဲ့နော်… မင်းအကြေးတွေ ငါဆပ်ပေးထားရတယ်… ”

“ကျွန်မ… ရှင့်ကိုမှမဆပ်နိုင်းတာပဲ… ကျွန်မထောင်ထဲပဲ ဝင်မယ်… ရှင့်ကို လုံးဝလက်မထပ်နိုင်ဘူး… ကျွန်မသွားတော့မယ်… ရှင်တို့ သက်ဆိုင်ရာကို တိုင်လိုက်ပါ… ”

“ဘာ… ရမလား… မင်းကို ငါအလွတ်ပေးတော့မှာမဟုတ်ဘူး… ”

“ရှင်… ရှင်… ”

ကိုစောဖေက သူမအား အတင်းအကျပ်စော်ကားတော့မည်ဖြစ်ကြောင်း သိလိုက်သည်။

လွတ်မြောက်အောင် ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်၏။

ဘယ်လိုပြေးရမလဲ။

လွတ်မြောက်ရာလမ်းမရှိတော့…

ကြောက်လန့်တကြားနှင့် နံရံကိုကပ်သွားတဲ့အထိ နောက်ကိုပဲ ဆုတ်နေမိသည်။

“ဟား… ဟား… ဟား… စောဖေလက်က… မင်းမလွတ်နိုင်တော့ပါဘူးကောင်းကင်… လက်ထပ်ဖို့ကိစ္စ အသာတကြည်လက်ခံလိုက်ပါ… ”

“ဟင့်အင်း… ကျွန်မရှင့်ကို လက်မထပ်ဘူး… ရှင့်အကြွေးတွေကို ကျွန်မပေးမှာပါ… ”

ရှင့်လက်ထဲမှာ ကျွန်မဘဝကို အနစ်မွှန်းမခံနိုင်ဘူး။



ကျွန်မ…

ဘယ်လိုလုပ်ရမလဲ။

ကယ်ကြပါဦး…

အစ်ကိုကို သတိရမိပေမဲ့ ကျွန်မကို မုန်းတီးရှာနေမှာပါဟု တွေးမိပြီး တမ်းတမနေချင်တော့ပေ။

ကြောက်လန့်တကြားနှင့် နောက်သို့ ဆုတ်ရင်း ကျောနှင့် နံရံကပ်သွားသည်။

အခန်းတံခါးက ပိတ်ထား၏။

မလွတ်နိုင်တော့…

သူမ တစ်ကိုယ်လုံးစိုးရိမ်ထိတ်လန့်စွာဖြင့် ချွေးတွေပင် ပြန်လာရသည်။

“ကောင်းကင်… ကိုယ့်အချစ်တွေကို အေးအေးဆေးဆေး ခံယူပါကွာ… ဝတ္ထုထင်ကိုတော့ မင်းမျှော်လင့်မနေနဲ့တော့ အခုလောက်ဆိုရင် မင်းကိုအရမ်းမုန်းနေပြီ… ”

သူမတွင် ခုခံတွန်းကန်နိုင်တဲ့ အင်အားတွေကင်းမဲ့သွားရပြီဖြစ်သည်။

လူယုတ်မာတစ်ယောက်ရဲ့ လက်ထဲသို့ နာကျင်စွာ သက်ဆင်းရတော့မည်။

မျက်ရည်စက်တွေက သူမပါးပြင်ပေါ် လိမ့်ဆင်းကျလာသည်။

ပြုံးဖြီးနေတဲ့ ကိုစောဖေမျက်နှာကြီးက သူမနှင့် အနီးကပ်ဆုံးရောက်လာ၏။

“ဒေါက်… ဒေါက်… ”

www.burmeseclassic.com

www.burmeseclassic.com



“စောဖေ... စောဖေ... တံခါးဖွင့်စမ်း... မင်းကိုဝိုင်းထားပြီး
ပြီ... ”
“ဟင်... ”
“တံခါးဖွင့်လေ... တံခါးဖွင့်... ”
“[illegible] ဝုန်း... ”
[illegible] အပြင်မှအတင်းဖွင့်ပြီး အထဲဝင်လာကြတော့သည်။
ရဲတွေ...
“မင်း... တော်တော်အကျင့်မကောင်းတဲ့ကောင်ပဲ... ကြည့်စမ်း ကောင်မလေးကို ... မင်း... ”
“ဒါ... ဒါ... ကျွန်တော့် ချစ်သူပါ... ခင်ဗျားတို့ ကျွန်တော်ကို ဘာအမှုနဲ့လာဖမ်းတာလဲ... ”
“မင်းကို... ဖောက်ထွင်းမှုတွေ သုံးခုလောက်နဲ့ ဖမ်းတာလေ... မင်း ဒီတစ်သက် လွတ်ဖို့မစဉ်းစားနဲ့တော့... ဒေါ်ကျော့ကျော့စံနဲ့ပေါင်းပြီး လူသတ်မှုလည်းကျူးလွန်ထားတယ်... အခု ဒေါ်ကျော့ကျော့စံကိုမိထားပြီ... မင်း ... အကြောင်းတွေအားလုံး ဒေါ်ကျော့ကျော့စံက ပြောပြတာ”
“ဟင်... ”
ကိုစောဖေတို့ သက်ဆိုင်ရာတွေက လက်ထိပ်ခတ်ပြီး ဖမ်းလိုက်ကြသည်။
“မင်းက... ကောင်းကင်ပြာလား... ”
“ဟုတ်... ”
“ဟို... ကားပေါ်မှာ မင်းကိုလူတစ်ယောက်စောင့်နေတယ်”
“ရှင်... ”



သူမ ကြည့်လိုက်တော့ ကားကိုမှီပြီးရပ်နေသော အစ်ကိုနို့ကို တွေ့ရသည်။
အိမ်တော်စိုးကြီးကိုလည်း တွေ့ရ၏။
“အစ်ကို... ”
“ကောင်းကင်... ”
“ကောင်းကင်... ”
“ဒေါ်ကျော့ကျော့စံက စိတ်ကောင်းဝင်ပြီး... အစ်ကိုဆီဖုန်းဆက်ပြီး အကျိုးအကြောင်းတွေ ရှင်းပြတယ်လေ ကောင်းကင်... ”
“အစ်ကိုရယ်... ”
“ကောင်းကင် ဘာလို့ထွက်သွားရတာလဲ... ဒီလူတွေ မရိုးသားဘူးဆိုတာ အစ်ကိုစဉ်းစားမိပါတယ်... ”
အိမ်တော်စိုးကြီးကလည်း မိမိသက်ဘ၍စုံစမ်းထောက်လှမ်းကြည့်တော့ ကောင်းကင်ရိုးသားတာ သိရသည်တဲ့... ။
သူမ...
အရမ်းပျော်သွားမိသည်။
လူယုတ်မာလက်ထဲက လွတ်မြောက်လာတာပင် အိပ်မက်ဆိုးကြီးတစ်ခုမှ နိုးထလွတ်မြောက်လာရခြင်းမဟုတ်လား။
“ကောင်းကင်... ”
“အစ်ကို... ”
“ရိုးသားဖြူစင်တဲ့အစ်ကို့... ကောင်းကင်လေး ကံကောင်းလို့ ဒုက္ခရောက်တော့မလို့ပါလား... ”
“အစ်ကိုရယ်... ”

www.burmeseclassic.com

www.burmeseclassic.com



သူမ...

အစ်ကို့ ရင်ခွင်ထဲ ပြေးဝင်၍ ခိုဝင် ဖက်တွယ်ထား လိုက်မိသည်။

တုန်လှုပ်ချောက်ချားနေတဲ့ စိတ်တွေ တည်ငြိမ် အောင် အတော်လေးကြိုးစားနေရ၏။

အစ်ကို့လက်တွေကလည်း သူမ ကိုယ်လုံးလေးကို ထင်းကျုပ်စွာ ဖက်တွယ်ထား၍ သူမစိတ်တွေ လုံခြုံအေးချမ်းသွား ရတော့သည်။

အားလုံးကို ချစ်ခင်လေးစားစွာနဲ့
တစ်ဝရသာယာမှာ တွေ့ဆုံကြောင်းကြပါစေလို့

နီကိုဇူးဇင်

www.burmeseclassic.com